# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တပေါင်းလပြည့်ကျော် (၁၀) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (3-4-2024) ၊ အတွဲ (၃၂) ၊ အမှတ် (၃၃၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိ သည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

# ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဗထူးတပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်းသားများနှင့် ဗိုလ်လောင်းများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် ဗထူး တပ်နယ်ရှိ ခြေလျင်တပ်စုမှူးသင်တန်း သားများနှင့် ဗိုလ်လောင်းများကို တပ်မတော်(ကြည်း) တိုက်ခိုက်ရေး ကျောင်း(ဗထူး)ရှိ အောင်ဆန်းခန်းမတွင် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ် တိုင်းမှူး၊ နည်းပြအရာရှိများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမှာ စကားပြောကြားရာတွင် တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင်

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၄ ခုနှစ် မေ ၃ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်လူရွယ်များနှင့် နိုင်ငံတော်လုံခြုံရေး ကာကွယ်ရေးတာဝန်

မြန်မာနိုင်ငံတွင် ၁၉၅၉ ခုနှစ်ကတည်းက ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ယခင်ရှိပြီးသားဖြစ်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ဥပဒေ အမှတ်၊ ၂၇/၂၀၁၀ ဖြင့် ပြင်ဆင်ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ပြဋ္ဌာန်းလိုက်သည့် ပြည်သူ့စစ်မှုထမ်းဥပဒေသည် အာဏာတည်သည့်နေ့သတ်မှတ်ခဲ့ခြင်းမရှိပေ။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်ပြီး အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ(ခ) အရ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂၇/ ၂၀၂၄ ဖြင့် သတ်မှတ်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေတွင် စစ်မှုထမ်းရမည့် အသက်အရွယ်ရောက်သူ အမျိုးသားဖြစ်ပါက အသက် ၁၈ နှစ်ပြည့်ပြီးမှ အသက် ၃၅ နှစ်မပြည့်သေးသည့် နိုင်ငံသားတိုင်း၊ ကျွမ်းကျင်သူအမျိုးသားဖြစ်ပါက အသက် ၁၈ နှစ်ပြည့်ပြီးမှ အသက် ၄၅ နှစ်မပြည့်သေးသည့် နိုင်ငံသားများဖြစ်သည်။ ကျွမ်းကျင်သူဟုဆိုရာတွင် ဆရာဝန်၊ အင်ဂျင်နီယာ၊ စက်မှုလက်မှုပညာ တတ်မြောက်သူ သို့မဟုတ် အခြားအတတ်ပညာတစ်ရပ်ရပ်နှင့် အသက်မွေးဝမ်းကျောင်းပြုနေသူများဖြစ်ပါသည်။ စစ်မှုထမ်းရမည့်အရွယ်ရောက်ရှိသည့်နိုင်ငံသားတိုင်းကို ၂၄ လ ထက်မပိုသည့် ကာလအပိုင်းအခြားအတွက် ဆင့်ခေါ်နိုင်ပြီး တပ်မတော်စက်မှုလက်မှုပညာသည်များအဖြစ် အမှုထမ်းရန် ဆင့်ခေါ်ခံရသူ(ကျွမ်းကျင်သူ)များကို ၃၆ လထက်မပိုသော ကာလအပိုင်းအခြားထိ ဆင့်ခေါ်နိုင်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်သည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ ဖုန်းနံပါတ်များနှင့်တကွ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ထားပါသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ကြမည့်လူငယ်များသည် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြသည့် နိုင်ငံ့သားကောင်းများအဖြစ် လူမှုပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်မည်ဖြစ်သကဲ့သို့ စစ်မှုထမ်းဆောင်စဉ်ကာလအတွင်း တစ်ကိုယ်ရေစည်းကမ်းကောင်းမွန်လာခြင်း၊ ပင်ကိုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊ ရင့်ကျက်မှု ပိုမိုရှိလာပြီး မိမိကိုယ်ကိုယုံကြည်မှု၊ ဇွဲ၊ လုံ့လရှိမှုနှင့် ကိုယ်ကာယကြံ့ခိုင်မှု တိုးတက်ရရှိလာမည်ဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စေခြင်းသည် နိုင်ငံတော်၏ရေရှည်အကျိုးကို မျှော်မှန်းပြီး ဆောင်ရွက်သည့်လုပ်ငန်းစဉ်ဖြစ်ပါသည်။ ထို့ကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေအရ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များကို ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြမည့်လူငယ်လူရွယ်များအနေဖြင့် ကျရာတာဝန်များကို တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

**မန္တလေး မေ ၂**

မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေးဈေးကွက်အတွင်း ပြောင်းဖူး(ဗမာ)များကို ကုန်သည်များက အဝယ်ပြန်လိုက်လာကြောင်း၊ ထိုသို့ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကပါ ဝယ်ယူမှုများပြားလာကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်အတွင်း မန္တလေး၊ ရန်ကုန်နဲ့ တောင်ကြီး စတဲ့မြို့တွေမှာ အခုလတ်တလော ကုန်သည်တွေ ဝယ်ယူမှုပြန်များတယ်။ ဒါကြောင့် မန္တလေးဈေးကွက်အတွင်းမှာ ပြောင်းဖူး(ဗမာ)အရောင်းအဝယ်ပြန်ကောင်းလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ပြောင်းဖူး(ဗမာ) ၅၄ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ ယခုလက်ရှိ ပြောင်းဖူး(ဗမာ)များကို ထိုင်း၊ ဖိလစ်ပိုင်၊ အိန္ဒိယ စသည့်နိုင်ငံများက ဝယ်ယူမှုများ ရှိနေကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ အခုနောက်ပိုင်း ပြောင်းဖူး(ဗမာ) အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ ပြန်ပြီးများလာတယ်။ အခြားရန်ကုန်မြို့ကြီးတွေမှာလဲ ပြောင်းဖူး(ဗမာ) အရောင်းအဝယ်လုပ်တဲ့ ကုန်သည်တွေ ပြန်ပြီးများလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မြန်မာနိုင်ငံ၌ ပြောင်းသီးနှံကို ရာသီမရွေး သီးထပ်အဖြစ် စိုက်ပျိုးနိုင်ပြီး လက်ရှိတွင် မြန်မာနိုင်ငံအလယ်ပိုင်းသာမက ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) ဒေသများ၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်တို့၌လည်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ (၁၈၄)

# တောင်သမန်တံတားနှင့်အင်းသို့ ဧပြီလပထမပတ်အတွင်း အရှေ့တောင်အာရှနိုင်ငံများမှခရီးသွားများ ဝင်ရောက်လည်ပတ်မှုများပြား



**မန္တလေး မေ ၂**

တောင်သမန်တံတားနှင့်အင်းသို့ ဧပြီလပထမပတ်အတွင်း အရှေ့တောင်အာရှနိုင်ငံများမှ ခရီးသွားများ ဝင်ရောက်လည်ပတ်မှုများပြားလျက်ရှိကြောင်း တောင်သမန်တံတားပြုပြင်ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူး ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့တွင်း တောင်သမန်တံတားနှင့်အင်းမှာ ပြည်တွင်းခရီးသွားများအပြင် အရှေ့တောင်အာရှနိုင်ငံများနှင့် ဥရောပနိုင်ငံများမှ ခရီးသွားများ စိတ်ဝင်တစားလည်ပတ်ကြသည့် နေရာများထဲတွင် တစ်ခုအပါအဝင် ဖြစ်ကြောင်း၊ ယခုလက်ရှိ တောင်သမန်တံတားနှင့်အင်းသို့ အရှေ့တောင်အာရှနိုင်ငံများမှ ခရီးသွားများ ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"သင်္ကြန်ကာလကလဲ မကြာခင်ရောက်တော့မှာဆိုတော့ တောင်သမန်တံတားနဲ့အင်းကို ပြည်တွင်းခရီးသွားတွေအပြင် အရှေ့တောင်အာရှနိုင်ငံက ခရီးသွားတွေပါ ဝင်ရောက်လည်ပတ်မှုကတော်တော်လေး ပြန်များလာတယ်။ မည်စည်ပင်တန်းဘက်က စားသောက်ဆိုင်တွေမှာလဲ စားသောက်ကြရင်း အနားယူအပန်းဖြေတာတွေများပါတယ်"ဟု ဦးစိုးဝင်းက ပြောပြသည်။

တောင်သမန်တံတားနှင့်အင်းသို့ မတ်လနောက်ဆုံးပတ်က အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် ဗီယက်နမ်၊ ထိုင်း စသည့်နိုင်ငံများမှ ခရီးသွားများ ဝင်ရောက်လည်ပတ်မှုမှာ တစ်ရက်လျှင် ဦးရေ ၁၅၀ ကျော်သာရှိခဲ့သော်လည်း ဧပြီ ၁ ရက်မှစ၍ တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်ထိ ဝင်ရောက်လည်ပတ်လျက်ရှိကြောင်း သိရသည်။

"သင်္ကြန်ကာလမှာလဲ တောင်သမန်တံတားနဲ့အင်းမှာ လာရောက်လည်ပတ်တဲ့ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ များပြားမှာဖြစ်လို့ တံတားရဲ့ ကြံ့ခိုင်မှုပြည့်ဝနေဖို့လဲ အသေးစားပြုပြင်ထိန်းသိမ်းမှုတွေ ပြုလုပ်ထားပါတယ်။ ငှက်လှေစီးနင်းမဲ့ခရီးသွားတွေကိုလဲ ငှက်လှေငှားရမ်းခကို ပုံမှန်အတိုင်းပဲ ငှားရမ်းပေးသွားမှာပါ"ဟု ဦးစိုးဝင်းက ပြောပြ၍ သိရသည်။

(၁၈၄)

# ခရိုင် ၁၁ ခရိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများစစ်ဆေးမှု အကြိမ်ရေ ၁၀၈၀၀၀ ကျော် စစ်ဆေးထားပြီးဖြစ်

**မန္တလေး မေ ၂**

ယခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများစစ်ဆေးမှု အကြိမ်ရေ ၁၀၈၀၀၀ ကျော် စစ်ဆေးထားပြီးဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက ပြောပြ၍ သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင် ၁၁ ခရိုင်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးစိုးရိမ်ရသည့်လုပ်ငန်းများကို စစ်ဆေးခြင်းများ ဆောင်ရွက်နေကြောင်း၊ ထိုသို့ စစ်ဆေးခြင်းများ ဆောင်ရွက်ရာတွင် ခရိုင် ၁၁ ခရိုင်ရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စက်ရုံအလုပ်ရုံများ၊ ဈေးများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများ၊ အခြေခံပညာ စာသင်ကျောင်းများ၊ ကိုယ်ပိုင်စာသင်ကျောင်းများ၊ နေအိမ်များ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာရုံးများကို သက်ဆိုင်ရာအရန်မီးသတ်တပ်ဖွဲ့များ၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်းပြီး ဇန်နဝါရီလမှစ၍ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ထိ အကြိမ်ရေ ၁၀၈၀၀၀ ကျော် စစ်ဆေးထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ်စကနေပြီးတော့ ခရိုင် ၁၁ ခရိုင်အတွင်းမှာ မီးဘေးကြိုတင်ကာကွယ်စစ်ဆေးတာတွေကို ဆောင်ရွက်နေပါတယ်။ စစ်ဆေးတာနဲ့အတူ သတိပေးတာတွေ၊ ဟောပြောပို့ချတာတွေလဲ ပြုလုပ်ပေးပါတယ်။ ဟောပြောပို့ချတာဆိုရင် ၂၇ ကြိမ် ပြုလုပ်ပေးခဲ့ပါတယ်။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေနဲ့ မီးလောင်မှုနဲ့ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပွားပေါ်ပေါက်လာရင် ပြည်သူလူထုကို အချိန်နဲ့တစ်ပြေးညီ ကာကွယ်စောင့်ရှောက်ဖို့အတွက် နည်းလမ်းပေါင်းစုံနဲ့ ဆောင်ရွက်နေပါတယ်။ မီးငြိမ်းသတ်ရေးနဲ့ သဘာဝဘေးအန္တရာယ်ကာကွယ်တဲ့လုပ်ငန်းတွေ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါမှာ မီးသတ်ဦးစီးဌာနတစ်ခုတည်းနဲ့ ဆောင်ရွက်လို့မရပါဘူး။ သက်ဆိုင်ရာအဖွဲ့အစည်းတွေ၊ ပြည်သူလူထုတွေက ပူးပေါင်းပါဝင်ဆောင်ရွက်မှသာ မီးလောင်မှုအကြိမ်ရေ လျှော့ချနိုင်မယ်။ မီးလောင်ဆုံးရှုံးမှုတွေကိုလဲ လျှော့ချနိုင်မှာပါ"ဟု ဦးဇော်ဝင်းထွန်းက ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးလုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် မီးငြိမ်းသတ်ယာဉ် ၂၄၂ စီး၊ မီးသတ်ရေသယ်ယာဉ် ၁၅၂ စီး၊ အထောက်အကူပြုယာဉ်အစီး ၅၀၊ မီးသတ်စက်ယာဉ် ၂၅ စီး၊ ကွပ်ကဲမှုယာဉ် ၂၇ စီးနှင့် အပေါ့စားစက် ၁၄၉ လုံးတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဖောင်းစည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဇမ္ဗူသီရိမြို့နယ် အလျှင်လိုကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဧပြီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားခရိုင် ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရည်ရွယ်၍ အလျှင်လိုကျေးရွာအုပ်စု အလျှင်လိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဧပြီ ၁ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက အလျှင်လိုကျေးရွာ၌ အရှည် ပေ ၅၀၀ ရှိ နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် 2 HP Pump တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက ကျေးရွာသူ၊ ကျေးရွာသားများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ကျေးလက်ရေရရှိရေး လုပ်ငန်းကို ရေရှည်တည်တံ့အောင် ကျေးရွာရေကော်မတီများဖွဲ့စည်း၍ သောက်သုံးရေကို စနစ်တကျသုံးစွဲကြရန် ဆွေးနွေးမှာကြားသည်။

အလျှင်လိုကျေးရွာ၌ အဆိုပါကျေးလက်ရေရရှိရေးလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၂၂ သိန်း အသုံးပြုကာ ခရိုင်၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ပြီးစီးမှုကြောင့် အလျှင်လိုကျေးရွာရှိ ကျေးလက်နေပြည်သူဦးရေ ၂၀၄၀ တို့ သောက်သုံးရေများ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါထံမှ သိရသည်။

**ချိုသန်းညွန့်**

# ရေဦးခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီများတွင် ဧက ၁၂၂၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီများတွင် ဧက ၁၂၂၀ ထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ကြက်သွန်နီ စိုက်ခင်းများကို ဖေဖော်ဝါရီလမှစ၍ နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧက ၁၂၂၀ ထိ နုတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၄၄၇၅ ဒသမ ၃၇ ပိဿာထွက်ရှိကြောင်း သိရသည်။

"ရေဦးခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ၁၈၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ ဧက ၁၂၂၀ နုတ်သိမ်းပြီးစီးပါပြီ။ ကြက်သွန်နီတွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက်ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်၌ မြို့နယ်အလိုက် ကြက်သွန်နီနုတ်သိမ်းပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၁၁၀၃ ဧက၊ တန့်ဆည်မြို့နယ်တွင် ၈၁ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၃၆ ဧက စုစုပေါင်း ဧက ၁၂၂၀ ထိ ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက ကြက်သွန်နီ ဧက ၂၅၂၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစ၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ရေဦးမြို့နယ်တွင် ၁၇၁၅ ဧက၊ တန့်ဆည်မြို့နယ်တွင် ၈၁ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၃၆ ဧက စုစုပေါင်း ၁၈၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ရေဦးခရိုင်၌ ကြက်သွန်နီစိုက်တောင်သူများ ဈေးကောင်းရရှိစေရန် ဈေးကွက်ချိတ်ဆက်မှုများ ဆောင်ရွက်ပေးခြင်း၊ ကြက်သွန်နီကို ကြာရှည်စွာအထားခံနိုင်ရန် နည်းပညာပေးခြင်း၊ GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကြက်သွန်နီဖြစ်စေရန်အတွက် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကြက်သွန်နီကို မုံရွာ၊ ယင်းမာပင်၊ ချောင်းဦး၊ ရွှေဘို၊ မြင်းမူမြို့နယ်တို့တွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

(၂၀၆)

# မိုင်းဆတ်မြို့နယ် လွယ်ဆောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းဆတ် ဧပြီ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လွယ်ဆောင်ကျေးရွာအုပ်စု လွယ်ဆောင်+ဘာထန်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက လွယ်ဆောင်ကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ဈေးဦးစွာ မိုင်းဆတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်မြင့်သီတာဟန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခေတ္တခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက လွယ်ဆောင်+ဘာထန် ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

# သာစည်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုရားကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၆ ဒသမ ၁ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# မြန်မာ့မီးရထားက သင်္ကြန်ကာလ ဧပြီ ၁၃ ရက်မှ ၂၀ ရက်ထိ ရန်ကုန်မြို့မှ မန္တလေး၊ ပြည်၊ မော်လမြိုင်မြို့တို့သို့ အထူးရထားခရီးစဉ်များပြေးဆွဲမည်

**ရန်ကုန် ဧပြီ ၂**

မြန်မာ့မီးရထားက သင်္ကြန်ကာလအတွင်း ခရီးသည်များအဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန် ဧပြီ ၁၃ ရက်မှစတင်ကာ ဧပြီ ၂၀ ရက်ထိ ရန်ကုန်မြို့မှ မန္တလေး၊ ပြည်၊ မော်လမြိုင်မြို့တို့သို့ အထူးရထားခရီးစဉ်များ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်ဘူတာကြီး ရုံပိုင်ချုပ် ဦးသောင်းထိုက်ထံမှ သိရသည်။

မြန်မာ့မီးရထားကပြေးဆွဲမည့် သင်္ကြန်ကာလအတွင်း အထူးရထားခရီးစဉ်များမှာ ရန်ကုန်-မန္တလေး-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်များအတွက် အထူးရထားများပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

"သင်္ကြန်ကာလဖြစ်တဲ့ ဧပြီ ၁၃ ရက်ကနေ ဧပြီ ၂၀ ရက်ထိ ရန်ကုန်-မန္တလေး-ရန်ကုန်၊ ရန်ကုန်-ပြည်-ရန်ကုန်နဲ့ ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားခရီးစဉ်တွေအတွက် အထူးရထားတွေပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားခရီးစဉ်မှာဆိုရင်တော့ လက်ရှိပြေးဆွဲပေးနေတဲ့ အမှတ်(၈၁) အဆန်ရထားနဲ့ အမှတ်(၈၂)အစုန်ရထား ခရီးစဉ်တွေကို ရပ်နားခြင်းမရှိဘဲ အထူးရထားအနေနဲ့ ပြေးဆွဲပေးမှာဖြစ်ပါတယ်။ အဲဒီလိုပဲ ရန်ကုန်-ပြည်-ရန်ကုန် ရထားခရီးစဉ်မှာဆိုရင်တော့ လက်ရှိပြေးဆွဲနေတဲ့ အမှတ်(၇၁)အဆန်ရထားနဲ့ အမှတ်(၇၂) အစုန်ရထားတွေကိုတော့ ဧပြီ ၁၄ ရက်နဲ့ ဧပြီ ၁၆ ရက်မှာ ခေတ္တရပ်နားပြီးတော့ ကျန်ရက်တွေမှာ အထူးရထားအနေနဲ့ ပြေးဆွဲပေးမှာဖြစ်ပါတယ်။ ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အနေနဲ့ကတော့ လက်ရှိပြေးဆွဲနေတဲ့ အမှတ်(၁၁) အဆန်ရထား၊ အမှတ်(၁၂) အစုန်ရထားတွေနဲ့ သောကြာနေ့နဲ့ တနင်္ဂနွေနေ့တွေမှာ ပြေးဆွဲနေတဲ့ အစုန်-အဆန် အထူးရထားတွေကိုလဲ နိုင်ငံ့ဝန်ထမ်းတွေအတွက် သင်္ကြန်ကာလအတွင်း အထူးရထားအနေနဲ့ ဆက်လက်ပြေးဆွဲပေးမှာဖြစ်ပါတယ်"ဟု ရန်ကုန်ဘူတာကြီး ရုံပိုင်ချုပ် ဦးသောင်းထိုက်က ပြောပြ၍ သိရသည်။

ASH



# မြန်မာမှုဗိသုကာလက်ရာ သစ်သားဘုန်းကြီးကျောင်းများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ ရက်စဉ်သမိုင်းအရ မြန်မာနိုင်ငံတွင် ကျောက်ခေတ်ယဉ်ကျေးမှု ထွန်းကားပြီးနောက် ဘီစီ ၁၅၀၀ မှ ဘီစီ ၆၀၀ ကြား၌ ကြေးခေတ်ယဉ်ကျေးမှုထွန်းကားခဲ့သည်။ ဘီစီ ၇၀၀ တွင် ယခုမန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ တောင်သမန်ဒေသတွင် သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ခုပေါ်ထွန်းခဲ့ပြီးနောက် ဘီစီ ၅၃၀ မှ ဘီစီ ၉၀ ကြားတွင် ယခုမန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်းကျေးရွာနေရာ၌ သံခေတ်လူ့အဖွဲ့အစည်းတစ်ရပ်ပေါ်ပေါက်ခဲ့သည်။

မြန်မာနိုင်ငံတွင် ကျောက်ခေတ်နှင့် ကြေးခေတ်ယဉ်ကျေးမှုတို့ထွန်းကားခဲ့ချိန်တွင် ဗုဒ္ဓဘာသာမပေါ်ထွန်းသေးချေ။ သို့သော် ရှေးဟောင်းသုတေသနတူးဖော်မှုအထောက်အထားများအရ မြန်မာနိုင်ငံ၌ ပျူယဉ်ကျေးမှုထွန်းကားခဲ့ချိန်တွင် ဗုဒ္ဓဘာသာကိုးကွယ်မှုရှိခဲ့ကြောင်း ယူဆနိုင်ခဲ့သည်။ မြန်မာနိုင်ငံသားအများစုသည် ပုဂံခေတ်မှစ၍ ယနေ့တိုင် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ခဲ့သဖြင့် မြန်မာနိုင်ငံနေရာဒေသအနှံ့၌ ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အအုံများဖြစ်သည့် စေတီ၊ ပုထိုးနှင့် ဘုန်းကြီးကျောင်းများကို မြင်တွေ့ကြရသည်။ ၎င်းတို့ကို ကျောက်၊ အုတ်၊ သစ်တို့ဖြင့်တည်ဆောက်ခဲ့ကြရာ ကျောက်၊ အုတ်တို့ဖြင့်တည်ဆောက်ခဲ့သည့် စေတီ၊ ပုထိုး၊ ကျောင်း၊ ကန်များသည် ကာလကြာရှည်စွာ တည်တံ့ခဲ့သော်လည်း သစ်ဝါးအဆောက်အအုံများသည် ကာလရှည်ကြာလာချိန်တွင် ရာသီဥတုဒဏ်၊ အင်းဆက်ပိုးမွှားများဒဏ်၊ မီးဘေးဒဏ်၊ စစ်ဘေးဒဏ် စသည့် ထိခိုက်မှုအမျိုးမျိုးကြောင့် ပျက်စီးခဲ့ကြသည်။

သို့တိုင်အောင် သက်တမ်းနှစ် ၁၀၀ ကျော်ပြီဖြစ်သည့် ရှေးဟောင်းသစ်သားအဆောက်အအုံများကို မြန်မာနိုင်ငံအတွင်း မြို့ရွာတချို့တွင် ယနေ့တိုင်တွေ့မြင်နိုင်ကြသည်။ ၎င်းတို့အနက် ကုန်းဘောင်ခေတ်နှောင်းပိုင်းလက်ရာ သစ်သားအဆောက်အအုံဘုန်းကြီးကျောင်းများကို မန္တလေးမြို့အပါအဝင် နေရာဒေသတချို့၌ ယနေ့တိုင်ထိန်းသိမ်းထားသည်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသတချို့၌ ကျွန်းတိုင်လုံးပေါင်း ၁၀၀ ခန့်ဖြင့်တည်ဆောက်ခဲ့သည့် တိုင်တစ်ရာသစ်သားကျောင်းများကို ယနေ့တိုင်မြင်တွေ့နိုင်ကြသည်။ အချို့သော သစ်သားအဆောက်အအုံရှေးဟောင်းဘုန်းတော်ကြီးကျောင်းများကို ဗုဒ္ဓဝင်ဇာတ်လမ်း၊ ဇာတ်ကွက်များ သရုပ်ဖော်ထားသည့် ရုပ်လုံးရုပ်ကြွများဖြင့် အလှဆင်ထားကြသဖြင့် စလေရုပ်စုံကျောင်း၊ လယ်ကိုင်းရုပ်စုံကျောင်း စသည်တို့သည် အလွန်ထင်ရှားခဲ့ကြသည်။

**မြန်မာမှုလက်ရာဘုန်းကြီးကျောင်းများတည်ဆောက်ပုံ**

ရှေးအခါက သစ်သားဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်ရာတွင် ပြာသာဒ်ဆောင်၊ စနုဆောင်၊ ဆောင်မကြီး(အရှေ့မာရဘင်ဆောင်နှင့် အနောက်မာရဘင်ဆောင်)၊ ဘောဂဆောင်တို့ဖြင့် ဖွဲ့စည်း၍ အပြောက်အမွမ်းများ ထည့်သွင်းတန်ဆာဆင်ခဲ့ကြသည်။

ကျောင်းအဆောက်အအုံ၏ ခေါင်းရင်းဘက်၊ ထိပ်ဆုံးတွင်ရှိသည့်ပြာသာဒ်ကို ငါးဆင့်၊ ခုနစ်ဆင့်၊ ကိုးဆင့် ပြုလုပ်ကြသည့်အနက် ပြာသာဒ်ခုနစ်ဆင့်ကို အများဆုံးမြင်တွေ့ကြရသည်။ ပြာသာဒ်ဆောင်ကို အနားလေးဖက်ညီ အောက်ခံထုပ်နှင့် လျောက်တန်းများပေါ်တွင် အနားလေးဖက်ချ၍ လည်ပေါ်ပါရှိသည့် ထုပိကာ(အထွတ်)တင်ကာ တည်ဆောက်သည်။ ပြာသာဒ်ဆောင်တည်ဆောက်ရာတွင် အမိုးဆင့်များကို မဂင်္ဂလာအရေးအတွက် ပြုလုပ်ကြသည်။

ကျောင်းဦးပြာသာဒ်ဆောင်သည် ဘုရားဆောင်ဖြစ်၍ ပလ္လင်တစ်ခုပေါ်တွင် ဗုဒ္ဓဆင်းတုတော်ကို ထားရှိသည်။ ဘုရားဆောင်ပေါ်တွင် ပြာသာဒ်ကိုတင်ထားသဖြင့် ပြာသာဒ်ဆောင်ဟုခေါ်ဆိုခြင်းဖြစ်သည်။



မြန်မာမှုလက်ရာ စလေရုပ်စုံကျောင်းကို တွေ့ရစဉ်။

ယေဘုယျအားဖြင့် ပြာသာဒ်ဆောင်၏ အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် လှေကားတစ်စင်းစီတပ်ဆင်ထားပြီး ပြာသာဒ်ဆောင်လှေကားမှ မင်းနှင့်ဆရာတော်များသာ အတက်အဆင်းပြုကြရသည်။

ပြာသာဒ်ဆောင်နှင့်ဆောင်မကြီးကို ဆက်ထားသည့်အဆောင်သည် စနုဆောင်ဖြစ်သည်။ စနုဆောင်သည် အမိုးအထပ်များပါရှိသည့် ယွန်းဆက်ဆောင်ဖြစ်သည်။ ဘုရင့်နန်းတော်များတွင် နန်းတော်ဦးရှိအဆောင်နှစ်ဆောင်ကြား၌ ခရှသင်းထားရှိသည့်အဆောင်ကို စနုဆောင်ဟုခေါ်သည်။ ကျောင်းထိုင်ဘုန်းကြီးသည် စနုဆောင်တွင် သီတင်းသုံးနေထိုင်၍ အာဂန္တုဧည့်သည် ရဟန်းသံဃာများကို ဧည့်ခံတွေ့ဆုံသည်။

ဘုန်းကြီးကျောင်းအဆောက်အအုံ၏ အဓိကအဆောင်ဖြစ်သည့် ဆောင်မကြီးပေါ်တွင် လည်ပေါ်နှစ်ထပ်တင်ထားလျှင် ထားဝယ်ဆောင်၊ လည်ပေါ်သုံးထပ် သို့မဟုတ် လေးထပ်တင်ထားလျှင် ဇေတဝန်ဆောင်ဟုခေါ်သည်။ ဆောင်မကြီးလည်ပေါ်ကို ငါးထပ်တည်ဆောက်လေ့မရှိချေ။

ဆောင်မကြီး၏အပြင်ဘက်ပတ်လည်ရှိ စမြင်(အဆောင်မကြီးဘေးပတ်လည်တွင် အပြင်သို့ထုတ်ထားသောအမိုး)ကိုကြည့်၍ နှစ်ထပ်စမြင်ခံကျောင်း၊ သုံးထပ်စမြင်ခံကျောင်းဟုခေါ်ဆိုမှုများလည်းရှိသည်။

ဆောင်မကြီးကို အရှေ့၊ အနောက်ပိုင်းခြားလျက် အရှေ့မာရဘင်ဆောင်၊ အနောက်မာရဘင်ဆောင်ဟုခေါ်ဆိုသည်။ မာရဘင်သည် ခန်းဆောင်၏ကြမ်းပြင်မှ အမိုးထိပိတ်ထားသောသစ်သားနံရံဖြစ်ကာ ဆောင်မကြီး၏အလယ်ဗဟိုရှိ တိုင်များ၏အရှေ့ဘက်တွင် ကြမ်းခင်းမှမျက်နှာကြက်ထိ ကာဆီးထားသည်။ အရှေ့မာရဘင်ဆောင်နှင့် အနောက်မာရဘင်ဆောင်ကို ဆက်သွယ်သွားလာရန် မာရဘင်၏ ဝဲယာတစ်ဖက်စီတွင် တံကဲပေါက်တစ်ပေါက်စီ ဖောက်ထားသည်။ အပေါက်နှစ်ခုကြား အဆောင်အလယ်၌ ပလ္လင်ခံရုပ်ပွားတော်ရှိ၍ အရှေ့မာရဘင်ဆောင်ရှိ ပလ္လင်သည် တံကဲပါရှိပြီး အနောက်မာရဘင်ဆောင်ရှိ ပလ္လင်သည် တံကဲမပါရှိချေ။

မာရဘင်ဆောင်များတွင် နေ့ဘက်၌ လူပရိသတ်များကိုဧည့်ခံဖြစ်ပြီး ညပိုင်းတွင် ရဟန်းသံဃာများကျိန်းစက်ကြသည်။ အချို့ဘုန်းကြီးကျောင်းများ၌ အရှေ့မာရဘင်တွင် ဥပုသ်စောင့်သူ၊ တရားနာသူများနားခိုကြကာ အနောက်မာရဘင်တွင် သက်ကြီးဝါကြီးဆရာတော်များ သီတင်းသုံးကြသည်။

ဆောင်မကြီး၏မျက်နှာစာတွင် ရဟန်းသံဃာနှင့် အမျိုးသားများတက်ဆင်းရန် အရှေ့ဘက်၌ လှေကားတစ်စင်းနှင့် အမျိုးသမီးများတက်ဆင်းရန် အနောက်ဘက်၌ လှေကားတစ်စင်းတပ်ဆင်သည်။

ဘောဂဆောင်သည် ဘုန်းကြီးကျောင်း၏အနောက်ဘက်ဆုံးအဆောင်ဖြစ်ကာ ဆောင်မကြီးကြမ်းခင်းအောက်သို့ နိမ့်ထားသည်။ ဘောဂဆောင်ကို အခန်းသုံးခန်းဖွဲ့၍ ဘေးဘက်တစ်ခန်းတွင် ပန်းကန်ခွက်ယောက်များထား၍ ကျန်ဘေးခန်းတွင် စားသောက်ဖွယ်ရာများကို သိမ်းဆည်းပြီး အလယ်ခန်း၌ ကိုရင်များနေကြသည်။ အမရပူရခေတ်နှင့်ရတနာပုံခေတ်ဦးတွင် တည်ဆောက်ခဲ့သည့် ဘုန်းကြီးကျောင်းများတွင် ဘောဂဆောင်ကို ထည့်သွင်းတည်ဆောက်ခြင်းမရှိချေ။

၎င်းအဆောင်လေးဆောင်အပြင် ကျောင်းသို့ထပ်တိုးရောက်ရှိလာသည့် သံဃာများနေထိုင်ရန် ဆောင်မကြီးရှေ့၌ဖြစ်စေ၊ ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ဖြစ်စေ၊ ဆောင်မကြီးနှင့်စနုဆောင်ကြား၌ဖြစ်စေ ခုံးဆောင်ဟုခေါ်သည့် အဆောင်တစ်ခုကို သင့်လျော်သကဲ့သို့ဆောက်လုပ်ကြသည်။ ခုံးဆောင်ကို မည်သည့်နေရာတွင် တည်ဆောက်ရမည်ဟု သတ်မှတ်မထားချေ။ ထို့အတူ ခုံးဆောင်တွင် အဝင်အထွက်တံခါးများ တပ်ဆင်ထားခြင်းမရှိချေ။ ခုံးဆောင်သည် မြေစိုက်အဆောင်မဟုတ်သဖြင့် ဘုန်းကြီးကျောင်းအဆောင်အရေအတွက်တွင် ထည့်သွင်းရေတွက်ခြင်းမပြုချေ။

ကုန်းဘောင်ခေတ်နှောင်းနှင့် ကိုလိုနီခေတ်ဦးပိုင်း ဘုန်းကြီးကျောင်းတချို့တွင် ဆောင်မကြီးနှင့် ဘောဂဆောင်ကြား၌ ဘောဂစနုဆောင်အမည်ဖြင့် အဆောင်ကူးတစ်ခုကိုတည်ဆောက်ကြရာ ၎င်းပုံစံကို ရွှေအင်ပင်ဘုန်းတော်ကြီးကျောင်းနှင့် စလေရုပ်စုံကျောင်းတို့တွင် မြင်တွေ့နိုင်ကြပေသည်။

**ဘုန်းကြီးကျောင်းအဆင့်အတန်း**

ရတနာပုံခေတ်တွင် သစ်သားဘုန်းတော်ကြီးကျောင်းများကို အများဆုံးတည်ဆောက်ခဲ့ရာ ဘုရင်ထံမှခွင့်ပြုချက်ရပြီးမှသာ ကျွန်းသစ်များဖြင့်တည်ဆောက်ကြရသည်။

ရှင်ဘုရင်က ကျောင်းထိုင်မည့် ဆရာတော်နှင့် အလှူရှင်၏အဆင့်ကိုကြည့်၍ ကျောင်းဆောက်လုပ်ခွင့်ပြုသဖြင့် တစ်ကျောင်းနှင့်တစ်ကျောင်း တည်ဆောက်ပုံအဆင့်အတန်း မတူညီကြချေ။ ပရိယတ်၊ ပဋိပတ်နှင့်ပြည့်စုံသော ဘုန်းတော်ကြီးကို လှူဒါန်းမည့်ကျောင်းတွင် လှေကားလေးစင်း တပ်ဆင်ခွင့်ပြုသကဲ့သို့ ကျောင်းဆောက်လုပ်မည့် အရပ်ဒေသ၏ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်ထိုင်မည့် ကျောင်းဖြစ်လျှင် ကျောင်းအောက်ခြေပတ်လည်၌ စိန်တောင်တံတိုင်း ပတ်ခွင့်ပြုသည်။

ကျောင်းထိုင်မည့်ဘုန်းတော်ကြီးသည် စာပေမတတ်မြောက်သည့်ရဟန်း သို့မဟုတ် အသက်ကြီးမှ ရဟန်းပြုသည့် တောထွက်ဘုန်းကြီးဆိုပါက ကြီးမားခံ့ညားသောကျောင်းကို ဆောက်ခွင့်မပြုဘဲ လှေကားတစ်စင်းတပ်သည့်ကျောင်းငယ်ကိုသာ ဆောက်လုပ်ခွင့်ပြုသည်။

ထို့အတူ ကျောင်းဆောက်လုပ်လှူဒါန်းမည့် အလှူရှင်သည် တော်ဝင်မျိုးနွယ် သို့မဟုတ် မြို့ဝန်၊ မြို့စားစသည့်မင်းမှုထမ်း သို့မဟုတ် ရှင်ဘုရင်ကအသိအမှတ်ပြုထားသည့် သူဌေးသူကြွယ်မဟုတ်လျှင် ဘုန်းကြီးကျောင်းကို အပြောက်အမွမ်းများခြယ်သခွင့်မပြုချေ။

ဘုရင်က ဘုန်းကြီးကျောင်းတည်ဆောက်ရန် ခွင့်ပြုမိန့်ကို တစ်ကြောင်းစာချွန်ဖြင့် အမိန့်ထုတ်ပြန်သည်။ ရှင်ဘုရင်၏အမိန့်တော်ကို ရှည်လျားသောထန်းဖူးညွန့်တစ်မျက်နှာတွင် စာတစ်ကြောင်းတည်းသာ သတ်စုံနှင့်ရေးသဖြင့် တစ်ကြောင်းစာချွန်ဟုခေါ်ဝေါ်သည်။ (သတ်စုံရေးဆိုသည်မှာ မူလအက္ခရာရှိရင်းအတိုင်း ပြည့်စုံအောင်ရေးသားခြင်းကို ဆိုလိုသည်။) အလှူရှင်သည် ရှင်ဘုရင်ထံမှ ခွင့်ပြုမိန့်ရလျှင် နိုင်ငံပိုင်သစ်တောမှ ကျွန်းသစ်များကို ထုတ်ယူနိုင်ပြီဖြစ်သည်။ ထို့နောက် ရှင်ဘုရင်က ခွင့်ပြုသည့်အတိုင်း ကျောင်းထိုင်ပုဂ္ဂိုလ်နှင့် အလှူရှင်၏အဆင့်အပေါ်မူတည်လျက် ကျောင်းအဆောက်အအုံကို ဆောက်လုပ်ကြရသည်။

**ပြာသာဒ်ခုနစ်ဆင့်ကျောင်းများ**

ရှေးမြန်မာဘုန်းကြီးကျောင်းအများစုကို ပြာသာဒ်ခုနစ်ဆင့်တင်၍ ဆောက်လုပ်လေ့ရှိပြီး ပြာသာဒ်ခုနစ်ဆင့်သည် ဗုဒ္ဓစကြဝဠာသီအိုရီအရ မြင်းမိုရ်တောင်ကို ရည်ညွှန်းပြီး ကျောင်းအဆောက်အအုံတစ်ခုလုံးသည် အနောတတ်ရေအိုင်ကို ဖော်ညွှန်းသည်။ ကျောင်းလှေကားများသည် အနောတတ်ရေအိုင်၏ ရေထွက်ပေါက်များကို ကိုယ်စားပြုသည်။

မြန်မာဘုန်းတော်ကြီးကျောင်းများကို တည်ဆောက်ရာတွင် မွမ်းမံခြယ်လှယ်မှုများဖြင့် တန်ဆာဆင်ခဲ့ကြသဖြင့် နေ၊ လအထိမ်းအမှတ် ကမ္ဘာ့တန်ဆာများ၊ ကိန္နရာ၊ နဂါး၊ ဘီလူး၊ ဂဠုန် စသည့် ဒဏ္ဍာရီလာသတ္တဝါများ၊ ဥဒေါင်း၊ ကျေး၊ ခြင်္သေ့၊ ဆင်စသည့် တိရစ္ဆာန်များ၊ ကြာ၊ ညောင်၊ မုဒရက် စသည့် ပန်းနှင့်အပင်များ၊ အငိုင်း၊ အခွေ၊ အလိပ်၊ ခရုပတ်၊ နဂါးလိမ် စသည့်ပုံစံများကို တွေ့ရှိကြရသည်။

မြန်မာ့ဗိသုကာပညာရပ်၏ အနုလက်ရာများဖြစ်သည့် မြန်မာ့ရှေးဟောင်း သစ်သားဘုန်းတော်ကြီးကျောင်းအများစုသည် ကာလကြာရှည်လာချိန်တွင် ပျက်စီးယိုယွင်းလာခဲ့ကြသည်။ သို့တိုင်အောင် အစဉ်တစိုက်ထိန်းသိမ်းထားနိုင်ခဲ့သည့် သစ်သားကျောင်းအဆောက်အအုံတချို့သည် ယနေ့တိုင် ကျန်ရှိနေလျက်ရှိရာ သမိုင်းမှတ်တမ်းအဆောက်အအုံများကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းထားနိုင်သည်နှင့် အမျှ မြန်မာ့ယဉ်ကျေးမှုအနုလက်ရာများကို စောင့်ရှောက်ထားနိုင်မည်သာဖြစ်ပေသည်။

**ကိုးကား**

- **မြန်မာမှုအဆင်တန်ဆာများနှင့် ဘုန်းတော်ကြီးကျောင်းများ (မောင်ယဉ်လှိုင်၊ ပျဉ်းမဖြိုင်)**
- **ကုန်းဘောင်ခေတ်နှောင်းဘုန်းကြီးကျောင်းများ(ဦးမျိုးမြင့်စိန်)**
- **ကမ္ဘာကျော်ပန်းပုရုပ်စုံကျောင်းက ခေတ်တော်ပန်းပုရုပ်များ(မောင်မောင်လတ်)**
- **ပျောက်ကွယ်ခဲ့သော တော်ဝင်ကျွန်းဘုန်းကြီးကျောင်းများ(ဥာဏ်လင်းတင့်)**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲမျိုးစုံ ဧက ၇၂၀၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပွင့်ဖြူ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ပဲမျိုးစုံ ဧက ၇၂၀၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။



ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက မတ်ပဲ ၁၃၂ ဧက၊ ပဲကြီး ၁၆၉၇ ဧက၊ ပဲကျား ၃၉၃ ဧက၊ စားတော်ပဲ ၁၁၉၂ ဧက၊ ကုလားပဲ ၅၂၀၅၁ ဧက၊ ပဲလွမ်း ၃၂၃၃ ဧက၊ ပဲနောက် ၄၁၇ ဧက၊ ပဲယဉ်း ၂၁၅ ဧက၊ ထောပတ်ပဲ ၇၇၃၅ ဧက၊ အခြားပဲ ၉၄၅ ဧက စုစုပေါင်း ပဲမျိုးစုံဧက ၇၂၀၁၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးခဲ့သည့် ပဲမျိုးစုံဧက ၇၂၀၁၀ ကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့တဲ့ ပဲမျိုးစုံကို ဖေဖော်ဝါရီလက ရိတ်သိမ်းခဲ့ပါတယ်။ အခု ရာနှုန်းပြည့် ရိတ်သိမ်းပြီးပါပြီ။ ဒေသခံတောင်သူတွေကိုလဲ သီးနှံရိတ်သိမ်းရာမှာ လေလွင့်ဆုံးရှုံးမှုမရှိစေဖို့ အချိန်မီရိတ်သိမ်းခြွေလှေ့ နည်းစနစ်တွေကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ သီးနှံအထွက်နှုန်းအနေနဲ့ဆိုရင် မတ်ပဲတစ်ဧကကို ၁၆ ဒသမ ၂၅ တင်း၊ ပဲနောက် တစ်ဧကကို ၁၂ တင်း၊ ကုလားပဲ တစ်ဧကကို ၂၀ ဒသမ ၅ တင်း၊ စားတော်ပဲ တစ်ဧကကို ၁၈ တင်း၊ ပဲယဉ်း တစ်ဧကကို ကိုးတင်း၊ ပဲလွမ်း တစ်ဧကကို ၁၆ ဒသမ ၅ တင်း၊ ထောပတ်ပဲ တစ်ဧကကို ၂၇ တင်း၊ ပဲကြီး တစ်ဧကကို ၁၆ ဒသမ ၇၅ တင်း၊ ပဲကျားတစ်ဧကကို ၁၆ ဒသမ ၅ တင်း၊ အခြားပဲ တစ်ဧကကို ၁၅ တင်းထွက်ရှိပါတယ်။ ပဲမျိုးစုံ စိုက်ပျိုးရာမှာ ပိုးမွှားအန္တရာယ် မကျရောက်တဲ့အတွက် အထွက်နှုန်း ကောင်းမွန်ခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သီးနှံဖျက်ပိုးမွှားများ ကျရောက်မှုကင်းရှင်းစေရေး၊ မြေဩဇာစနစ်တကျသုံးစွဲတတ်စေရေး၊ အထွက်နှုန်းများကောင်းမွန်စေရေးအတွက် တောင်သူအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပင်းတယမြို့နယ် တောင်ပေါ်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ပင်းတယ ဧပြီ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် တောင်ပေါ်ကြီးကျေးရွာအုပ်စု တောင်ပေါ်ကြီးကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက တောင်ပေါ်ကြီးကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။

တောင်ပေါ်ကြီးကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထံမှ သိရသည်။

**မောင်ရိုင်**

## လက်ဆင့်ကမ်းအမွေ စစ်မှုထမ်းစို့လေ

\- ယနေ့လူငယ် မောင်နှင့်မယ်တို့
သိဖွယ်မှတ်ရာ လေ့လာပါလျှင်
စဉ်လာကောင်းညီ တို့တိုင်းပြည်မှာ
ဖြစ်တည်မယွင်း ရှိနေခြင်းက
ဘေးကင်းစေသား ကာကွယ်အားဖြင့်
ဘိုးဘွားများထွေ တာဝန်ကျေသည်။

\- တို့ခေတ်ရောက်နေ တာဝန်ကျေဖို့
တိုင်းပြည်ဖွံ့ဖြိုး လှဂုဏ်တိုးရန်
မျိုးချစ်စိတ်သန် ဇာတိမာန်ဖြင့်
ပြည့်ရန်ချေဖျက် ရန်သွေပျက်အောင်
ဆက်လက်တာဝန် တို့ကျေပွန်မည်။

\- ခုခါလက်ကမ်း စစ်မှုထမ်းဖို့
ပြဋ္ဌာန်းဥပဒေ တည်လာလေပြီ
ရွှေပြည်နောင်ရေး မျှော်ကာတွေးကြည့်
ရင်အေးဖွယ်ရာ တို့ဝန်တာတည့်
တို့မှာတာဝန် တို့ကျေပွန်မှ
ကောင်းမွန်သည့်အခြေ ဆက်လက်နေအံ့။

\- သင်၏နိုင်ငံ ကာကွယ်ရန်မှာ
သင့်ထံကျရောက် သင်ဝမ်းမြောက်လေ
ယောကျ်ားပီပီ ပြည့်ဇာနည်တို့
တိုင်းပြည်အရေး တာဝန်ပေးက
ရဲရေးရောက်သော် တပ်မတော်မှာ
ပျော်ရွှင်ကာနေ ထမ်းပါလေလော့။

\- စဉ်လာလက်ကမ်း လှသက်တမ်းမှာ
ငြိမ်းချမ်းကြည်သာ ပြည်မြန်မာကို
နောင်လာမျိုးသစ် အမွေဖြစ်၍
စစ်မဲ့ကင်းဝေး ငြိမ်းချမ်းတေးဖြင့်
ပေးအပ်နိုင်ရေး ကြိုးစားပေးစို့။ ။

**အာကာမောင်မောင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကား၊လက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## အီဂျစ်သမ္မတ အယ်လ်စီစီ သမ္မတရာထူး တတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆို

**ကိုင်ရို ဧပြီ ၂**

အီဂျစ်သမ္မတ အယ်လ်စီစီသည် ၎င်း၏ တတိယမြောက်သမ္မတရာထူး သက်တမ်းအတွက် ယနေ့တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း သိရသည်။

အီဂျစ်သမ္မတ အယ်လ်စီစီသည် ၎င်း၏ သမ္မတရာထူး ကျမ်းသစ္စာကျိန်ဆိုပွဲကို အီဂျစ်နိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်သစ်၌ ကျင်းပခဲ့ခြင်းဖြစ်သည်။


ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက ကျင်းပခဲ့သော အီဂျစ်သမ္မတရွေးကောက်ပွဲတွင် သမ္မတအယ်လ်စီစီက ထောက်ခံမဲရာနှုန်း ၈၉ ဒသမ ၆ ရာခိုင်နှုန်းထိ ရရှိခဲ့ကြောင်း သိရသည်။

သမ္မတအယ်လ်စီစီ သမ္မတရာထူး စတင်ရရှိချိန် ၂၀၁၄ ခုနှစ်မှစ၍ အီဂျစ်နိုင်ငံသည် အတိုင်းအဆကျယ်ပြန့်သည့် အခြေခံအဆောက်အအုံ စီမံကိန်းများကို စတင်ခဲ့သည်။

အဆိုပါ အခြေခံအဆောက်အအုံ စီမံကိန်းများအနက် အကြီးဆုံးစီမံကိန်းမှာ အမေရိကန်ဒေါ်လာ ၅၈ ဘီလီယံ အကုန်အကျခံ၍ တည်ဆောက်နေသည့် အုပ်ချုပ်ရေးမြို့တော်သစ် စီမံကိန်းဖြစ်သည်။

သို့သော် သမ္မတအယ်လ်စီစီ၏ လက်အောက်တွင် အီဂျစ်ပြည်သူများမှာ ကုန်ဈေးနှုန်းကြီးမြင့်မှု၊ စီးပွားရေးကျဆင်းမှု ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : RT
Trs : KKO



## ဒမတ်စကတ်မြို့ အီရန်ကောင်စစ်ဝန်ရုံးကို အစ္စရေး စစ်လေယာဉ်များ တိုက်ခိုက်ခဲ့ဟုဆို

**တီဟီရန် ဧပြီ ၂**

အစ္စရေးစစ်လေယာဉ်များအဖြစ်ယူဆရသည့် စစ်လေယာဉ်များသည် ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးကို ဧပြီ ၁ ရက်တွင် ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း အီရန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဧပြီ ၁ ရက် တိုက်ခိုက်မှုကြောင့် ဒမတ်စကတ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံး ပျက်စီးခဲ့ရပြီး ကာ့ဒ်အထူးတပ်ဖွဲ့ တပ်မှူးတစ်ဦးအပါအဝင် အီရန်စစ်ရေးအကြံပေး ခုနစ်ဦး သေဆုံးခဲ့ရကြောင်း အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဒမတ်စကတ်မြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးသည် ဆီးရီးယားနိုင်ငံဆိုင်ရာ အီရန်သံရုံးဝင်းအတွင်းမှာပင်တည်ရှိသည်။

ဒမတ်စကတ်မြို့ အီရန်သံရုံး တိုက်ခိုက်ခံရမှုအတွက် အစ္စရေးနိုင်ငံကို ပြန်လည်လက်တုံ့ပြန်မည်ဖြစ်ကြောင်း အီရန်ခေါင်းဆောင်များက ကြေညာထားသည်။

အစ္စရေး-ဟားမတ်စ် စစ်ပွဲကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများမြင့်တက်နေချိန်တွင် ဒမတ်စကတ်မြို့ရှိ အီရန်သံရုံး တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

သို့သော် ဒမတ်စကတ်မြို့ အီရန် ကောင်စစ်ဝန်ရုံးအတွင်း တိုက်ခိုက်ခံရမှုအတွက် တာဝန်ရှိသည်ဟု အစ္စရေးနိုင်ငံက တရားဝင်ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ယခုနှစ် ပထမသုံးလတာကာလအတွင်း ထိုင်းနိုင်ငံသို့ ပြည်ပခရီးသည် ၉ ဒသမ ၄ သန်း ဝင်ရောက်



**ဗန်ကောက် ဧပြီ ၂**

ယခုနှစ် ပထမသုံးလတာကာလအတွင်း ထိုင်းနိုင်ငံသို့ ဝင်ရောက်ခဲ့သော ပြည်ပခရီးသွားဧည့်သည် အရေအတွက်မှာ ၉ ဒသမ ၄သန်းထိ ရှိခဲ့ကြောင်း ထိုင်းအစိုးရ ခရီးသွားလာရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ယခုနှစ် ပထမသုံးလအတွင်း ထိုင်းနိုင်ငံသို့ဝင်ရောက်လာကြသည့် ခရီးသွားဧည့်သည်များသည် ထိုင်းနိုင်ငံခရီးစဉ်များအတွင်း ဘတ်ငွေ ၄၅၄ ဒသမ ၆ ဘီလီယံ(အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၄ ဘီလီယံ)ထိ သုံးစွဲခဲ့ကြောင်း ထိုင်းခရီးသွားလုပ်ငန်းဝန်ကြီးဌာန ကြေညာချက်၌ ဖော်ပြထားသည်။

ယခုနှစ် တစ်နှစ်လုံးတွင် ထိုင်းနိုင်ငံသို့ ပြည်ပခရီးသွားဧည့်သည် သန်း ၄၀ ထိ ဝင်ရောက်လာနိုင်ကြောင်း ထိုင်းအစိုးရက မျှော်လင့်ထားသည်။

ထိုင်းနိုင်ငံသို့ ယခုနှစ် ပထမသုံးလအတွင်း ဝင်ရောက်လာခဲ့သည့် ပြည်ပခရီးသည်များအနက် အများဆုံးပြည်ပခရီးသည်များမှာ တရုတ်နိုင်ငံသားများဖြစ်ကြပြီး ၁၇၅၆၃၃၇ ဦးထိရောက်ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ်ပထမသုံးလအတွင်း ထိုင်းနိုင်ငံသို့ရောက်ရှိလာသောပြည်ပနိုင်ငံသားများအနက် ဒုတိယအများဆုံးမှာ မလေးရှားနိုင်ငံသားများဖြစ်ကြပြီး တတိယအများဆုံးမှာ ရုရှားနိုင်ငံသားများဖြစ်ကြသည်။

ခန့်မှန်းချက်များအတိုင်း ယခုနှစ်တစ်နှစ်လုံးတွင် ထိုင်းနိုင်ငံသို့ ပြည်ပခရီးသည် သန်း ၄၀ ထိ ဝင်ရောက်ခဲ့ပါက ထိုင်းနိုင်ငံအနေဖြင့် ဝင်ငွေဘတ် ၃ ဒသမ ၅ ထရီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## အရူနာချယ်ပရာဒေ့ရှ်ပြည်နယ် နေရာများကို တရုတ်အမည်များပြောင်းထားမှု အိန္ဒိယအစိုးရ ငြင်းပယ်

**ဒေလီ ဧပြီ ၂**

အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်ရှိ နေရာပေါင်း ၃၀ ခန့်တို့ကို တရုတ်နိုင်ငံက အမည်များပြောင်းထားမှုကို အိန္ဒိယအစိုးရက ယနေ့တွင် ငြင်းပယ်ခဲ့ကြောင်း သိရသည်။

အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ နေရာများအား တရုတ်နိုင်ငံက အမည်များပြောင်းထားမှုမှာ အဓိပ္ပာယ်မရှိကြောင်း အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်သည် အိန္ဒိယနိုင်ငံ၏ ပိုင်းခြားခွဲထုတ်မရနိုင်သော ပြည်နယ်ဖြစ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အိန္ဒိယ အရှေ့မြောက်ပိုင်းရှိ အရူနာချယ်ပရာဒေ့ရှ် ပြည်နယ်ကို တောင်ပိုင်းတိဗက်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် တရုတ်နိုင်ငံက ပိုင်ဆိုင်ခွင့်တောင်းဆိုထားသည်။

ပြီးခဲ့သည့်နှစ်ကလည်း တရုတ်နိုင်ငံသည် အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ နေရာပေါင်း ၁၁ ခုကို အမည်များပြောင်းလဲခဲ့ရာ အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးတင်းမာခဲ့ရသည်။

အရူနာချယ်ပရာဒေ့ရှ်ပြည်နယ်အတွင်းရှိ နေရာများကို အမည်ပြောင်းနေမှုကြောင့် မည်သည့်အရာမျှ ဖြစ်လာလိမ့်မည်မဟုတ်ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဆူဘရာမင်ယမ်ဂျိုင်ရှန်ကာက ပြောကြားထားသည်။

ပြီးခဲ့သည့်လက အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အရူနာချယ်ပရာဒေ့ရှ်သို့သွားရောက်၍ အခြေခံအဆောက်အအုံစီမံကိန်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

## ဖင်လန်နိုင်ငံ အလယ်တန်းကျောင်းတစ်ကျောင်း၌ အသက် ၁၂ နှစ်အရွယ် ကျောင်းသား သေနတ်ပစ်ခတ်မှုကျူးလွန်

**ဟယ်ဆင်ကီး ဧပြီ ၂**

ဖင်လန်နိုင်ငံ တောင်ပိုင်း အလယ်တန်းကျောင်း တစ်ကျောင်း၌ အသက် ၁၂ နှစ်အရွယ် ကျောင်းသားတစ်ဦးက ယနေ့နံနက်ပိုင်းတွင် သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာ ကျောင်းသားတစ်ဦးသေဆုံး၍ နှစ်ဦးဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။



သေနတ်ပစ်ခတ်မှု ကျူးလွန်သူ အသက် ၁၂ နှစ်အရွယ် ကျောင်းသားကို ဖင်လန်ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးထိန်းသိမ်းထားသည်။

သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ အလယ်တန်းကျောင်းမှာ ကျောင်းသား ဦးရေ ၈၀၀ ခန့်ရှိပြီး ဗင်တာအာမြို့၌ တည်ရှိသည်။

သေနတ်ပစ်ခတ်မှု ကျူးလွန်ခဲ့သူ ကျောင်းသားငယ်ကို ယနေ့ညနေပိုင်းတွင် ဟယ်ဆင်ကီးမြို့ရဲယာဉ်၌ သေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးမိခဲ့ကြောင်း ဖင်လန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ဗင်တာအာမြို့ စာသင်ကျောင်း သေနတ်ပစ်ခတ်မှုကြောင့် မိမိတို့အနေဖြင့် လွန်စွာတုန်လှုပ်မိကြောင်း ဖင်လန်ဝန်ကြီးချုပ် ပက်တာရီအော်ပိုက ပြောကြားထားသည်။

ဖင်လန်နိုင်ငံသည် ၂၀၀၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်တို့တွင် အသေအပျောက်များသည့် စာသင်ကျောင်း သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## SLIM လဆင်းယာဉ်က ဒုတိယမြောက်လကမ္ဘာညကာလကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီးနောက် တစ်ဖန်ပြန်လည်ငြိမ်သက်သွားပြီဖြစ်



**တိုကျို မေ ၂**

ဂျပန်အာကာသအေဂျင်စီ၏ SLIM လဆင်းယာဉ်သည် ဒုတိယ မြောက် လကမ္ဘာညကာလကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး နောက်တစ်ဖန် ပြန်လည်ငြိမ်သက် သွားပြီဖြစ်ကြောင်း မေ ၁ ရက် သတင်းများအရ သိရသည်။

SLIM လဆင်းယာဉ်သည် ယခုနှစ် ဇန်နဝါရီလတွင် လမျက်နှာပြင်ပေါ်သို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့ရာ ဂျပန်နိုင်ငံမှာလည်း လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်ခဲ့သော ပဉ္စမမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာခဲ့သည်။

SLIM လဆင်းယာဉ်သည် လပေါ်သို့ဆင်းသက်ရာတွင် အနေအထားမမှန်ခဲ့သဖြင့် နေစွမ်းအင်ပြားများ အနေအထားလွဲမှားခဲ့ကြောင်း သိရသည်။

သို့ရာတွင် ၎င်းလဆင်းယာဉ်သည် ၁၉ ရက်ကြာ ပထမဆုံး လကမ္ဘာညကာလကို အောင်မြင်စွာကျော်ဖြတ်ခဲ့ပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြန်လည်နိုးထလာခဲ့ပြီး စူးစမ်းလေ့လာမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် SLIM လဆင်းယာဉ်သည် ဒုတိယမြောက် လကမ္ဘာ ညကာလကို အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပြီး စူးစမ်းလေ့လာမှုများ ပြန်လည် ပြုလုပ်နိုင်ခဲ့ကြောင်း၊ မတ် ၃၁ ရက်တွင် တတိယမြောက် လကမ္ဘာညကို စတင်ဖြတ်ကျော်နေပြီဖြစ်ကြောင်း ဂျပန်အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဂျပန်အာကာသအေဂျင်စီသည် SLIM လဆင်းယာဉ်ကို ၂၀၂၃ ခုနှစ် စက်တင်ဘာ ၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နာဆာ၏ ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က ဂြိုဟ်သစ်များရှာဖွေရေးလုပ်ငန်းတွင်လည်း ပါဝင်နေ

**ဝါရှင်တန် မေ ၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် ဂြိုဟ်သစ်များရှာဖွေရေးလုပ်ငန်းတွင်လည်း ပါဝင်နေပြီဖြစ်ကြောင်း မေ ၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များသည် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကို အသုံးပြု၍ ဂြိုဟ်ဖွဲ့တိမ်တိုက်ကြီးများကို စူးစမ်းလေ့လာခဲ့ကြကြောင်း သိရသည်။

ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ဂြိုဟ်ဖွဲ့တိမ်တိုက်များအတွင်း လှုပ်ရှားမှုများကို အသေးစိတ်လေ့လာနိုင်ခဲ့ကြောင်း သိရသည်။

အထူးသဖြင့် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏



NIRCan အမည်ရှိ ကင်မရာစနစ်သည် ဂြိုဟ်ဖွဲ့တိမ်တိုက်များကို လေ့လာရာတွင် အထောက်အကူပြုကြောင်း အမေရိကန်နိုင်ငံ မစ်ချီဂန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သည် မူလက စကြဝဠာ၏ ရှေးအကျဆုံးကြယ်စုများကို လေ့လာရေးအတွက် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်ကို လွှတ်တင်ထားခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်၏ စူးစမ်းလေ့လာရေးစနစ်များသည် အနီးဝန်းကျင်ရှိ အာကာသနယ်မြေများကိုလည်း လေ့လာစူးစမ်းနိုင်စွမ်းရှိကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

## Open AI ကုမ္ပဏီ၏ AI နည်းပညာသုံး အသံပုံတူပွားဆော့ဖ်ဝဲလ်က မည်သည့်အသံမျိုးကိုမဆို ၁၅ စက္ကန့်အတွင်း ပုံတူပွားနိုင်

**ဝါရှင်တန် မေ ၂**

အမေရိကန်နိုင်ငံ Open AI ကုမ္ပဏီ၏ AI နည်းပညာသုံး အသံပုံတူပွား ဆော့ဖ်ဝဲလ်သည် မည်သည့်အသံမျိုးကိုမဆို ၁၅ စက္ကန့်အတွင်း ပုံတူပွားနိုင်ကြောင်း မေ ၁ ရက် သတင်းများအရ သိရသည်။

သို့ရာတွင် အဆိုပါ AI နည်းပညာသုံး အသံပုံတူပွား ဆော့ဖ်ဝဲကို အများပြည်သူများအား အသုံးပြုခွင့်ပေးမည်မဟုတ်ကြောင်း Open AI ကုမ္ပဏီက ကြေညာထားသည်။

AI နည်းပညာသုံး အသံပုံတူပွားစနစ်သည် ရွေးကောက်ပွဲကျင်းပရမည့်နှစ်မျိုး၌ အများပြည်သူသုံးစွဲမည်ဆိုပါက ပြဿနာရှိလာနိုင်သည့် AI ဆော့ဖ်ဝဲဖြစ်ကြောင်း Open AI ကုမ္ပဏီ ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါ AI ဆော့ဖ်ဝဲကို Voice Engine ဟု၍ Open AI ကုမ္ပဏီက အမည်ပေးထားကြောင်း သိရသည်။

Open AI ကုမ္ပဏီသည် နာမည်ကျော် Chat GPT AI ဆော့ဖ်ဝဲကို ဖန်တီးခဲ့သည့် နည်းပညာကုမ္ပဏီဖြစ်သည်။

အသံပုံတူပွား AI ဆော့ဖ်ဝဲများကို ကမ္ဘာတစ်ဝန်းရှိ အခြားသော အဖွဲ့အစည်းနည်းပညာကုမ္ပဏီများကလည်း ဖန်တီးထားကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## ADHD ရောဂါကု ဆေးတစ်မျိုးကြောင့် နှလုံးထိခိုက်ပျက်စီးနိုင်ဖွယ်ရှိ

**နယူးယောက် မေ ၂**

ADHD ခေါ် စိတ်ကျန်းမာရေးပြဿနာတစ်မျိုးကို ကုသရာတွင် အသုံးပြုသည့် Adderall(Ritalin) ခေါ် ဆေးတစ်မျိုးကြောင့် နှလုံးထိခိုက် ပျက်စီးနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ မေ ၁ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ကိုလိုရာဒိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ADHD ပြဿနာအတွက် Adderall ဆေးသုံးစွဲနေရသူလူနာများကို လေ့လာခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသောရလဒ်များအရ Adderall ဆေးသုံးစွဲသူ ADHD လူနာများသည် ၎င်းဆေးသုံးစွဲခြင်းမရှိသည့် လူနာများထက် ဆေးစတင်သုံးစွဲပြီး ရှစ်နှစ်တာအတွင်း နှလုံးအားနည်းလာနိုင်ခြေ ၆၀ ရာခိုင်နှုန်းခန့် ပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Adderall ကဲ့သို့ ADHD ရောဂါကုသသည့်ဆေးများသည် အာရုံစူးစိုက်နိုင်စွမ်းကို မြှင့်တင်ပေးရေးအတွက် ဦးနှောက်အတွင်းရှိ ဓာတုပစ္စည်းများအဆင့်ကို ပြောင်းလဲပေးသောဆေးများဖြစ်ကြသည်။

သို့ရာတွင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါဆေးများကြောင့် နှလုံးကြွက်သားများထူလာခြင်း၊ မာတောင့်ခြင်းများရှိလာတတ်ပြီး နှလုံးအားနည်းချည့်နဲ့လာတတ်သည်။

အမေရိကန်သုတေသနပညာရှင်များသည် ADHD လူနာပေါင်း ၂၄၀၀၀ ကျော်ကို ၁၀ နှစ်ကြာ အချိန်ယူလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## မျိုးဗီဇကြောင့် စိတ်ဖိအားခံစားရသူများတွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ မြင့်မားလာနိုင်

**နယူးယောက် မေ ၂**

မျိုးဗီဇကြောင့် စိတ်ဖိအားဝင်ရောက်မှုပြဿနာရှိနေသူများသည် ရောဂါဖောက်ပြီးချိန်တွင် နှလုံးရုတ်တရက်ဖောက်မှုပြဿနာခံစားရနိုင်ခြေ မြင့်မားလာနိုင်ကြောင်း မေ ၁ ရက် သတင်းများအရ သိရသည်။

မျိုးဗီဇကြောင့် အာရုံနာ့ဇ်ဆဲလ်ပြဿနာများနှင့် စိတ်ဖိအားဝင်ရောက်မှုပြဿနာ ရှိသူများသည် စိတ်ဖိအားဝင်ပြီးချိန်တွင် နှလုံးရုတ်တရက်ဖောက်နိုင်ခြေ ၃၄ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် လူပေါင်း ၁၈၅၀၀ ခန့်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာစိစစ်ခဲ့သည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ မျိုးဗီဇကြောင့် စိတ်ဖိအားဝင်ရောက်မှုပြဿနာမှာ နှလုံးရုတ်တရက်ဖောက်နိုင်ခြေမြင့်မားလာမှုနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် မျိုးဗီဇကြောင့် စိတ်ဖိအားဝင်ရောက်မှုနှင့် နှလုံးရုတ်တရက်ဖောက်နိုင်ခြေမြင့်မားမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို မသိရသေးကြောင်း သိရသည်။

မျိုးဗီဇကြောင့် စိတ်ဖိအားဝင်ရောက်မှုအပြင် စိုးရိမ်သောကနှင့် စိတ်ကျဝေဒနာတို့ပါ ရှိနေပါက နှလုံးဖောက်နိုင်ခြေမှာ ပို၍ပင် မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# မန်ယူအသင်းက အမ်မရာဘတ်ကို ဖီအိုရင်တီးနားသို့ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်

**မန်ချက်စတာ ဧပြီ ၂**

မန်ယူအသင်းသည် ဖီအိုရင်တီးနားအသင်းမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား အမ်မရာဘတ်ကို ဘောလုံးရာသီအကုန်တွင် ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

မန်ယူအသင်းအနေဖြင့် အမ်မရာဘတ်ကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် အပြီးသတ်ဝယ်ယူခွင့်ပါသည့် သဘောတူစာချုပ်ဖြင့် အငှားခေါ်ယူခဲ့သော်လည်း ကစားသမားအနေဖြင့် နည်းပြတန်ဟတ်၏ ကစားကွက်နှင့် အံ့ဝင်မှုမရှိဘဲ ခြေစွမ်းပြသနိုင်ရန်ရုန်းကန်ခဲ့ရသောကြောင့် အပြီးသတ်ဝယ်ယူမည်မဟုတ်ဘဲ နွေရာသီတွင် ဖီအိုရင်တီးနားအသင်းသို့ ပြန်လည်စေလွှတ်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

အမ်မရာဘတ်သည် မန်ယူအသင်းတွင် ပြိုင်ပွဲစုံ ၂၂ ပွဲပါဝင်ခဲ့ရာ ၁၃ ပွဲသာ ပွဲထွက်ခွင့်ရခဲ့ပြီး ကျန်ပွဲစဉ်များတွင် လူစားဝင်ကစားသမားအဖြစ်သာ ကစားခဲ့ရကာ ပါဝင်ခွင့်ရသည့် ပွဲစဉ်များတွင်လည်း ပုံစံကောင်းပျောက်ဆုံးခဲ့သဖြင့် မန်ယူအသင်းကွင်းလယ်ပိုင်းတွင် တွန်မီနေး၊ ကက်စ်မဲရိုး၊ မိုင်နူးအဲရစ်ဆင်တို့၏ နောက်တွင်သာပါဝင်ခဲ့ရသဖြင့် မန်ယူအသင်းတာဝန်ရှိသူများက အမ်မရာဘတ်ကိုလက်လွှတ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် မန်ယူအသင်းသည် အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ချန်ပီယံရှစ်ကလပ်ကိုဗင်ထရီအသင်းနှင့် တွေ့ဆုံနေသောကြောင့် ဖိုလ်လုပွဲတက်ရောက်ရန် အခွင့်အရေးများနေသော်လည်း အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၆)နေရာ၌ ရပ်တည်နေသဖြင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် စပါးအသင်း၊ အေဗီလာအသင်းတို့နှင့် ဆက်လက် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ချဲလ်ဆီးအသင်း ခံစစ်ကစားသမား ဘာဒီယာရှီးလ်က လာမည့်နွေရာသီတွင် အသင်းမှထွက်ခွာရန် အစီအစဉ်မရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်အသင်းမှ ထွက်ခွာရန်ကြိုးပမ်းနေသည့် ဂိုးသမား ရမ်ဒေးလ်ကို နယူးကာဆယ်အသင်းနည်းပြ ဟိုဝီက ခေါ်ယူရန် ပစ်မှတ်ထားနေပြီး သဘောတူညီမှုရရှိရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ယခုနှစ်ဘောလုံးရာသီ ဥရောပအကောင်းဆုံးကစားသမားစာရင်းတွင် အမ်ဘက်ပီက ထိပ်ဆုံးတွင်ဦးဆောင်နေပြီး ဘယ်လင်ဟမ်နှင့် ဒီဘရိုင်းတို့က အဆင့်(၂)နှင့် အဆင့်(၃)တွင် အစဉ်လိုက်ရပ်တည်နေသော်လည်း တိုက်စစ်မှူး စီရော်နယ်ဒိုမှာ ၂၅ ယောက်မြောက်တွင်ရောက်ရှိနေကြောင်း သိရသည်။
- မန်စီးတီးနှင့်အေဗီလာအသင်းတို့ပွဲစဉ်တွင် အိုလီဝက်ကင်းနှင့် ဂျက်ကော့ရမ်ဆေးတို့ပါဝင်မည်မဟုတ်ကြောင်း နည်းပြအမ်မရီက ထုတ်ဖော်ပြောကြားခဲ့သည်။

**ML**

# လာမည့်နွေရာသီတွင် နည်းပြအယ်လီဂရီနှင့်လမ်းခွဲရန် ဂျူဗင်တပ်အသင်းစီစဉ်



**ရောမ ဧပြီ ၂**

ဂျူဗင်တပ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ၌ နည်းပြအယ်လီဂရီ၏ စွမ်းဆောင်ရည်ကို နှစ်သက်မှုမရှိသောကြောင့် နွေရာသီတွင် လမ်းခွဲရန်စီစဉ်နေပြီး ၎င်း၏နေရာတွင် နည်းပြမော်တာနှင့် အစားထိုးသွားရန် ပစ်မှတ်ထားလျက်ရှိသည်။

နည်းပြ အယ်လီဂရီသည် နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပွဲစဉ် ကိုးပွဲတွင် ရမှတ် ခုနစ်မှတ်သာစုဆောင်းနိုင်ခဲ့ပြီး ရမှတ် ၅၉ မှတ်ဖြင့် အဆင့်(၃)တွင် ရပ်တည်နေသောကြောင့် အဆင့်(၄)မှ ဘိုလော့ဂ်နာအသင်း၊အဆင့်(၅)မှ ရိုးမားအသင်းတို့နှင့် ရမှတ်ကွာဟမှု ကျဉ်းမြောင်းနေသဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ခွင့်အတွက် ရုန်းကန်ရဖွယ်ရှိနေသည်။

ဂျူဗင်တပ်အသင်းသည် ယခုနှစ်တွင် ဥရောပပြိုင်ပွဲကစားခွင့်မရခဲ့သဖြင့် ကိုပါအီတလီယာဖလားနှင့် အမှတ်ပေးပြိုင်ပွဲကိုသာ အာရုံစိုက်ကစားခဲ့ရသဖြင့် ကိုပါအီတလီယာဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်ထိတက်ရောက်ခဲ့သည့်အပြင် အမှတ်ပေးပြိုင်ပွဲတွင်လည်း အဆင့်(၂)နေရာထိရောက်ရှိခဲ့ပြီး အမှတ်ပေးဗိုလ်လုပွဲတွင်း ကြိုးပမ်းနေသည့် အင်တာမီလန်အသင်းကိုလည်း ဖိအားပေးနိုင်ခဲ့သည်။

သို့သော် ဂျူဗင်တပ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် အမှတ်ပေးပွဲကိုးပွဲတွင် တစ်ပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့သည့်အတွက် အသင်းတာဝန်ရှိသူများက နည်းပြ အယ်လီဂရီ၏ စွမ်းဆောင်မှုပိုင်းကို သံသယဖြစ်လာကာ ၎င်းအနေဖြင့်လာမည့်ပွဲစဉ်များတွင် ရလဒ်ပိုင်းတိုးတက်လာခြင်းမရှိပါက ဘောလုံးရာသီအကုန်တွင် အသင်းမှ ထုတ်ပယ်ရန် ဆုံးဖြတ်ထားပြီး ဘိုလော့ဂ်နာနည်းပြ မော်တာနှင့် အစားထိုးရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ဂျာမနီအသင်းက နာဂျယ်စမန်းကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးရန်ကြိုးပမ်း

**ဘာလင် ဧပြီ ၂**

ဂျာမနီဘောလုံးအဖွဲ့ချုပ်သည် နည်းပြနာဂျယ်စမန်းကို ယခုနှစ်ကုန်ထိ ကာလတိုခန့်အပ်ခဲ့သော်လည်း ၎င်းအနေဖြင့် အသင်း၏ရလဒ်ပိုင်းကို တိုးတက်အောင်စွမ်းဆောင်နိုင်ခဲ့သဖြင့် ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးရန် ကြိုးပမ်းလျက်ရှိသည်။

မကြာသေးမီက ဂျာမနီဘောလုံးအဖွဲ့ချုပ်အနေဖြင့် နာဂျယ်စမန်းကို ယူရို ၂၀၂၄ ပြိုင်ပွဲပြီးမှသာ စာချုပ်သက်တမ်းတိုးမည်ဟု ပြောကြားထားသော်လည်း ၎င်းအနေဖြင့် ဂျာမနီအသင်းကိုတာဝန်ယူပြီးနောက် ခြေစမ်းပွဲခြောက်ပွဲကိုင်တွယ်ခဲ့ရာ သုံးပွဲနိုင်၊တစ်ပွဲသရေ၊နှစ်ပွဲရှုံးရလဒ်ရရှိခဲ့ပြီး အမေရိကန်၊ပြင်သစ်၊နယ်သာလန်အသင်းတို့ကို အနိုင်ရရှိခဲ့သောကြောင့် နာဂျယ်စမန်းကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘိုင်ယန်မြူးနစ်အသင်းက နည်းပြတူချယ်၏နေရာတွင် အစားထိုးရန်အတွက် နာဂျယ်စမန်းကိုပြန်လည်ခန့်အပ်ရန် ပစ်မှတ်ထားနေပြီး လာမည့်ရက်ပိုင်းအတွင်း နည်းပြနှင့်တွေ့ဆုံရန်စီစဉ်နေသောကြောင့် ဂျာမနီဘောလုံးအဖွဲ့ချုပ်က နာဂျယ်စမန်း၏ စာချုပ်သစ်ကိစ္စကို အမြန်ဆုံးဆောင်ရွက်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်။

အသက် ၃၆ နှစ်ရှိ နည်းပြနာဂျယ်စမန်းသည် ၂၀၁၃ ခုနှစ်က ဟော်ဖန်ဟိမ်း လူငယ်အသင်းကို တာဝန်ယူခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်တွင် စီနီယာအသင်းကြီးကို စတင်ကိုင်တွယ်ခဲ့ရာ ရလဒ်ကောင်းများ ရယူနိုင်ခဲ့သဖြင့် ၂၀၁၉ ခုနှစ် လိုက်ပ်ဇစ်အသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းကို ဘွန်ဒက်လီဂါထိပ်သီးအသင်းတစ်သင်းဖြစ်အောင် တည်ဆောက်နိုင်ခဲ့သောကြောင့် ၂၀၂၁ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူခဲ့ပြီး ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ စူပါဖလားနှင့်အမှတ်ပေးဆုဖလားများရယူပေးခဲ့သော်လည်း အသင်းတာဝန်ရှိသူများက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုမရခဲ့သောကြောင့် ၂၀၂၃ ခုနှစ်တွင် လမ်းခွဲခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# LPGA Tour ပြိုင်ပွဲသုံးရပ်တွင် ချန်ပီယံဆုဆွတ်ခူးခဲ့သည့် ဂေါက်သီးရိုက်မယ်အဖြစ် နယ်လီကော့ဒါ မှတ်တမ်းဝင်

**အရီဇိုးနား ဧပြီ ၂**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ဂီလ်ဘတ်မြို့တွင် ကျင်းပခဲ့သည့် Ford Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့်(၁)နေရာ၌ ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော့ဒါက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် အချက် ၂၀ လျော့ရိုက်ကာ ချန်ပီယံဆုကိုဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက်မယ် နာဇက်ဒ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး စပိန်ဂေါက်သီးရိုက်မယ် စီဂန်ဒါအပါအဝင်ပြိုင်ပွဲဝင် ငါးဦးထိ စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာ၌ ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ချန်ပီယံဆု ဆွတ်ခူးခဲ့သော နယ်လီကော့ဒါသည် Ford Championship ဂေါက်သီးရိုက်ပြိုင်ပွဲ မတိုင်မီကျင်းပခဲ့သော ပြိုင်ပွဲနှစ်ရပ်တွင် ချန်ပီယံဆုကို ဆက်တိုက်ဆွတ်ခူးနိုင်ခဲ့ပြီး ပြိုင်ပွဲသုံးရပ်ဆက် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့သော ဂေါက်သီးရိုက်မယ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

Ford Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းကြောင့် ကစားသမားဘဝ သက်တမ်းတစ်လျှောက် ဂေါက်သီးရိုက်ပြိုင်ပွဲများမှရရှိခဲ့သည့် ဆုကြေးငွေစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၈၆ သန်းထိ ရှိလာခဲ့ပြီဖြစ်သည်။



နယ်လီကော့ဒါက "ပြိုင်ပွဲတစ်ရပ်မှာပါဝင်ယှဉ်ပြိုင်ပြီး ချန်ပီယံဆုကိုဆွတ်ခူးခဲ့ပြီးရင် စိတ်ဓာတ်ပိုင်းတက်ကြွတယ်ဆိုပေမဲ့ စိတ်ဓာတ်ပိုင်း ရာခိုင်နှုန်းပြည့် ကောင်းမွန်အောင်နေနိုင်ဖို့တော့ ခက်ခဲလိမ့်မယ်။ ဒါပေမဲ့ ပြိုင်ပွဲသုံးရပ်ဆက် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ဖို့ကတော့ စိတ်ကူးဖို့တောင် ခက်ခဲတဲ့အရာပါ။ အခု ကျွန်မရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ခဲ့ပြီ။ ၂၀၂၁ ခုနှစ် ဂေါက်သီးရိုက်ရာသီမှာ အောင်မြင်မှုတွေရရှိခဲ့ပြီး ကစားသမားဘဝအတွက် အကောင်းဆုံး နှစ်တစ်နှစ်ဖြစ်ခဲ့ပါတယ်။အခုနှစ်ဂေါက်သီးရိုက်ရာသီမှာ ၂၀၂၁ ခုနှစ်ကထက် ပိုကောင်းအောင် အောင်မြင်မှုတွေပိုပြီးတော့ ဆွတ်ခူးနိုင်အောင် ကြိုးစားသွားပါမယ်။ ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၃ ခုနှစ်မှာတော့ နောက်ကျောဒဏ်ရာကြောင့် အခက်အခဲတွေနဲ့ကြုံတွေ့ခဲ့ရတယ်။အခက်အခဲတွေကိုအကောင်းဆုံးကျော်ဖြတ်ပြီး ကျွန်မမျှော်လင့်ထားတဲ့အခြေအနေကိုရောက်ရှိလာပြီလို့ ယုံကြည်ပါတယ်"ဟုပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# သြစတြေးလျစူပါဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲတွင် လက်ရှိချန်ပီယံ နီကီတာတီဇူက ခရီယာတီနှင့် ထိုးသတ်မည်

**ဆစ်ဒနီ ဧပြီ ၂**

သြစတြေးလျ စူပါဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ နီကီတာတီဇူက စိန်ခေါ်သူ ခရီယာတီနှင့် ဧပြီ ၂၄ ရက်တွင် ဆစ်ဒနီမြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နီကီတာတီဇူသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်က ဒိုင်လန်ဘစ်ကို ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီးနောက် သြစတြေးလျစူပါဝယ်သာဝိတ်တန်းချန်ပီယံခါးပတ်ကို ဆွတ်ခူးခဲ့ပြီး ယခုအခါ ပထမဆုံးအကြိမ် လက်ရှိချန်ပီယံဆုကို ကာကွယ်သွားမည်ဖြစ်သည်။




နီကီတာတီဇူသည် WBO လိုက်မစ်ဒယ်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ တင်မ်တီဇူ၏ ညီတော်စပ်သူဖြစ်ပြီး အစ်ကိုဖြစ်သူကဲ့သို့ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ကာကွယ်နိုင်ရေးအတွက် ပစ်မှတ်ထားနေကြောင်း ပြောကြားခဲ့သည်။

နီကီတာတီဇူသည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ဝင်ရောက်လာခဲ့ပြီးနောက် စိန်ခေါ်ပွဲရှစ်ပွဲထိုးသတ်ထားပြီး ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိခဲ့သည့် စိန်ခေါ်ပွဲ ခုနစ်ပွဲထိရှိပြီး ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားဖြစ်ပြီး ခရီယာတီသည် ယခုနှစ် မတ် ၂၀ ရက်တွင် မားကပ်စ်ဟေးဝုဒ်ကိုအနိုင်ထိုးသတ်ခဲ့ပြီး တစ်လကျော်အကြာတွင် ချန်ပီယံကို စိန်ခေါ်ထိုးသတ်ခဲ့ခြင်းလည်းဖြစ်သည်။

No Limit Boxing Promotion ၏အမှုဆောင်ချုပ် ဂျော်ဂျီရို့စ်က “နီကီတာဟာ သြစတြေးလျလက်ဝှေ့လောကရဲ့ အနာဂတ်ကြယ်ပွင့်တစ်ယောက်ပါ။ တင်မ်တီဇူလို ကမ္ဘာ့လက်ဝှေ့လောကမှာ အောင်မြင်မှုတွေ ဆွတ်ခူးနိုင်မဲ့ လက်ဝှေ့သမားတစ်ယောက်ပါ။ နီကီတာဟာ လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်အတွက် ပြီးခဲ့တဲ့မတ်လကတည်းက သူ့အစ်ကိုတင်မ်တီဇူနဲ့ တွဲဖက်လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ တိုးတက်မှုတွေရှိလာတယ်။ လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်မှာလဲ အကောင်းဆုံးထိုးသတ်နိုင်မယ်လို့ ယုံကြည်တယ်”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**

# ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ သွင်းဂိုးအများဆုံးဆုကို စီရော်နယ်ဒိုဆွတ်ခူးရန် သေချာ

**ရိုယာ့ဒ် ဧပြီ ၂**

အယ်ဟိုင်လာအသင်းတိုက်စစ်မှူး မက်ထရိုဗစ် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တ ခြောက်ပတ်ခန့်ထိအနားယူရမည်ဖြစ်သည့်အတွက် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ သွင်းဂိုးအများဆုံး ကစားသမားဆုကို အယ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်ဒိုက ဆွတ်ခူးနိုင်ရန် သေချာသလောက်ရှိနေကြောင်း သိရသည်။

အယ်ဟိုင်လာအသင်းတိုက်စစ်မှူး မက်ထရိုဗစ်သည် အယ်ဟိုင်လာအသင်းက အယ်ရှာဘတ်အသင်းကို လေးဂိုး သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် ပွဲချိန် မိနစ် ၂၀ နှင့် ၂၇ မိနစ်တို့တွင် ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၄မိနစ်တွင် တံကောက်ကြောဒဏ်ရာကြောင့် ထွက်ခွာခဲ့ရသည်။

မက်ထရိုဗစ်၏ ဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန်အတွက် အနည်းဆုံးရက်သတ္တ ခြောက်ပတ်ခန့်ထိအနားယူရမည်ဖြစ်ပြီး ပွဲစဉ်အများအပြားကို လွဲချော်မည်ဖြစ်သည့်အတွက် သွင်းဂိုးအများဆုံးကစားသမားဆုအတွက် စီရော်နယ်ဒိုကို လိုက်မီနိုင်ရန်အတွက် ခက်ခဲသွားမည်ဖြစ်သည်။

လက်ရှိ ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် စီရော်နယ်ဒိုသည် ၂၃ ပွဲကစားပြီးချိန်တွင် သွင်းဂိုး ၂၆ ဂိုးဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး မက်ထရိုဗစ်က ၂၂ ပွဲကစားအပြီး ၂၂ ဂိုးဖြင့် လေးဂိုးအကွာမှ ဖိအားပေးနေသော်လည်း ယခုအခါ မက်ထရိုဗစ်က ရက်သတ္တ ခြောက်ပတ်ခန့်ထိအနားယူရမည်ဖြစ်သည့်အတွက် စီရော်နယ်ဒိုက ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ သွင်းဂိုးအများဆုံးကစားသမားဆုအတွက် သေချာသလောက်ရှိနေကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**




# မန်ယူအသင်းက ဝီလ်ကော့ရှ်ကို အသင်းအားကစားဒါရိုက်တာအဖြစ်ခန့်အပ်

**မန်ချက်စတာ ဧပြီ ၂**

မန်ယူအသင်းကို အပြောင်းအလဲများ လုပ်ဆောင်နေသည့် အသင်းပူးတွဲပိုင်ရှင် ရက်ကလစ်ဖ်က လစ်လပ်နေသည့်အသင်း အားကစားဒါရိုက်တာရာထူးအတွက် ဆောက်သမ်တန်အသင်းမှ အားကစားဒါရိုက်တာဝီလ်ကော့ရှ်ကို ခန့်အပ်နိုင်ခဲ့ကြောင်း သိရသည်။

ရက်ကလစ်ဖ်သည် မန်ယူအသင်းပူးတွဲ ပိုင်ရှင်ဖြစ်လာခဲ့ပြီးနောက် အသင်း၏ အားကစားဆိုင်ရာကိစ္စရပ်အားလုံးကိုဦးဆောင်လုပ်ကိုင်ခွင့် ရရှိထားပြီး ကစားသမားအပြောင်းအရွှေ့ကာလမတိုင်မီအသင်းဘုတ်အဖွဲ့ဝင်များကို အပြောင်းအလဲများ စတင်လုပ်ဆောင်နေခြင်းဖြစ်သည်။

ဝီလ်ကော့ရှ်သည် ကစားသမားဘဝတွင် ဘလက်ဘန်း၊ လက်စတာစသည့်အသင်းများတွင် ကစားခဲ့ဖူးသူဖြစ်ပြီး ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ မန်ယူအသင်း၏ မြို့ခံပြိုင်ဘက် မန်စီးတီး ယူ-၁၈ အသင်းနည်းပြအဖြစ် ဘောလုံးလောကသို့ ပြန်လည်ဝင်ရောက်ခဲ့သူဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝီလ်ကော့ရှ်သည် မန်စီးတီးယူ-၁၈အသင်းမှ ၂၀၁၆ ခုနှစ်တွင် မန်စီးတီးအသင်း အကယ်ဒမီနည်းပြအဖြစ် ပြောင်းလဲတာဝန် ထမ်းဆောင်ခဲ့ပြီးနောက် ၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်း အကယ်ဒမီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခွင့်ရရှိခဲ့ကာ မန်စီးတီးအသင်းအတွက် ထိပ်တန်းလူငယ်ကစားသမားများဖြစ်သည့် ဖိုဒန်၊ လီဗှစ်၊ပယ်မာအစရှိသည့် ကစားသမားများ ပေါ်ထွက်လာအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။

ဝီလ်ကော့ရှ်သည် ၂၀၂၃ ခုနှစ်တွင် မန်စီးတီးအသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ဆောက်သမ်တန်အသင်း အားကစားဒါရိုက်တာအဖြစ် တာဝန်ယူခဲ့ပြီးနောက် အသင်းတွင် ထိပ်တန်းလူငယ်ကစားသမားများကို ရောင်းချရာမှ အသင်းအတွက် ဝင်ငွေစတာလင်ပေါင် သန်း ၁၇၀ ကျော်ကို ရှာဖွေနိုင်ခဲ့သူဖြစ်ကြောင်း သိရသည်။

ဝီလ်ကော့ရှ်သည် ဆောက်သမ်တန်အသင်း အားကစားဒါရိုက်တာရာထူးမှ နုတ်ထွက်ရန်အတွက် သဘောတူညီမှုရရှိထားပြီး မန်ယူအသင်း အားကစားရိုက်တာအဖြစ် မကြာမီစာချုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : STA**

# Charleston Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ ဗိုလီနက် တက်ရောက်

**ချာလီစတန် ဧပြီ ၂**

အမေရိကန်နိုင်ငံ ချာလီစတန်မြို့တွင်ကျင်းပနေသည့် Charleston Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် အမေရိကန်တင်းနစ်မယ် ဗိုလီနက်နှင့် နယ်သာလန်တင်းနစ်မယ်အရန်ဇာတို့ ယှဉ်ပြိုင်ကစားခဲ့ရာဗိုလီနက်က (၆-၂၊ ၆-၇၊ ၇-၆)ရလဒ်ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဗိုလီနက်နှင့် အရန်ဇာတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန်မှာ ၃ နာရီ ၄၃ မိနစ်ထိကြာမြင့်ခဲ့ကာ ယခုနှစ်တင်းနစ်ရာသီ၏ လက်ရှိကာလအထိပွဲချိန်အကြာဆုံးပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။

လက်ရည်ညီသည့် ပြိုင်ပွဲဝင်နှစ်ဦး၏ထိပ်တိုက်တွေ့ဆုံမှုဖြစ်သလို ၎င်းတို့အကြား အကောင်းဆုံးကြိုးစား ယှဉ်ပြိုင်ခဲ့သည့်အတွက်ကြောင့်လည်း ပရိသတ်များအား ဖျော်ဖြေမှုအပြည့်အဝပေးနိုင်သည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

အသက် ၂၂ နှစ်ရှိ ဗိုလီနက်သည် လက်ရှိကမ္ဘာ့အဆင့်(၁၁၀)တွင်ရပ်တည်နေသည့် တင်းနစ်မယ်တစ်ဦးဖြစ်ပြီး Charleston Open တင်းနစ်ပြိုင်ပွဲကို လက်ရည်စစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ခဲ့ရသူဖြစ်ပြီး ဒုတိယအဆင့်တွင်နိုင်ခြေအဆင့်(၁၀)အဖြစ်သတ်မှတ်ခံထားရသော အမေရိကန်တင်းနစ်မယ် အမ်မာနာဗာရိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဗိုလီနက်သည် အမ်မာနာဗာရိုနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သလို ပထမအဆင့်တွင်လည်း ပွဲချိန်ကြာမြင့်အောင် ကစားထားရသည့်အတွက် ပွဲပန်းနေပြီးဒုတိယအဆင့်ပွဲစဉ်တွင် အမ်မာနာဗာရိုက အနိုင်ရရှိရန် ရေပန်းစားနေကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို ကွင်းလယ်ဒိုင်အဖြစ် အန်သိုနီတေလာ တာဝန်ယူကိုင်တွယ်မည်



**လန်ဒန် ဧပြီ ၂**

ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ကစားမည့်ပွဲစဉ်ကို ကွင်းလယ်ဒိုင်လူကြီးအဖြစ် အန်သိုနီတေလာက တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၂)အဖြစ် လာမည့် ဧပြီ ၇ ရက်တွင် မန်ယူအသင်းအိမ်ကွင်းဖြစ်သည့် အိုးထရက်ဖို့ဒ် အားကစားကွင်းတွင် ကစားသွားမည်ဖြစ်သည်။

ကွင်းလယ်ဒိုင်လူကြီး အန်သိုနီတေလာသည် လာမည့်ရက်သတ္တပတ်တွင်ကစားမည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁)ပွဲစဉ်များတွင် ကွင်းလယ်ဒိုင်အဖြစ် တာဝန်ယူကြီးကြပ်မည်မဟုတ်ဘဲ ပွဲစဉ်(၃၂)မှသာ ကွင်းလယ်ဒိုင်အဖြစ် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ကစားမည့် ပွဲစဉ်ကို တာဝန်ယူကြီးကြပ်မည်ဖြစ်သည်။

ပရီးမီးယားလိဂ်ဒိုင်အဖွဲ့ချုပ်က ထိပ်တန်းအသင်းကြီးများ တွေ့ဆုံသည့် အရေးကြီးပွဲစဉ်များတွင် ကွင်းလယ်ဒိုင်အဖြစ် ဒိုင်လူကြီးအန်သိုနီတေလာကို တာဝန်ပေးအပ်လေ့ရှိပြီး ပြီးခဲ့သည့် မတ် ၃၁ ရက်က ပရီးမီးယားလိဂ်ပွဲစဉ်(၃၀)အဖြစ်ကစားခဲ့သည့် မန်စီးတီးအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်ကိုလည်း တာဝန်ယူကြီးကြပ်ခဲ့သူဖြစ်ပြီး ယခုအခါတွင်လည်း မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ပွဲစဉ်ကို ဆက်လက်ကြီးကြပ်ခွင့်ရရှိမည်ဖြစ်သည်။

မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ကစားမည့်ပွဲစဉ်တွင် အန်သိုနီတေလာနှင့်အတူ VAR ဒိုင်လူကြီးအဖြစ် ဂျွန်ဘရော့က တာဝန်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : STA**

# တောင်တရုတ်ပင်လယ်အတွင်း ပြင်ပအင်အားကြီးနိုင်ငံများ၏ပြဿနာဖန်တီးမှုများ

**❖ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်သည် ၂၀၀၉ ခုနှစ်တွင် အမေရိကန်၏အာရှဗဟိုပြုမဟာဗျူဟာကို စတင်လုပ်ဆောင်ချိန်တွင် အခြေအနေဆိုးရွားလာခဲ့သည်။ ထိုအချိန်မှစ၍ အမေရိကန်သည် တောင်တရုတ်ပင်လယ်အရေးကို ပထဝီနိုင်ငံရေးကစားနည်းအဖြစ် ပြောင်းလဲရန်ကြိုးပမ်းလာခဲ့သည်။ ထို့ကြောင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ ဖိလစ်ပိုင်နှင့် ဗီယက်နမ်တို့၏မူဝါဒများသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တရုတ်နှင့် ၎င်းတို့၏ဆက်ဆံရေးကို ထိခိုက်စေခဲ့သည်။ ❖**

၂၀၂၄ ခုနှစ်သည် ကမ္ဘာ့ပထဝီနိုင်ငံရေးအခင်းအကျင်းအပြောင်းအလဲများစွာနှင့်ရင်ဆိုင်ရနိုင်သည်ဟု သုတေသီများက ကြိုတင်ဟောကိန်းထုတ်ခဲ့သည်။ ထိုသို့ဖြစ်စေသည့် အပြောင်းအလဲများတွင် ရုရှားသမ္မတရွေးကောက်ပွဲ၊ အိန္ဒိယသမ္မတရွေးကောက်ပွဲနှင့် အမေရိကန်သမ္မတရွေးကောက်ပွဲတို့သည်လည်း တစ်စိတ်တစ်ပိုင်းအဖြစ်ပါဝင်လျက်ရှိနေသည်။ ထို့ပြင် ဒေသတွင်း၌ ဖြစ်ပေါ်လျက်ရှိသည့် ကိုရီးယားကျွန်းဆွယ်တင်းမာမှု၊ တောင်တရုတ်ပင်လယ်အရေးနှင့် တရုတ်(တိုင်ပေ)အရေးတို့သည်လည်း ပါဝင်လျက်ရှိသည်။ ယခုအခါ တောင်တရုတ်ပင်လယ်နှင့်ပတ်သက်၍ အင်အားကြီးနိုင်ငံများ၏ လှုပ်ရှားလာမှုကြောင့် တရုတ်နိုင်ငံက သတိပေးမှုများလုပ်ဆောင်လာခဲ့သည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက တောင်တရုတ်ပင်လယ်အရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို မတ် ၇ ရက်က အမျိုးသားပြည်သူ့ကွန်ဂရက်နှင့် တရုတ်ပြည်သူ့နိုင်ငံရေး အတိုင်ပင်ခံညီလာခံအမျိုးသားကော်မတီတို့၏ နှစ်ပတ်လည်အစည်းအဝေးများအတွင်း ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ ၎င်းက သမိုင်းကြောင်းတစ်လျှောက်တွင် အရှေ့တောင်အာရှဒေသရှိ တရုတ်နှင့် ၎င်း၏အိမ်နီးချင်းနိုင်ငံများသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခဲ့ကြပြီး အချင်းချင်းထိန်းကျောင်းကာ အရှေ့အာရှယဉ်ကျေးမှုကို အတူတကွပုံဖော်ခဲ့ကြသည်ဟုဆိုသည်။

မျက်မှောက်ခေတ်တွင် အနောက်ကိုလိုနီနယ်ချဲ့အရင်းရှင်နိုင်ငံများသည် နေရာများစွာကို လက်အောက်ခံဖြစ်စေရန် တောင်တရုတ်ပင်လယ်လမ်းကြောင်းကို အသုံးပြုခဲ့သကဲ့သို့ ရှေးယခင်က ပြင်ပအင်အားကြီးနိုင်ငံများက ကမ်းရိုးတန်းဒေသများကို တိုက်ခိုက်ကျူးကျော်ဝင်ရောက်ခဲ့သည့် ပင်လယ်လမ်းကြောင်းလည်းဖြစ်သည်။ ၎င်းတွင် အင်ဒိုချိုင်းနားကျွန်းဆွယ်၊ မလေးကျွန်းဆွယ်၊ ဆွန်ဒါကျွန်းများ၊ ဆူမားတြား၊ လူဇုန်၊ ဂျပန်ကျွန်းစုများ၊ တရုတ်နိုင်ငံ၏ကမ်းရိုးတန်းနှင့် ကုန်းတွင်းပိုင်းဒေသများပါဝင်သည်။ ထိုသို့ အင်အားကြီးနိုင်ငံများ၏ တိုက်ခိုက်ကျူးကျော်ခံရသောကာလသည် တောင်တရုတ်ပင်လယ်ရှိနိုင်ငံများ၏သမိုင်းတွင် အမှောင်ဖုံးလွှမ်းသည့်ခေတ်ဖြစ်ခဲ့သည်။

**အတူတကွနေထိုင်ခဲ့မှု သမိုင်းအစဉ်အလာ**

တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်တစ်ဝိုက်ရှိနိုင်ငံများနှင့် ငြိမ်းချမ်းစွာနေထိုင်ခဲ့သည်မှာ နှစ်ပေါင်းထောင်ချီရှိပြီဖြစ်သည်။ တရုတ်ငါးဖမ်းလုပ်သားများသည် ဗီယက်နမ်နှင့် အခြားအရှေ့တောင်အာရှနိုင်ငံများမှ ပြည်သူများနှင့်အတူ ပင်လယ်ပြင်တွင် နှစ်ပေါင်းများစွာငါးဖမ်းကာ အသက်မွေးခဲ့ကြပြီး ဒုက္ခရောက်ချိန်တွင် အချင်းချင်းရိုင်းပင်းကူညီခဲ့ကြသည်။ တောင်တရုတ်ပင်လယ်တွင် ရေပိုင်နက်အငြင်းပွားမှုဖြစ်ပွားပြီးနောက်တွင် ငါးဖမ်းလုပ်သားများသည် ၎င်းတို့၏ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းခဲ့ကြသည်။ အပြန်အလှန်လေးစားမှုနှင့်နားလည်မှုတို့သည် ၂၀၀၀ ပြည့်နှစ်များအစောပိုင်းထိ တောင်တရုတ်ပင်လယ်တစ်ဝိုက်ရှိ နိုင်ငံများကြား ဆက်ဆံရေး၏အမှတ်အသားဖြစ်ခဲ့ပြီး ၎င်းတို့သည် အချင်းချင်းအငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းရန်ကြိုးစားခဲ့ကြသောကြောင့်ဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် အငြင်းပွားနိုင်ငံများသည် တောင်တရုတ်ပင်လယ်ရှိ ပါတီများ၏ ကျင့်ဝတ်ဆိုင်ရာကြေညာစာတမ်းကို ပူးတွဲလက်မှတ်ရေးထိုးခဲ့ကြသည်။

**အင်အားကြီးနိုင်ငံများပါဝင်လာမှု**

သို့သော်လည်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟီလာရီကလင်တန်သည် ၂၀၀၉ ခုနှစ်တွင် အမေရိကန်၏အာရှဗဟိုပြုမဟာဗျူဟာကို စတင်လုပ်ဆောင်ချိန်တွင် အခြေအနေဆိုးရွားလာခဲ့သည်။ ထိုအချိန်မှစ၍ အမေရိကန်သည် တောင်တရုတ်ပင်လယ်အရေးကို ပထဝီနိုင်ငံရေးကစားနည်းအဖြစ် ပြောင်းလဲရန်ကြိုးပမ်းလာခဲ့သည်။ ထို့ကြောင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ ဖိလစ်ပိုင်နှင့်ဗီယက်နမ်တို့၏မူဝါဒများသည် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အတွင်း တရုတ်နှင့် ၎င်းတို့၏ဆက်ဆံရေးကိုထိခိုက်စေခဲ့သည်။

တရုတ်နိုင်ငံနှင့်ပတ်သက်၍ အမေရိကန်၏မဟာဗျူဟာသည် အဓိကကျသောပြဿနာများတွင် ဝင်ရောက်စွက်ဖက်ခြင်းမှ ကျယ်ကျယ်ပြန့်ပြန့်ထိန်းချုပ်ရေးသို့ပြောင်းလဲခဲ့သည်။ အမေရိကန်၏လေယာဉ်တင်သင်္ဘောနှစ်စင်းပါ တိုက်ခိုက်ရေးအဖွဲ့များသည် လွတ်လပ်စွာရေကြောင်းသွားလာခြင်းဟူသော ခေါင်းစဉ်ဖြင့် တောင်တရုတ်ပင်လယ်တွင် မကြာခဏကင်းလှည့်လေ့ရှိသည်။ ပြီးခဲ့သောနှစ်အနည်းငယ်အတွင်း ပြုလုပ်ခဲ့သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှု ၃၀၀ ကျော်ကိုထည့်သွင်းစဉ်းစားပါက အမေရိကန်သည် တောင်တရုတ်ပင်လယ်အတွင်း လုံခြုံရေးအခြေအနေများကို ဆိုးရွားစေကာ တင်းမာမှုများတိုးမြင့်လာစေသည်။ အခြေအနေပိုဆိုးလာသည့်အချက်မှာ တောင်တရုတ်ပင်လယ်ရှိ တရုတ်နိုင်ငံ၏သမိုင်းဝင်နယ်မြေပိုင်ဆိုင်မှုတောင်းဆိုမှုများကို တန်ပြန်ရန်အနောက်အင်အားကြီးနိုင်ငံတချို့၏အကူအညီကို အရှေ့တောင်အာရှနိုင်ငံတချို့က တောင်းယူသည့်အချက်ပင်ဖြစ်သည်။ အငြင်းပွားမှုတွင်ပါဝင်ခြင်းမရှိသည့်နိုင်ငံက ၎င်းကိစ္စရပ်တွင် ဝင်ရောက်စွက်ဖက်ခြင်းဖြင့် တောင်တရုတ်ပင်လယ်၌ တရုတ်နိုင်ငံအတွက်ပြဿနာဖန်တီးရန် နိုင်ငံတချို့ကို အမေရိကန်ကတိုက်တွန်းခဲ့သည်။

သို့သော်လည်း ကံမကောင်းစွာဖြင့် အနောက်အင်အားကြီးနိုင်ငံများနှင့် ပေါင်းစည်းခြင်းသည် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံနှင့်အငြင်းပွားနေသော အရှေ့တောင်အာရှနိုင်ငံများအတွက် မျှော်မှန်းထားသောရလဒ်များကို ဖြစ်ထွန်းစေမည်မဟုတ်ပေ။ ၁၉၇၀ ပြည့်လွန်နှစ်များတွင် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်သည် အမေရိကန်-ဖိလစ်ပိုင်နှစ်နိုင်ငံကာကွယ်ရေးလမ်းညွှန်ချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး တောင်တရုတ်ပင်လယ်ရှိ ကျွန်းများနှင့် သန္တာကျောက်တန်းတချို့အတွက် အမေရိကန်၏ထောက်ခံမှုကိုရယူရန်ကြိုးစားခဲ့သော်လည်း မအောင်မြင်ခဲ့ပေ။

လွန်ခဲ့သည့် ဆယ်စုနှစ်အနည်းငယ်အတွင်း တောင်တရုတ်ပင်လယ်တစ်ဝိုက်ရှိ နိုင်ငံတချို့သည် တောင်တရုတ်ပင်လယ်ရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့သိုက်များကိုရှာဖွေအသုံးချရန် အမေရိကန်နှင့် အနောက်နိုင်ငံများရှိ ရာနှင့်ချီသည့်ကမ္ဘာ့ရေနံကုမ္ပဏီများကိုဖိတ်ခေါ်ခဲ့ပြီး ၎င်းတို့ကို ရေနံငှားရမ်းတူးဖော်ခွင့်နှင့် ၎င်းတို့၏ပိုင်နက်တောင်းဆိုမှုများကို တရားဝင်စေရန် ၎င်းတို့၏ပံ့ပိုးကူညီမှုအတွက် အမြတ်ဝေစုကို လဲလှယ်ပေးကြသည်။ ဒေသတွင်းနိုင်ငံများက တရုတ်နိုင်ငံအပေါ် ၎င်းတို့၏တောင်းဆိုမှုကို အားကောင်းစေရေးလုပ်ဆောင်ရန် အမေရိကန်နှင့် အနောက်နိုင်ငံများ၏အကူအညီကိုတောင်းခံခဲ့မှုသည် ဒေသတွင်းအခြေအနေကိုထိခိုက်စေသော ကြီးမားသည့်အမှားတစ်ခုပင်ဖြစ်သည်။

တောင်တရုတ်ပင်လယ်အတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုထိန်းသိမ်းထားနိုင်ခဲ့မှုသည် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကြိုးပမ်းမှုကြောင့်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်၊ ဂျပန်၊ ဗြိတိန်၊ ဩစတြေးလျ၊ ဖိလစ်ပိုင်နှင့် အခြားနိုင်ငံများမှ မီဒီယာ ၁၃၀၀ ကျော်သည် တောင်တရုတ်ပင်လယ်အရေးနှင့် ပတ်သက်သည့် ဆောင်းပါးများစွာကို မရေမတွက်နိုင်သည်ထိ ထုတ်ဝေခဲ့ကြသောကြောင့် အဆိုပါပြဿနာကို အာရုံစိုက်မှုမြင့်တက်လာကြသည်။

လွန်ခဲ့သည့် ဆယ်နှစ်အတွင်း တောင်တရုတ်ပင်လယ်၌ အတန်ငယ်မငြိမ်မသက်ဖြစ်ရသည့် အခြေအနေမှာ အဓိကအားဖြင့် အမေရိကန်၏ဝင်ရောက်စွက်ဖက်မှုကြောင့်ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် တင်းမာမှုများမြင့်မားလာခြင်းသည် တရုတ်-အာဆီယံကျင့်ဝတ်ဆိုင်ရာ ကြေညာစာတမ်း၏စွမ်းပကားအပေါ် အရိပ်အမြွက်ပြသမှုဖြစ်စေခဲ့သည်။ တောင်တရုတ်ပင်လယ်ရှိ သက်ဆိုင်ရာနိုင်ငံများအပေါ် မြှောက်ပင့်ပေးမှုသည် ဒေသတွင်းငြိမ်းချမ်းရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို အဟန့်အတားဖြစ်စေခဲ့သည်။

ဒေသတွင်းမဟုတ်သော အင်အားကြီးနိုင်ငံများက ပြဿနာကိုနှိုးဆော်ပြီး ပင်လယ်ပြင်အငြင်းပွားမှုကို ပြင်းထန်လာစေရန် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီးနောက် တောင်တရုတ်ပင်လယ်၏အခြေအနေသည် ဆိုးရွားလာခဲ့သည်။ တောင်တရုတ်ပင်လယ်အရေးတွင် စစ်မှန်သောသက်ဆိုင်သူများဖြစ်သည့် တရုတ်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတချို့သည် ရေကြောင်းဆိုင်ရာအငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းရန်လိုအပ်ပြီး ဒေသတွင်းနိုင်ငံအားလုံး၏ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်လိုအပ်သည်။ အရှေ့တောင်အာရှနိုင်ငံများသည် ပင်လယ်ပြင်အငြင်းပွားမှုများကို စစ်မှန်စွာဖြေရှင်းလိုပါက ၎င်းတို့၏ပထဝီနိုင်ငံရေးစစ်တုရင်ခုံပေါ်တွင် ပြင်ပအင်အားကြီးနိုင်ငံများက ၎င်းတို့ကို စစ်တုရင်နယ်ရုပ်များအဖြစ် အသုံးပြုခွင့်မပြုသင့်ဟု တရုတ်နိုင်ငံကရှုမြင်ထားသည်။

တောင်တရုတ်ပင်လယ်ရှိ ဖိလစ်ပိုင်သင်္ဘောများကိုတိုက်ခိုက်မှုမှန်သမျှသည် အမေရိကန်နှင့်ဖိလစ်ပိုင်တို့ကြား အပြန်အလှန်ကာကွယ်ရေးသဘောတူညီချက်ကိုအသက်ဝင်စေမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က မတ် ၁၉ ရက်တွင် တရုတ်နိုင်ငံကို သတိပေးခဲ့သည်။ အမေရိကန်၏ ထိုသို့ရပ်တည်မှုသည် နှစ်နိုင်ငံဆက်ဆံရေး၏အဓိကကျသောအကူးအပြောင်းကာလတွင် ဖိလစ်ပိုင်အတွက် အမေရိကန်၏ကျောထောက်နောက်ခံပေးမှု မယိမ်းယိုင်ကြောင်းကို အချက်ပြလျက်ရှိနေသည်။

**တရုတ်နိုင်ငံ၏တုံ့ပြန်မှု**

တရုတ်နိုင်ငံက တောင်တရုတ်ပင်လယ်ရှိ နန်ဟိုင်းကျူးဒိုကျွန်းစုများနှင့်ပတ်သက်၍ ၎င်း၏အချုပ်အခြာအာဏာကို မတ် ၁၄ ရက်တွင် ထပ်မံအတည်ပြုခဲ့ပြီး တောင်တရုတ်ပင်လယ်အတွင်း ငြိမ်းချမ်းရေးကို အနှောင့်အယှက်မဖြစ်စေရန် ဖိလစ်ပိုင်နိုင်ငံကို ပြင်ပအင်အားစုများနှင့် လက်တွဲမသွားရေးတိုက်တွန်းခဲ့သည်။ တရုတ်နိုင်ငံသည် ကျွန်းစုများနှင့်သက်ဆိုင်ရာရေပိုင်နက်များကို ရှာဖွေဖော်ထုတ်အမည်ပေးကာ စူးစမ်းရှာဖွေအသုံးချသည့် ပထမဆုံးနိုင်ငံဖြစ်ပြီး ၎င်းတို့အပေါ် အချုပ်အခြာအာဏာနှင့် စီရင်ပိုင်ခွင့်အာဏာများကို စဉ်ဆက်မပြတ် ငြိမ်းချမ်းထိရောက်စွာကျင့်သုံးသည့်နိုင်ငံဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဝမ်ဝမ်ဘင်က ပြောကြားခဲ့သည်။ တောင်တရုတ်ပင်လယ်တွင် ဒုတိယကမ္ဘာစစ်အပြီးတွင်ပြုလုပ်သည့် ကိုင်ရိုကြေညာချက်နှင့် Potsdam ကြေညာချက်အရ တရုတ်အစိုးရသည် ကျွန်းများကို ပြန်လည်ရယူခဲ့ပြီး ၎င်းတို့အပေါ် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ပြန်လည်ကျင့်သုံးခဲ့သည်။ အဆိုပါကျွန်းစုများသည် ဂျပန်တို့၏ကျူးကျော်မှုကို ခုခံကာကွယ်သည့်စစ်ပွဲ(၁၉၃၁-၁၉၄၅)အတွင်း ဂျပန်က တရားမဝင်သိမ်းပိုက်ခြင်းခံခဲ့ရသည်။

တောင်တရုတ်ပင်လယ်ရှိ အစက်ချမျဉ်းသည် ၁၉၄၈ ခုနှစ်တွင် တရုတ်အစိုးရက တရားဝင်ထုတ်ပြန်ခဲ့ပြီး တရုတ်အစိုးရအဆက်ဆက်က ထောက်ခံခဲ့ကာ ကာလအတန်ကြာထိ မည်သည့်နိုင်ငံကမျှ မေးခွန်းထုတ်ခြင်းမရှိခဲ့ဟု ဝမ်ဝမ်ဘင်က ပြောကြားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံကို ခုခံကာကွယ်ပေးရန် အမေရိကန်က ကတိကဝတ်အတိုင်း ရပ်တည်နေသည်ဟု ပြောကြားခဲ့သည်။ ၎င်းပြောကြားမှုနှင့်ပတ်သက်၍ အမေရိကန်သည် တောင်တရုတ်ပင်လယ်အရေးတွင် ပါဝင်ပတ်သက်သူမဟုတ်သကဲ့သို့ တရုတ်နှင့်ဖိလစ်ပိုင်ကြားရှိ ရေကြောင်းဆိုင်ရာပြဿနာများတွင် ဝင်ရောက်စွက်ဖက်ခွင့်မရှိဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ကျင်းက ပြောကြားခဲ့သည်။

အချုပ်အားဖြင့်ဆိုရသော် အမေရိကန်၊ ဂျပန်နှင့် ဖိလစ်ပိုင်တို့သည် အရှေ့တရုတ်ပင်လယ်နှင့် တောင်တရုတ်ပင်လယ်တွင် တရုတ်နိုင်ငံ၏လုပ်ဆောင်ချက်များကို ဟန့်တားရန်အတွက် ဧပြီလတွင် ဝါရှင်တန်ဒီစီ၌ ထိပ်သီးဆွေးနွေးပွဲကျင်းပရန်စီစဉ်လျက်ရှိသည်ကို တွေ့ရှိရသည်။ ဒေသတွင်း၌ တရုတ်နိုင်ငံ၏လုပ်ဆောင်မှုများသည် ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများနှင့်အညီ လုပ်ဆောင်ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံက ပြောကြားခဲ့သည်ကိုတွေ့ရှိရသည်။ တရုတ်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်အရေးကို သက်ဆိုင်ရာနိုင်ငံများနှင့်သာ တိုက်ရိုက်ဆွေးနွေးမှုကိုလမ်းဖွင့်ထားပြီး ပြင်ပမှဝင်ရောက်စွက်ဖက်မှုများကို ကန့်ကွက်ထားသည်။ သို့ဖြစ်၍ တောင်တရုတ်ပင်လယ်အတွင်း အင်အားကြီးနိုင်ငံများ၏ ခြေရှုပ်လာမှုများသည် တရုတ်နှင့် အငြင်းပွားနိုင်ငံများ၏ဆက်ဆံရေးအပေါ်သက်ရောက်လာနိုင်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**


- Non-regional powers creating troubles in South China Sea China Daily, March 2024.
- U.S. Warns China Against 'Armed Attack' On Philippines, Indian Defence News, March 2024.
- Philippines urged not to disrupt peace, China Daily, March 2024.


**မောင်ဝေလွှမ်း(သုတေသီ)**

# ပိုလ်တထောင်မြို့နယ် 43 Art Gallery တွင် Progress on Art Journey Group Exhibition ပန်းချီပြပွဲ ပြသလျက်ရှိ



**ရန်ကုန် မေ ၂**

ရန်ကုန်တိုင်းဒေသကြီး ပိုလ်တထောင်မြို့နယ်ရှိ 43 Art Gallery တွင် Progress on Art Journey Group Exhibition ပန်းချီပြပွဲကို ယနေ့မှစ၍ ပြသလျက်ရှိကြောင်း အဆိုပါပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီ မိုးသူရက ပြောပြ၍ သိရသည်။

Progress on Art Journey Group Exhibition ပန်းချီပြပွဲတွင် ပန်းချီ ဇော်ဝင်း (ပိုစတာ)၊ သိုက်ဦး၊ ထွန်းနိုင်၊ ကြည်ဦး၊ မိုးသူရနှင့် ပန်းချီဆရာမ မြသဇင်သိမ့်တို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည်ဖြင့် အရောင်အသွေးစုံ၊ လက်ရာစုံပန်းချီကား ၅၀ ကျော်ကို ပြသရောင်းချလျက်ရှိကြောင်း သိရသည်။

"ဝါရင့် ပန်းချီဆရာ၊ ဆရာမတွေ စုစည်းပြီးတော့ ပြသထားတဲ့ အကြောင်းအရာစုံ၊ အရွယ်အစားစုံ၊ ပြသပေးနေတဲ့ ပန်းချီပြပွဲဖြစ်ပါတယ်။ ပြပွဲရက်ကတော့ ဒီနေ့ကနေ မေ ၄ ရက်ထိ ပြသပေးမှာဖြစ်ပါတယ်။ နံနက် ၉ နာရီ မိနစ် ၃၀ ကနေ ညနေ ၅ နာရီထိ ပြခန်းမှာ လာရောက်ကြည့်ရှုအားပေးနိုင်ပါတယ်"ဟု အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီ မိုးသူရက ပြောပြသည်။

Progress on Art Journey Group Exhibition ပန်းချီပြပွဲတွင် ပြသနေသည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည်ဖြင့် အရွယ်အစားအစုံ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံးငွေကျပ် ခုနစ်သိန်းမှ အများဆုံးငွေကျပ် ၃၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# SNL 1975 ဟာသဇာတ်ကားတွင် မင်းသားကြီး ဝီလမ်ဒါဖိုး ပါဝင်မည်

**နယူးယောက် မေ ၂**

ကမ္ဘာကျော်မင်းသားကြီး ဝီလမ်ဒါဖိုးသည် SNL 1975 အမည်ရှိ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း မေ ၁ ရက် သတင်းများအရ သိရသည်။

SNL 1975 ဇာတ်ကားသည် အင်န်ဘီစီရုပ်သံဌာန Saturday Night Lives အစီအစဉ်၏ ကန်လန့်ကာနောက်ကွယ်မှ ဖြစ်စဉ်အမှန်များကို အခြေခံရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

SNL 1975 ဇာတ်ကားတွင် မင်းသားကြီး ဝီလမ်ဒါဖိုးသည် အင်န်ဘီစီရုပ်သံဌာန၏ မျက်မှောက်ရေးရာကျွမ်းကျင်သူ ဒေးဗစ်တီးဘက်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။


အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဂျေဆင်ရိုက်မင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

SNL 1975 ဟာသဇာတ်ကားတွင် ဝီလမ်ဒါဖိုးနှင့်အတူ မင်းသား ဒီလန်အိုဘရိုင်ယန်၊ နီကိုလပ်ဘရွန်းနှင့် မင်းသမီး ရာချယ်ဆင်နော့တို့လည်း ပါဝင်ကြမည်ဖြစ်သည်။

လက်ရှိအချိန်တွင် SNL 1975 ဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်အနုပညာရှင်များအား လစဉ်ပံ့ပိုးကြေးများ ထုတ်ပေး

**ရန်ကုန် မေ ၂**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်အနုပညာရှင်များအား ၂၀၂၄ ခုနှစ် မတ်လအတွက် လစဉ်ပံ့ပိုးကြေးများကို မေ ၁ ရက်မှစ၍ ထုတ်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်အရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက အသက် ၇၅ နှစ်အထက် သက်ကြီးရုပ်ရှင်အနုပညာရှင် ဦးရေ ၅၀ ကို လစဉ်ပံ့ပိုးကြေးများထုတ်ပေးလျက်ရှိရာ သက်ကြီးရုပ်ရှင်အနုပညာရှင်တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ မပျက်မကွက် လစဉ်ထုတ်ပေးလျက်ရှိသကဲ့သို့ ရုပ်ရှင်အစည်းအရုံးဝင်အလွှာအသီးသီးမှ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များအား အခါအားလျော်စွာ ပံ့ပိုးကြေးများကိုလည်း ထုတ်ပေးလျက်ရှိကြောင်း သိသည်။

"သက်ကြီးရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်အယောက် ၅၀ ကို ရုပ်ရှင်အစည်းအရုံးအနေနဲ့ လစဉ်ပံ့ပိုးပေးလျက်ရှိပါတယ်။ မတ်လအတွက် ပံ့ပိုးကြေးတွေကို မေ ၁ ရက်ကစတင်ပြီးတော့ ထုတ်ပေးနေတာဖြစ်ပါတယ်။ ဒါ့ပြင် ရုပ်ရှင်အစည်းအရုံး အလွှာအသီးသီးက အနုပညာရှင်၊ အတတ်ပညာရှင်တွေကိုလဲ အလှူရှင်တွေနဲ့အစည်းအရုံးရဲ့ ရန်ပုံငွေတွေနဲ့ပေါင်းစပ်ပြီးတော့ ရုပ်ရှင်လောကသားတွေအတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးသေတ္တာ စတဲ့စားသောက်ကုန်တွေ ပံ့ပိုးကူညီခြင်း အစီအစဉ်ကို မေ ၃ ရက်ကနေ ၆ ရက်ထိ ပေးအပ်သွားမှာဖြစ်ပါတယ်" ဟု ဦးအေးကြူလေးက ပြောပြသည်။



ထို့ပြင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အစည်းအရုံးဝင်များကို ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ငါးသေတ္တာ စသည့် စားသောက်ကုန်များ ပံ့ပိုးကူညီခြင်းအစီအစဉ်ကို ယခုနှစ် မေလတွင် (၁၄) ကြိမ်မြောက်အဖြစ် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Freaky Friday ဇာတ်ကားသစ်ကို ဒါရိုက်တာ နီရှာဂါနာထရာ ရိုက်ကူးမည်

**နယူးယောက် မေ ၂**

ဒစ္စနီးရုပ်ရှင်ကုမ္ပဏီ၏ Freaky Friday ဇာတ်ကားသစ်ကို အမျိုးသမီးဒါရိုက်တာ နီရှာဂါနာထရာက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မေ ၁ ရက် သတင်းများအရ သိရသည်။

ဒစ္စနီးကုမ္ပဏီသည် မူလ Freaky Friday ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်ခဲ့ပြီး ၂၀ နှစ်အကြာတွင် ၎င်းဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားသစ်ကို ရိုက်ကူးရန် စီစဉ်ထားခြင်းဖြစ်သည်။

Freaky Friday ဇာတ်ကားသစ်တွင် မူလ Freaky Friday ဇာတ်ကားမှ မင်းသမီး လင်ဆေးလိုဟန်နှင့် ဂျေမီလီကားတစ်တို့ ပြန်လည်ပါဝင်လာဖွယ်ရှိသည်။

လက်ရှိအချိန်တွင် လင်ဆေးလိုဟန်နှင့် ဂျေမီလီကားတစ်တို့နှစ်ဦးစလုံးသည် Freaky Friday ဇာတ်ကားသစ်၌ ပါဝင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေကြောင်း သိရသည်။

Freaky Friday နောက်ဆက်တွဲဇာတ်ကား ရိုက်ကူးမည့်အစီအစဉ်ကို ဒစ္စနီးရုပ်ရှင်ကုမ္ပဏီက ၂၀၂၃ ခုနှစ်ကပင် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

ဟာသဇာတ်ကားအမျိုးအစားဖြစ်သည့် Freaky Friday(2023) ဇာတ်ကားကို ဒါရိုက်တာ မာ့ဝါးတားက ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# သရုပ်ဆောင် ဒေါ်ခင်လေးဆွေက အမေများအဖွဲ့သို့ ငွေကျပ် သိန်း ၃၀ လှူဒါန်း

**ရန်ကုန် မေ ၂**

သရုပ်ဆောင် ဒေါ်ခင်လေးဆွေက မြန်မာနှစ်ဦးအလှူအဖြစ် အမေများအဖွဲ့သို့ ငွေကျပ် သိန်း ၃၀ လှူဒါန်းခြင်းကို မေ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီးရှိ သရုပ်ဆောင် ဒေါ်ခင်လေးဆွေနေအိမ်တွင် ပြုလုပ်ခဲ့ကြောင်း အမေများအဖွဲ့မှ သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက ပြောပြ၍ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ သရုပ်ဆောင် ဒေါ်ခင်လေးဆွေနေအိမ်တွင် သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်း ဦးဆောင်သည့် အမေများအဖွဲ့က မကြာမီကျရောက်တော့မည့် မြန်မာရိုးရာသင်္ကြန်ပွဲတော်အကြိုအဖြစ် သင်္ကြန်သီချင်းများဖြင့် သွားရောက်ဖျော်ဖြေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဒေါ်ခင်လေးဆွေက အသက် ၉၀ ထဲရောက်နေပြီ။ အမေတို့အဖွဲ့ကလဲ အသက် ၈၀ ကျော်တွေပဲ။ အမေတို့အဖွဲ့တွေက ဒီအချိန်ဆို သင်္ကြန်အကြိုအကတွေ ဖျော်ဖြေပြီးတော့ အလှူခံထွက်နေတဲ့အချိန်ပေါ့။ အခုကတော့ ဒေါ်ခင်လေးဆွေက အမေတို့အဖွဲ့ကိုဖိတ်ပြီးတော့ ငွေကျပ် သိန်း ၃၀ လှူပါတယ်။ အမေတို့အဖွဲ့ကလဲ ပြန်လည်ပြီးတော့ ဖျော်ဖြေခဲ့ကြပါတယ်" ဟု သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းက ပြောပြသည်။

တစ်ချိန်က နာမည်ကြီး အနုပညာရှင်များဖြင့် စုစည်းထားသည့် အမေများအဖွဲ့တွင် သရုပ်ဆောင် ဒေါ်နွဲ့နွဲ့စန်းဦးဆောင်ပြီး အနုပညာရှင်ကြီး ၁၅ ဦးခန့် ပါဝင်ကြောင်း၊ လက်ရှိအချိန်တွင် အမေများအဖွဲ့က ရင်းနှီးသူအနုပညာအသိုင်းအဝိုင်းတွင် လိုက်လံကပြဖျော်ဖြေလျက်ရှိကြောင်း သိရသည်။ ASH



# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win meets trainees of infantry platoon commander course and cadets at Bahtoo Station



Vice-Senior General Soe Win having lunch with the trainees.

**Nay Pyi Taw Arpil 2**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win met trainees of infantry platoon commander course and cadets at the Aung San Hall of Tatmadaw (Army) Combat Training School (Bahtoo) in Bahtto Station this morning.

Present together with the Vice-Senior General were senior military officers from Office of Commander-in-Chief, the Eastern Command commander, instructor officers, trainees and officials.

The Vice-Senior General explained in detail political, economic, defence and social situation of the country from the time Tatmadaw resumed State duties in accord with the Constitution on 1 February 2021 to the present time, global political, economic, military conflicts and tensions, better combat skill of all soldiers who recite the Four Oaths daily, efforts to study military science and practice military techniques at military training schools for enhancement of combat skills and to use them practically in the battle field, the launching of counter-offensives after exposing enemy military tactics and taking them as lessons, gradual development in group-wise combat skill, based on individual progress, combination of the inherited vigor and learned battlefield prowess through hard training and practical application to effectively use them for battle victory, harmonious combination of combat ability and fighting power for battlefield victory, constant understanding of the reason behind their own volition to join the military, dutifulness of the fairly assigned responsibilities and task, the essentiality of 16 leadership traits, good leadership spirit and parental spirit and non-discrimination practice, knowing the time and situation, five basic qualifications for every unit and soldier and the observance of the 12 fine traditions of Tatmadaw. The Vice-Senior General's clarifications also included the enforcement of the people's military service law and reserve force law on 10 and 13 February 2024 respectively to safeguard Our Three Main National Causes based on internal and global conflicts and tensions, the existence of both laws as unsanctioned ones since 4 November 2010, the need to thoroughly study the laws and to share knowledge about them with families and communities of the persons who are within the required age, the plan that is to save the persons and families who are going to sacrifice their lives without a course due to their lack of knowledge about the laws and rules that are being explained by the government through State-owned media, TV and radio and newspapers, the need to organize the people with consideration, the need to provide assistance in a way to expose and take action against corrupted civil servants of the lower levels who are exploiting the innocent persons who totally lack knowledge about the laws through intimidations and pressures that are against the laws.

The chief of defence production, the chief of air defence forces and deputy director of directorate of military engineers shared necessary lessons with trainees and cadets and instructors who asked for more information about the unclear points.

The Vice-Senior General and party enjoyed lunch together with the trainees at the dining hall of Tatmadaw (Army) Combat Training School (Bahtoo).

100



Vice-Senior General Soe Win meets trainees of infantry platoon commander course and cadets at Bahtoo Station.

# Israeli airstrikes on Iranian consulate building in Syria kill at least 5, Iran vows to take countermeasures

**Damascus April 2**

At least five people, including a senior Iranian commander, were killed in Israeli airstrikes on the building of the Iranian consulate in the Syrian capital Damascus on Monday, according to the Iranian ambassador to Syria and other sources.

The Syrian Defense Ministry said the missile attack occurred at about 5:00 p.m. local time (1400 GMT) when Israel launched an aerial aggression from the direction of the occupied Syrian Golan Heights, targeting the building of the Iranian Consulate in Damascus.

Iranian Ambassador to Syria Hossein Akbari, speaking to reporters in front of the Iranian embassy in Damascus after the attack, said five to seven people were killed in the attack.

He added that Israel's F-35 fighter jets had launched six missiles from the occupied Golan Heights in a "criminal," targeted offense on the Iranian consulate's building.

According to Iran's semi-official Tasnim news agency, Mohammad-Reza Zahedi, a commander of the Quds Force of Iran's Islamic Revolution Guards Corps (IRGC), and his deputy, Mohammad-Hadi Haji Rahimi, were killed in the attack.

Xinhua



Rescuers work at the destroyed building of the Iranian consulate in Damascus, Syria, on April 1, 2024.

# Yangon circular train services suspended for Great Thingyan Festival


A circular train stopping over at a local railway station.

**Yangon April 2**

Yangon circular train services will be temporarily suspended during Yangon Region's Great Thingyan festival, according to U Thaung Htike, station master of Yangon Train Station.

Yangon circular train services will be temporarily suspended during the Thingyan holiday and it will be resumed regularly after Thingyan.

"All Yangon circular train services will be suspended from April 13 to 16. Starting on April 17, the New Year Day, we will resume it," he said.

The Yangon circular train service is currently running at a rate of 26 times a day, and the number of passengers traveling by the circular train in the Yangon region has also increased since the beginning of February. Currently, the number of people riding the circular train is about 7,000 people per day.

Before the Covid-19 period, the number of commuters using train was about 80,000 per day. Currently, Yangon's circular railway is being upgraded, and if it is completed, it will be able to transport about 240,000 passengers daily using high-speed trains. ASH

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Authorities plan nationwide deployment of flow monitoring instruments for real-time river flood monitoring

**Nay Pyi Taw April 2**

More flow monitoring instruments will be installed in order to be able to know and issue notifications on river flood conditions across the country in real time, according to the Department of Meteorology and Hydrology (DMH).

According to the current situation, most of the river water measurement stations cannot be carried out by machines, but only by people.

"There are 18 river water measuring stations along the Ayeyawady River. From there, the river conditions are measured and announced daily. Usually, it is measured three times a day at 6:30 am, 12 pm and 6:30 pm. Recently, due to the changing weather conditions, there is a need to be able to report in real time, so plans are being made to install automatic river water measuring machines at all stations. Here, some stations will have to be installed new automatic river water measuring machines, while devices in some stations will have to be upgraded," said an official from the DMH. ASH


Photo shows installed flow monitoring instruments by the river.

# Kalewa Township farmers celebrate successful harvest of 4,235 acres of winter sunflowers

**Kalewa April 2**

A total of 4,235 acres of sunflower planted during the winter crop season in Kalewa Township, Kale District, Sagaing Region, have been harvested, according to the Department of Agriculture for Kalewa Township.

During the 2023-2024 winter planting season, the harvest of sunflowers planted in Kalewa Township has been started since February this year. To date, 4,235 acres have been harvested and 30 tons per basket have been harvested.

"More than 6,000 acres of sunflowers have been planted in Kalewa Township. More than 4,000 acres have already been harvested. Sunflowers are mainly planted in the winter. In order to reduce palm oil imported from abroad, sunflowers, an oil crop, are planted. Sunflower, which is an oil-producing crop, produces more oil per acre than peanuts and sesame," said U Myo Naing, head of the Department of Agriculture for Kalewa Township.

During the 2023-2024 winter crop planting season, 6,720 acres of winter sunflower have been earmarked for planting in Kalewa Township. From October to December, 2023, 6,753 acres have been planted. 206

# Monywa District farmers conclude harvesting of 9,538 acres of winter green beans

**Monywa April 2**

A total of 9,538 acres of green beans planted during the winter crop planting season in Monywa District, Sagaing Region, have been harvested, according to Department of Agriculture for Monywa District.

In the 2023-2024 winter crop planting season, the harvest of green beans planted in Monywa District has been started since February this year. So far, 9,538 acres have been harvested and over 16 baskets of green beans per acre have been produced.

"Currently, all acres have been harvested. The yield is good. In order to be able to plant winter crops without difficulty, we worked together with the farmers and the department from the time before planting until now," said Daw San San Myint, head of the Department of Agriculture for Monywa District.

The harvested acreage of green beans in the townships in Monywa District is as per following: 1,452 acres in Monywa Township, 1,562 acres in Budalin Township, 4,189 acres in Ayadaw Township, and 2,335 acres in ChaungU Township. 206


Workers harvesting green beans in a field.

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားနိုင်ငံက FPV Drone အမျိုးအစား Joker-10 ဒရုန်းကို ယူကရိန်းအထူးစစ်ဆင်ရေးတွင် အသုံးပြုလာ



ရုရှားနိုင်ငံ ဒရုန်းထုတ်လုပ်ရေးကုမ္ပဏီ တစ်ခုဖြစ်သော Center for Integrated Unmanned Solutions သည် ဘက်စုံသုံး ဒရုန်းများဖြစ်သော Joker Series ဒရုန်းများကို တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ခဲ့ပြီး ယူကရိန်းအထူးစစ်ဆင်ရေးတွင် Joker-10 ကို သသုံးပြုခဲ့ကြောင်း ရုရှားနိုင်ငံ Sputnik သတင်းဌာနက မတ် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Joker-10 ဒရုန်းတွင် ထူးခြားချက်မှာ အဝေးမှထိန်းကျောင်း၍ Activate မလုပ်ဆောင်မီ တစ်လခန့်ထိ စောင့်ဆိုင်းနေနိုင်ခြင်းပင်ဖြစ်သည်။ ဒရုန်းများတွင် အခြေခံအားဖြင့် စတင်စက်နှိုးခြင်း၊ အသင့်စောင့်ဆိုင်းခြင်း၊ ပျံတက်ခြင်းနှင့် ပျံသန်းခြင်း၊ ပြန်လည်ဆင်းသက်ရန် အသင့်ပြင်ဆင်ခြင်းဟူ၍ ပျံသန်းရေးလုပ်ငန်းစဉ်များအလိုက် ကြာချိန်၊ ပျမ်းမျှအသုံးပြုသည့် အမ်ပီယာ (A)၊ အများဆုံးအသုံးပြုသည့် အမ်ပီယာ(A) နှင့် စုစုပေါင်းပါဝါအသုံးပြုမှုဟူ၍ ရှိသည်။

"ကျွန်တော်တို့ဒရုန်းမှာ ထူးခြားချက်နှစ်ချက်ရှိပါတယ်။ ပထမအချက်ကတော့ Hibernator Unit ပါပဲ။ ဒီယူနစ်က အဝေးကနေ ဒရုန်းကို အဖွင့်၊ အပိတ်လုပ်နိုင်စေမှာဖြစ်ပါတယ်။ ဆိုလိုတာက မော်တာတွေကို အဖွင့်အပိတ်လုပ်နိုင်ရုံသာမက စက်ရဲ့ပါဝါကို လုံးဝပိတ်နိုင်မှာဖြစ်ပါတယ်။ အဝေးထိန်းစနစ်နဲ့ ဒရုန်းကနေ ဘက်ထရီဆွဲဖြုတ်ပစ်လိုက်သလိုမျိုးပါပဲ"ဟု အတွေ့အကြုံရှိ ရေးမှူး Dmitry Kuzyakin က Sputnik သတင်းဌာနသို့ ပြောကြားခဲ့သည်။

ဒရုန်းသည် ဆောင်းရာသီတွင် တစ်ပတ်ထိလွှတ်တင်ထားနိုင်ပြီး နွေရာသီတွင် တစ်လထိစောင့်စားနိုင်ကာ မိုး၊ နှင်းစသည့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိကြောင်း Kuzyakin က ပြောကြားခဲ့သည်။ Hibernation Mode တွင် ဒရုန်းသည် Passive နည်းလမ်းများဖြင့် အော်ပရေတာများနှင့် ဆက်သွယ်နိုင်ကြောင်းလည်း သိရသည်။

"ဒရုန်းဟာ Passive စနစ်သုံးဖြစ်ပြီး လက်တွေ့မှာ ရေဒီယိုလှိုင်းထုတ်လွှင့်မှုမရှိတဲ့အတွက် Hibernation Mode အတွင်းမှာ ရှာဖွေတွေ့ရှိဖို့ အလွန်ခက်ခဲပါတယ်" ဟု ၎င်းကပြောပြသည်။

တစ်နည်းဆိုသော် Hibernation ဆိုသည်မှာ ဒရုန်းကို Sleep ပြုလုပ်ထားခြင်းပင်ဖြစ်ပြီး ထိုအချိန်တွင် ဒရုန်း၏ပါဝါ အသုံးပြုမှုရှိမည်မဟုတ်ပေ။

ဒရုန်းကို Hibernation အနေအထားမှ ပြန်လည်စက်နှိုးလိုက်ချိန်တွင် တပ်ဖွဲ့ဝင်များအနေဖြင့် Joker-10 ဒရုန်းများကို ယူကရိန်းတို့၏ အီလက်ထရွန်နစ်ထောက်လှမ်းရေးအဖွဲ့များက ရှာဖွေတွေ့ရှိခြင်းမရှိဘဲ ပျံသန်းလုပ်ဆောင်နိုင်စေမည်ဖြစ်သည်။ Hibernation အနေအထားမှ ဒရုန်းများကို ပြန်လည်၍ ပါဝါဖွင့်လိုက်ချိန်တွင် တစ်ဖက်ရန်သူက ရေဒီယိုလှိုင်းထုတ်လွှင့်မှုများကို ချက်ချင်းထောက်လှမ်းနိုင်မည် မဟုတ်ပေ။ အကယ်၍ လိုအပ်လာလျှင်လည်း ဒရုန်းကို ပစ်မှတ်အားစောင့်ဆိုင်းနေသော စစ်ဆင်ရေးဧရိယာအတွင်းသို့ ပျံသန်းသွားစေနိုင်ပြီး အဝေးမှ ခေတ္တ Sleep ပြုလုပ်ထားနိုင်သည်။

ဒရုန်းသည် စစ်မြေပြင်အနီးတွင် ကြိုတင်နေရာချထားနိုင်ပြီး ပစ်မှတ်ကို စက္ကန့်အနည်းငယ်အတွင်း တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းရှိစေမည်ဖြစ်သည်။ ဤသို့သောစွမ်းဆောင်ရည်သည် ရာသီဥတုအခြေအနေအမျိုးမျိုးအတွက် Joker-10 ဒရုန်းကို တိုက်ပွဲဝင်အသုံးပြုနိုင်စေမည် ဖြစ်ကာ ခေတ်သစ်စစ်ပွဲအခြေအနေများတွင် အရေးပါသည့် စစ်ရေးစွမ်းအားစု တစ်ရပ်ဖြစ်လာပေမည်။

ဒုတိယထူးခြားချက်မှာ လျှပ်စစ်စနက်တံစနစ်ဖြစ်သည်။ ထိုစနစ်သည် အဝေးမှ ဒရုန်းကို ဖောက်ခွဲဖျက်ဆီးပစ်နိုင်ပြီး မိမိဒရုန်း ရန်သူလက်ဝယ်သို့ မကျရောက်စေရန် ကာကွယ်ပေးထားသည်။

"ဒီနေ့အချိန်ထိ ရန်သူလက်ထဲ ဒရုန်းတစ်စင်းမှမရောက်ပါဘူး။ ဘာလဲလို့ဆိုတော့ ဒရုန်းရဲ့ Driver မှာ Timer၊ Impact နဲ့ အော်ပရေတာရဲ့ Command တို့ကနေ အာမခံချက်ပေးထားနိုင်လို့ပါ။ တကယ်လို့ တစ်စုံတစ်ယောက်က ဒရုန်းကို ဖျက်ဆီးပစ်ဖို့၊ ဝိုင်ယာကြိုးတွေဖြတ်ပစ်ဖို့ ကြိုးစားတယ်ဆိုရင်လဲ Electronic Detonator စနစ်ကို ပိတ်ပစ်လိုက်နိုင်ပါတယ်"ဟု Dmitry Kuzyakin က ရှင်းပြခဲ့သည်။

Joker-Series ဒရုန်းများအားလုံးတွင် အလေးချိန်နှင့် Payload လက္ခဏာများ အဓိကအားဖြင့်ကွဲပြားပြီး လုပ်ဆောင်ချက်များကို လွယ်ကူစေရန်အတွက် စံချိန်စံညွှန်းသတ်မှတ်ထားသော Firmware ဖွံ့စည်းမှုနှင့် Payload တပ်ဆင်သည့်စနစ်များပါရှိသည်။

**Joker-10: What's Known About Russia's Unique Hibernating FPV Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## Boeing ကုမ္ပဏီက ဩစတြေးလျတွင် MQ-28 ဒရုန်းစက်ရုံ တည်ဆောက်မည်



Boeing ကုမ္ပဏီသည် ဩစတြေးလျနိုင်ငံ၏ MQ-28 ဒရုန်းစနစ်ထုတ်လုပ်မှုကို ပံ့ပိုးပေးနိုင်ရန်အတွက် စက်ရုံသစ်တစ်ခု တည်ဆောက်ဖွင့်လှစ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Defense Post သတင်းဌာနက မတ် ၂၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Boeing ကုမ္ပဏီသည် ကွင်းစလန်းပြည်နယ်၊ Toowoomba မြို့ရှိ Wellcamp Aerospace and Defense Precinct လေဆိပ်အနီးတွင် စက်ရုံကို တည်ဆောက်သွားမည်ဖြစ်ပြီး လာမည့်သုံးနှစ်အတွင်း စတင်လည်ပတ်နိုင်ရန် စီစဉ်ထားသည်။

ဤစီမံကိန်းသည် စက်ရုပ်များနှင့် အဆင့်မြင့်ပေါင်းစပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနယ်ပယ်တွင် အာကာသနည်းပညာများနှင့် ကျွမ်းကျင်မှုများကို အသုံးချသွားမည်ဖြစ်ကြောင်း Boeing ကုမ္ပဏီက ရေးသားဖော်ပြခဲ့သည်။

အကျယ်အဝန်းအားဖြင့် စတုရန်းမီတာ ၉၀၀၀ (ပေ ၉၇၀၀၀) ရှိသော စက်ရုံအတွက် လုပ်ငန်းဆောင်ရွက်မှုများတွင် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးချဉ်းကပ်လုပ်ဆောင်မှုများ၊ လူသားဗဟိုပြုဒီဇိုင်းနှင့် ပြန်လည်ပြည့်ဖြိုးမြဲဖြေရှင်းနည်းများကို ပေါင်းစပ်ပေးသွားမည်ဖြစ်သည်။

စက်ရုံတည်ဆောက်ပြီးသည်နှင့် အဓိကကျသော အဆင့်မြင့်အစိတ်အပိုင်းများ ဖွံ့ဖြိုးတိုးတက်ထုတ်လုပ်မှု၊ ကာဗွန်ဖိုက်ဘာပေါင်းစပ်သတ္တုပစ္စည်းများ ထုတ်လုပ်မှု၊ နောက်ဆုံးအချောသပ်တပ်ဆင်မှုနှင့် ဩစတြေးလျနိုင်ငံ၏ MQ-28 ဒရုန်းပရိုဂရမ်အတွက် အကဲဖြတ်ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ဦးဆောင်၍ အကောင်အထည်ဖော်ပြုလုပ်ပေးသွားမည်ဖြစ်သည်။

ဩစတြေးလျအခြေစိုက် Boeing ကုမ္ပဏီသည် ဖောက်သည်များ၏အနာဂတ်လိုအပ်ချက်များကို ပံ့ပိုးပေးနိုင်မည့်အချိန်ကာလတစ်ခုအတွင်း ဤဆန်းသစ်တီထွင်ထားသော အံ့မခန်းစွမ်းရည်ကို ဈေးကွက်တင်နိုင်ရန် ရင်းနှီးမြှုပ်နှံလုပ်ဆောင်နေခြင်းဖြစ်ကြောင်း Boeing Defense Australia ကုမ္ပဏီမှ မန်နေးဂျင်းဒါရိုက်တာ Amy List က ပြောကြားခဲ့သည်။ MQ-28 ဒရုန်းစနစ်သည် ဩစတြေးလျနှင့် မဟာမိတ်နိုင်ငံများအတွက် တတ်နိုင်သော ဈေးနှုန်းတစ်ခုဖြင့် အစုလိုက်အပြုံလိုက် ပံ့ပိုးပေးနိုင်ရန် ဝေဟင်တိုက်ပွဲကို အသွင်ပြောင်းနိုင်မည့် စွမ်းအားစုတစ်ရပ်အဖြစ် ဒီဇိုင်းထုတ်ထားခြင်းလည်းဖြစ်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ကျွန်ုပ်တို့သည် Queensland အစိုးရနှင့် Wagner ကော်ပိုရေးရှင်းတို့နှင့် ပူးပေါင်းကာ Boeing ကုမ္ပဏီ၏ မြောက်အမေရိကပြင်ပတွင် ပထမဆုံးသော နောက်ဆုံးအချောသပ်ထုတ်ကုန်တပ်ဆင်ရေးအဆောက်အအုံကို တည်ဆောက်ရန်မှာ ကျွန်ုပ်တို့၏ ကမ္ဘာလုံးဆိုင်ရာအာရုံစူးစိုက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဩစတြေးလျနိုင်ငံ အာကာသလုပ်ငန်းအတွက် ကတိကဝတ်ကို ညွှန်ပြနေခြင်းဖြစ်ပါသည်ဟု Amy List က မှတ်ချက်ပြုခဲ့သေးသည်။

MQ-28 ဒရုန်းထုတ်လုပ်ရေးနှင့် ဆက်စပ်လုပ်ငန်းများကို တိုးတက်ကောင်းမွန်လာစေရန်၊ ဩစတြေးလျတော်ဝင်လေတပ်အတွက် နောက်ထပ် MQ-28 သုံးစုံ ထပ်မံဝယ်ယူရန်တို့အတွက် ပဏာမခြေလှမ်းအနေဖြင့် ပြီးခဲ့သည့်လအတွင်း ရန်ပုံငွေထပ်ဆောင်း၍ ခွဲဝေချထားခဲ့ပြီး နောက်ပိုင်းတွင် ယခုကဲ့သို့ စက်ရုံတည်ဆောက်ရေးစီမံကိန်း သတင်းထွက်ပေါ်လာခြင်းဖြစ်သည်။

Boeing ကုမ္ပဏီ၏ ဒရုန်းစနစ်ကို MQ- 28 ဒရုန်းသည် အရှည် ၁၁.၇ မီတာ (၃၈ ပေ)ရှိပြီး ရေမိုင် ၂၀၀၀ (ကီလိုမီတာ ၃၇၀၀/မိုင် ၂၃၀၀)ကျော်ထိ တာဘိုဖန်အင်ဂျင်ဖြင့် ပျံသန်းတာဝန်ထမ်းဆောင်နိုင်စွမ်းရှိသည်။

**Boeing to Open MQ-28 Drone Factory in Australia ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၁၈၄၁၃ ဧက ရိတ်သိမ်းပြီးစီး



**ယင်းမာပင် ဧပြီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်း ၁၈၄၁၃ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလက စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၈၄၁၃ ဧက ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း၊ ပဲတီစိမ်းတစ်ဧကလျှင် ၁၆ ဒသမ ၆၃ တင်းထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီ ပဲတီစိမ်း ၁၈၄၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရိတ်သိမ်းပြီးပါပြီ။ ပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်တယ်။ ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲတီစိမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၆၁၀၊ ကနီမြို့နယ်တွင် ဧက ၇၈၀၀ နှင့် ပုလဲမြို့နယ်တွင် ၉၀၀၃ ဧက စုစုပေါင်း ၁၈၄၁၃ ဧကဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းကို ယင်းမာပင်မြို့နယ်တွင် ဧက ၁၆၁၀၊ ကနီမြို့နယ်တွင် ဧက ၇၈၀၀ နှင့် ပုလဲမြို့နယ်တွင် ၉၀၀၃ ဧက စုစုပေါင်း ၁၈၄၁၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ပဲတီစိမ်းစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းထံမှ သိရသည်။ (၂၀၆)

# တာချီလိတ်မြို့နယ် စလီကျေးရွာ၌ အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တာချီလိတ် ဧပြီ ၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စလီကျေးရွာနှင့် ဒေင်ကျေးရွာ နှစ်ရွာတစ်ယူနစ်ဖြင့် အဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက စလီကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှဲလှဲသင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်၊ ရရှိလာသောမြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စလီကျေးရွာနှင့် ဒေင်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် သိန်း ၄၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စလီကျေးရွာနှင့် ဒေင်ကျေးရွာရှိ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးကို ငွေကျပ် သိန်း ၄၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# ငဖဲမြို့နယ် စာတက်ကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်ထားမှု စစ်ဆေး

**ငဖဲ ဧပြီ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စာတက်ကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုကို ဧပြီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ စာတက်ကူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စာတက်ကူကျေးရွာတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဆဋ္ဌမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ ၃၅ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၄ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးပြည့်စုံဟိန်းထံမှ သိရသည်။

**ငင်မာ**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂-၄-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဗေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| ဧွဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၀၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၅၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၈၄၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၉၆၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



မန္တလေး ဧပြီ ၂

မန္တလေးတိုင်းဒေသကြီး နွေရာသီအခြေခံအားကစားသင်တန်းဆင်းပွဲ အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးမိုးလုံလေလုံအားကစားခန်းမတွင် ယနေ့နံနက်ပိုင်းကကျင်းပရာ တိုင်းဒေသကြီးလွှတ်ရေးရာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ အားကစားဆပ်ကော်မတီမှ တာဝန်ရှိသူများ၊သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် နိုင်ငံတော်က အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်နေပါကြောင်း၊ အားကစားနှင့်ပညာရေးကို ထိထိမိမိ ပေါင်းစပ်ဆောင်ရွက်သွားနိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကိုအကျိုးရှိစွာအသုံးချကာ အားကစားနည်းကိုအခြေခံမှစ၍ စနစ်တကျသင်ယူလေ့ကျင့်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ကာ ထူးချွန်သည့်အားကစားသမားကောင်းများဖြစ်လာစေရေး၊ အတွေးအခေါ်မှန်ကန်ပြီး ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်းလူငယ်များပေါ်ထွက်လာစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ လူငယ်လူရွယ်များကို ငယ်ရွယ်စဉ်အချိန်မှစ၍ စနစ်တကျပြုစုပျိုးထောင်ပေးမှသာ အရည်အချင်းပြည့်ဝသည့် မျိုးဆက်သစ်လူငယ်အားကစားများ စဉ်ဆက်မပြတ်ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း၊ သင်ယူရရှိသည့် နည်းစနစ်နှင့် ကျွမ်းကျင်မှုများကိုအခြေခံပြီး အဆင့်မြင့်အားကစားပညာရပ်များကို ဆက်လက်လေ့လာလိုက်စားကြရင်း တိုင်းဒေသကြီးဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင်ထူးချွန် အားကစားသမားကောင်းများဖြစ်လာအောင် ဆက်လက်ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်းရှိ သက်မွေးကျောင်း ပညာသင်ထောက်ပံ့ကြေးရရှိသူ ၁၅ ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၅ သိန်းကို ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီးက သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး သင်တန်းသား၊ သင်တန်းသူများ၏ သရုပ်ပြသကစားမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

☆ ကျောဖုံးမှအဆက်

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့်စပ်လျဉ်း၍ အစည်းအဝေးငါးကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့အနေဖြင့် လုပ်ငန်းအဖွဲ့များ အဆင့်ဆင့်ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ရည်မှန်းချက်တာဝန်များပြီးမြောက်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ မြေပြင်၌လက်တွေ့ဆောင်ရွက်နေကြသည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများ၊ အတွင်းရေးမှူးများက တွေ့ကြုံနေသည့်အခက်အခဲများ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးလုပ်ငန်းစဉ်များအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် ဗဟိုအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း၍ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ပြီးဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း နည်းဥပဒေရေးဆွဲထားရှိမှုကို ဗဟိုအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက တင်ပြလာသည့် အကြံပြုချက်များမှ ပြင်ဆင်သင့်သည်များ၊ ဖြည့်စွက်သင့်သည်များကို ပြင်ဆင်ဖြည့်စွက်၍ အပြီးသတ်ရေးဆွဲထားသည့် နည်းဥပဒေ(မူကြမ်း)ကို ရေးထုံးရေးနည်းစိစစ်ရန်နှင့် ဥပဒေကြောင်းအရ သဘောထားပြန်ကြားပေးရန် ဥပဒေရေးရာဝန်ကြီးဌာနသို့ ပေးပို့ထားပြီးဖြစ်ပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနက ရေးထုံးများစိစစ်ပြီး အကြံပြုချက်များပေးပို့လာပါက အကြံပြုချက်များနှင့်အညီ ပြင်ဆင်ဖြည့်စွက်၍ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေ စိုးမိုးရေးကော်မတီမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူပြီး နည်းဥပဒေ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဗဟိုအဖွဲ့အနေဖြင့် ပထမဦးဆုံးဖွင့်လှစ်မည့်သင်တန်းကို ၂၀၂၄ ခုနှစ် ဧပြီလအတွင်းဖွင့်လှစ်ရန် ပြင်ဆင်သတ်မှတ်ခဲ့ပြီး သတ်မှတ်ရက်အတိုင်း ဖွင့်လှစ်နိုင်ရေးအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)တို့၏ အစီအစဉ်ဖြင့် ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပြီးဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှလည်း ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ သတင်းများ၊ TV Spot၊ ဆောင်းပါးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့၏ ပြည်သူသို့အသိပေးပြောကြားချက်များစသည်ဖြင့် ထုတ်လွှင့်ပေးခဲ့ပြီး နိုင်ငံပိုင်နေ့စဉ်ထုတ် သတင်းစာများကလည်း ပြည်သူ့စစ်မှုထမ်းဆိုင်ရာဆောင်းပါးများ၊ ကဗျာများကို ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရေး ဖော်ပြပေးလျက်ရှိပါကြောင်း၊ နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည့်ဆောင်းပါးများကိုလည်း အများပြည်သူကြည့်ရှုနိုင်ရန် ကာကွယ်ရေးဝန်ကြီးဌာန Webportal တွင် တင်ပေးထားပါကြောင်း၊ ပြည်သူလူထုအတွင်း ထင်ယောင်ထင်မှားဖြစ်စေမည့် ကောလာဟလသတင်းများ၊ သတင်းတုသတင်းမှားများမဖြစ်စေရေးနှင့် ပြည်သူလူထုအတွင်း သတင်းမှန်များ အချိန်တိုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရေး ပြည်သူ့စစ်မှုထမ်းဆိုင်ရာအချက်အလက်များကို ဆက်သွယ်ရေး Mobile Operator လေးခုမှတစ်ဆင့်Short Message Service (SMS)များ ပေးပို့လျက်ရှိပါကြောင်း၊ ဥပဒေပါကင်းလွတ်ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များအပြင် ဗဟိုအဖွဲ့အစီအစဉ်ဖြင့် သတ်မှတ်ထားသည့် ကင်းလွတ်ခွင့်၊ ပေါ့လျော့ခွင့်၊ ယာယီရွှေ့ဆိုင်းခွင့်များကို ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြန့်ဝေပေးထားသဖြင့် နိုင်ငံ့ဝန်ထမ်းများကို အသိပညာပေးဟောပြောခြင်း၊ ပြည်သူများသို့ ထပ်ဆင့်ရှင်းလင်းခြင်းများ ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ပြီး ပြည်သူများ၏စိုးရိမ်စိတ်ကို လျော့ကျစေမည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များကို ပြည်သူများက သိရှိလိုသည်များ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းများဆောင်ရွက်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးနှင့် ဆိုင်သောစုံစမ်းမေးမြန်းနိုင်သည့် တယ်လီဖုန်းများတပ်ဆင်ပေးထားပြီး ဖုန်းနံပါတ်များကိုလည်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိပါကြောင်း၊ စုံစမ်းမေးမြန်းနိုင်သည့်ဖုန်းများတပ်ဆင်ပြီးချိန်မှစ၍ ပြည်သူလူထုက စိတ်ပါဝင်စားစွာ စုံစမ်းမေးမြန်းမှုများပြုလုပ်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ပြည်သူလူထု၏ စုံစမ်းမေးမြန်းမှု၊ သတင်းပေးပို့ဆောင်ရွက်ချက်များအပေါ် အလေးအနက်ထားဖြေကြား ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရာတွင် စာရင်းဇယားများပြုစုရာ၌ စနစ်တကျဖြစ်စေရေးနှင့် SOP တွင် သတ်မှတ်ပေးထားသည့် ပုံစံများဖြည့်သွင်းရာတွင် တစ်ပြေးညီဖြစ်စေရေးအတွက် ဗဟိုအဖွဲ့မှ Excle Format များရေးဆွဲ၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဖြန့်ဝေပေးထားပြီး ဖြည့်သွင်းမည့်အချက်များကို နည်းစနစ်မှန်ကန်စွာ ဖြည့်သွင်းနိုင်ရန် Online က သင်တန်းပို့ချပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှလည်း မြို့နယ်အဖွဲ့များထံ ဆင့်ပွားသင်တန်းများပို့ချသွားရန် ညွှန်ကြားထားပြီးဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာအချက်အလက်များကို စနစ်တကျမှတ်တမ်းတင်ထိန်းသိမ်းထားနိုင်ရေး စီမံဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စာရင်းကောက်ယူခြင်း၊ ဆေးစစ်ခြင်းနှင့်အကျုံးဝင်သူများကို ဆင့်ခေါ်ခြင်းများဆောင်ရွက်လျက်ရှိရာ ပေးပို့လာသည့် စာရင်းများတွင် ပြည်သူ့စစ်မှုထမ်းရန် ကိုယ်တိုင်ဆန္ဒပြုသူများစွာပါဝင်သည်ကို တွေ့ရပါကြောင်း၊ သို့သော်လည်း ဆန္ဒပြုသူများအနေဖြင့် အမှန်တကယ်ဆန္ဒပြုသူများဖြစ်ရန် လိုအပ်ပြီး အတင်းအကျပ်ဆန္ဒပြုစေခြင်းမျိုး မရှိစေရေးအောက်ခြေတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်ရပ်၊ကျေးအဆင့်တာဝန်ရှိသူများကို သေချာစွာကြပ်မတ်ညွှန်ကြားရန်လိုအပ်ပါကြောင်း။

ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆောင်ရွက်နေမှုအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက လူမှုကွန်ရက်များတွင် သတင်းတု၊ သတင်းမှားများဖြန့်ဝေခြင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများကို ခြိမ်းခြောက်မှုများဆောင်ရွက်နေသည်ကို တွေ့ရှိနေရပါကြောင်း၊ သတင်းတု၊ သတင်းမှားဖြန့်ဝေသူများ၊ခြိမ်းခြောက်သူများကို ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထုက သတင်းပေးလာမှုအပေါ် တာဝန်ရှိအဖွဲ့အစည်းများက သတင်းအဖြစ်သာ ထားရှိခြင်းမပြုဘဲ အဆင့်ဆင့်ဖော်ထုတ် အရေးယူဆောင်ရွက်ရန်လိုမည်ဖြစ်ပါကြောင်း၊ သို့မှသာ သတင်းတု၊ သတင်းမှား ဖြန့်ဝေခြင်းနှင့် ခြိမ်းခြောက်မှုများ လျော့နည်းသွားမည်ဖြစ်ပါကြောင်း။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများအနေဖြင့် တွေ့ကြုံရသည့်အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နည်းဥပဒေနှင့်စပ်လျဉ်းသည့်အကြံပြုချက်များကို တင်ပြပေးစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းသင်တန်းများစဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေးနှင့်သတ်မှတ်အရေအတွက်ပြည့်မီစွာ သင်တန်းစေလွှတ်တက်ရောက်နိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဝင်များကလည်း အကြံပြု ဆွေးနွေးပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ပြည်သူမှာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖွင့်လှစ်ထားသည့် Call Center များတွင် တာဝန်ထမ်းဆောင်ကြသူများကို ယဉ်ကျေးစွာ ပြောဆိုဖြေကြားနိုင်သူများကို တာဝန်ပေးအပ်ပြီး ပြည်သူများက သိရှိလိုသည်များမေးမြန်းမှုအပေါ် အလေးအနက်ထားဖြေကြားရန် လိုအပ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကိစ္စရပ်များကို မြေပြင်တွင်ဆောင်ရွက်နေကြသူများအနေဖြင့် စစ်မှုထမ်းရန် အကျုံးဝင်သူများကို စာရင်းဇယားမှန်ကန်တိကျစွာဖြင့် မသမာမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရန်နှင့် ပြည်သူ့စစ်မှုထမ်းဥပဒေအပေါ် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေး အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ကြမည့်သူများအနေဖြင့် သကြၤန်ကာလရုံးပိတ်ရက်များတွင် မလိုလားအပ်သည့် အုပ်ချုပ်မှုလျော့နည်းဖြစ်စဉ်များ မဖြစ်ပေါ်စေရေး၊ စည်းကမ်းစနစ်တကျဖြစ်စေရေး ကြပ်မတ်ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း ကိစ္စရပ်များသည် စဉ်ဆက်မပြတ်ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်သဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက် စစ်မှုထမ်းရန် သတ်မှတ်ရည်မှန်းချက် ပြည့်မီစေရေး အလေးထားဆောင်ရွက်ကြရန်နှင့် လေ့ကျင့်သင်ကြားစဉ်ကာလ ဆောင်ရွက်ချက်များအပေါ် မှတ်တမ်း၊ မှတ်ရာများ စနစ်တကျရေးသားပြုစုထိန်းသိမ်းခြင်း၊ မှတ်တမ်းဓာတ်ပုံ၊ ဗီဒီယိုများ စနစ်တကျရိုက်ကူးမှတ်တမ်းတင်ခြင်းများ ပြုလုပ်ဆောင်ရွက်ထားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ထုတ်ပြန်

ယမန်နေ့မှအဆက်

### အခန်း (၉)
### အခြားအခွန်အကောက်ဆိုင်ရာကောက်ခံရမည့်နှုန်းထားများ

၃၄။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် အောက်ဖော်ပြပါအခွန်တစ်ရပ်ရပ်၏ ကောက်ခံရမည့်နှုန်းထားများ၊ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်တို့ကို တည်ဆဲဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည် -

(က) ယစ်မျိုးခွန်၊
(ခ) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊
(ဂ) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊
(ဃ) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊
(င) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊
(စ) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန် လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊
(ဆ) ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှ ရရှိသည့် အခကြေးငွေများ၊
(ဇ) ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊
(ဈ) မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ၊
(ည) အကောက်ခွန်၊
(ဋ) မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊
(ဌ) ရေခွန်၊
(ဍ) တာတမံခွန်၊
(ဎ) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်၊
(ဏ) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊
(တ) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊
(ထ) ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊
(ဒ) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊
(ဓ) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊
(န) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊
(ပ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။

### အခန်း (၁၀)
### အထွေထွေ

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှတင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်း ဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကိုဆောင်ရွက်ပေးရမည် -

(က) ကုန်စည်များ တင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် ဒေသတွင်းကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်းနိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့် အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊
(ခ) အကောက်ခွန်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ လိုအပ်သည့် အစီအမံများကို ဆောင်ရွက်ပေးခြင်း။

၃၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန် ကင်းလွတ်ခွင့်ပေးခြင်း သို့မဟုတ် သက်သာခွင့်ပေးခြင်းကို ဆောင်ရွက်နိုင်သည်။

၃၈။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။
(ခ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပုဒ်မခွဲ (က) ပါ လုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏ သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။
(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါ အသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲနိုင်သည်။

၃၉။ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များရရှိပိုင်ဆိုင်ထားခြင်းအတွက် အောက်ဖော်ပြပါ ကောက်ခံရဒဏ်ကြေးငွေများ၏ ၂၀ ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသူအားလည်းကောင်း ဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူမည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ -

(က) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူနှင့် သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်သည့် အထူးကုန်စည်ထုတ်လုပ်သူတို့အပေါ် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (စ) အရ တပ်ရိုက်သည့်ဒဏ်ကြေးငွေများ၊
(ခ) ကျန်အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို လက်ဝယ်ရရှိပိုင်ဆိုင်ထားသူအပေါ် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၀။ (က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (စ) တွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ ထုတ်ပေးရန်ပျက်ကွက်ခြင်း သို့မဟုတ် ပြေစာအား ထုတ်ပေးသော်လည်း ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ကျသင့်အခွန်တန်ဖိုးအတိုင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့ကို မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက ယင်းသို့ပျက်ကွက်ခြင်းအတွက် ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားတန်ဖိုးအပေါ် ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်စေရမည့်အပြင် ပျက်ကွက်မှုအကြိမ်အလိုက် အောက်ပါငွေပမာဏကိုပါ ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည် -
(၁) ပထမအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ၁၀ သိန်း၊
(၂) ဒုတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ၂၀ သိန်း၊
(၃) တတိယအကြိမ် ပျက်ကွက်ခြင်းအတွက် ကျပ် ၃၀ သိန်း၊
(၄) တတိယအကြိမ်အထက် ပျက်ကွက်ခြင်းအတွက် ကျပ်သိန်း ၆၀။
(ခ) အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲရောင်းချကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော ကုန်စည်ကို လက်ရှိပိုင်ဆိုင်ထားခြင်းအတွက် လက်ဝယ်ထားရှိသူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်းကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။

၄၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ဖော်ပြပါကောက်ခံရဒဏ်ကြေးငွေများနှင့် စပ်လျဉ်း၍ ဆုကြေးငွေချီးမြှင့်ခြင်းကို အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်နိုင်သည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေတွင် မည်သို့ပင်ပါရှိစေကာမူ ပြေစာ သို့မဟုတ် ငွေလက်ခံရရှိကြောင်း အထောက်အထားကိုထားရှိသော်လည်း ဝယ်ယူသူ သို့မဟုတ် ဝန်ဆောင်မှုရယူသူထံသို့ထုတ်ပေးရန် ပျက်ကွက်ခြင်း၊ ပြေစာအား ထုတ်ပေးသော်လည်း ကျသင့်အခွန်တန်ဖိုးနှင့်ညီမျှသော အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန် ပျက်ကွက်ခြင်းတို့အတွက် ဤဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (က) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ၊
(ခ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရန် သတ်မှတ်ထားသော ကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့်အတိုင်း အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိဘဲ ရောင်းချခြင်းအတွက် ဤဥပဒေ ပုဒ်မ ၄၀၊ ပုဒ်မခွဲ (ခ) အရ တပ်ရိုက်သည့် ဒဏ်ကြေးငွေ။

၄၂။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သောလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၃။ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေနှင့်စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်း၊ အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်၊ လိုက်နာကျင့်သုံးရန်သတ်မှတ်ချက်၊ အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် စသည်တို့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**ဧပြီ ၂၀ သို့**


**“ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“အကြမ်းဖက်သမားများကြောင့် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့် ဆုံးရှုံးခဲ့သူများအတွက် နိုင်ငံတော်မှ အထူးအစီအစဉ်ဖြင့်ဆောင်ရွက်ပေးမှု”** ခေါင်းစဉ်ဖြင့် ၃-၄-၂၀၂၄ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့် အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“အကြမ်းဖက်သမားများကိုအလိုမရှိသော ငြိမ်းချမ်းစွာနေထိုင်လိုသည့်ပြည်သူများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ရှစ်ဘီလီယံမှ ဒုတိယအကြိမ်ပြန်လည်ထုတ်ချေးနိုင်ရေးနှင့် SOP အတည်ပြုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဧပြီ ၂**

မန္တလေးတိုင်းဒေသကြီးသို့ ခွဲဝေချထားပေးခဲ့ပြီးဖြစ်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ရှစ်ဘီလီယံမှ ဒုတိယအကြိမ်ပြန်လည်ထုတ်ချေးနိုင်ရေးနှင့် ချေးငွေလည်ပတ်သုံးစွဲခြင်းဆိုင်ရာ စံလုပ်ထုံးလုပ်နည်း(Standard Operating Procedure-SOP) အတည်ပြုနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ မူဝါဒများချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအတွက် ခွဲဝေချထားပေးသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ရှစ်ဘီလီယံကို ၂၀၂၃ ခုနှစ် ဇွန်လမှ စက်တင်ဘာလအတွင်း မြို့နယ်အသီးသီးသို့ ပထမအကြိမ်အဖြစ် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ ငါးလုပ်ငန်းကဏ္ဍ၊ သမဝါယမကဏ္ဍ၊ MSME နှင့် အခြားတို့တွင် ထုတ်ချေးခဲ့ပါကြောင်း၊ ခြောက်လ၊ ရှစ်လ၊ ၁၂ လ ချေးငွေအဖြစ် ထုတ်ချေးပေးခဲ့ပြီး ခြောက်လနှင့် ရှစ်လထုတ်ချေးထားသောလုပ်ငန်းများမှ အရင်း၊ အတိုးများကို ပြေကျေစွာ ကောက်ခံရရှိခဲ့သည့်ချေးငွေများကို ဒုတိယအကြိမ်အဖြစ် ပြန်လည်ထုတ်ချေးနိုင်ရေးနှင့် SOP အတည်ပြုနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်ထုတ်ချေးပေးခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်၏မူဝါဒများနှင့်အညီ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအတိုင်း အလေးအနက်ထားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးလုပ်ငန်း၊ သမဝါယမလုပ်ငန်း၊ MSME၊ ၎င်းတို့နှင့်ဆက်စပ်လုပ်ငန်းများအတွက် ကဏ္ဍများအလိုက် ချေးငွေများ ထုတ်ချေးပေးနိုင်ခဲ့မှု၊ ပြန်လည်ကောက်ခံရရှိမှုနှင့် ဆက်လက်ကောက်ခံသွားမည့်အခြေအနေများကိုလည်းကောင်း၊ သက်ဆိုင်ရာစီမံကိန်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူးများက လုပ်ငန်းများ အဆင်ပြေချောမွေ့စွာပြီးမြောက်ရေး ဆက်နွယ်ဌာနများအချင်းချင်း ချိတ်ဆက်ဆောင်ရွက်နေမှုနှင့် ကြုံတွေ့နေရသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

---

စာမျက်နှာ ၁၉ မှအဆက်

ဇယား (၁)

## ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရ၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၂၄ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူ ပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၄,၇၂၀,၈၃၆.၉၂၃** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁,၅၃၂.၈၆၅ |
| | ၂ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၇၉၆,၄၂၃.၉၉၄ |
| | ၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ၊ | ၇,၅၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၉,၁၇၄.၄၅၈ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၃၉,၆၅၂.၈၃၈ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ | ၁၅၃,၂၈၈.၆၀၅ |
| | ၇ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၄၅၄.၁၈၈ |
| | ၈ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၅၃၉,၇၈၈.၄၄၀ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရတနာခွန်၊ | ၅၃,၉၇၀.၅၃၅ |
| | ၁၀ | ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန | ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီမှတ်ပုံတင်ခြင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းမှရရှိသည့် အခကြေးငွေများ၊ | ၈,၅၀၀.၀၀၀ |
| | ၁၁ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ကြေးရငွေ၊ | ၄၅၀.၀၀၀ |
| | ၁၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | မူပိုင်ခွင့်မှတ်ပုံတင်ကြေးရငွေများ | ၁၀၁.၀၀၀ |
| ၂ | | | **ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် ကောက်ခံသည့် အခွန်အကောက်** | **၃,၄၃၇,၃၅၃.၉၆၈** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန်၊ | ၃,၄၃၇,၃၅၃.၉၆၈ |
| ၃ | | | **အကောက်ခွန်** | **၄၆၀,၀၀၀.၀၀၀** |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန်၊ | ၄၆၀,၀၀၀.၀၀၀ |
| ၄ | | | **နိုင်ငံပိုင်သယံဇာတများထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့်အခွန်အကောက်** | **၇၆၀,၂၁၃.၃၇၇** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၄၈.၈၃၃ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၁၃၆.၀၇၆ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၃၃၆ |
| | ၄ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၃,၈၅၀.၀၀၀ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်းတွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)၊ | ၅၇.၃၀၀ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ | ၅,၀၀၃.၃၀၀ |
| | ၇ | စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်၊ | ၅၄၉,၄၇၃.၆၇၀ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်၊ | ၃၂,၂၅၀.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၁၅၅,၃၄၇.၁၆၂ |
| | ၁၀ | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ၊ | ၁၂,၂၀၀.၀၀၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်။ | ၁,၈၄၆.၇၀၀ |
| | | | စုစုပေါင်း | ၉,၃၇၈, ၄၀၄.၂၆၈ |

# တက်ဟုန်းပြည်နယ်ခွဲ ကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များ မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဧပြီ ၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တက်ဟုန်းပြည်နယ်ခွဲပြည်သူ့အစိုးရနှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးတို့ ပူးပေါင်းကျင်းပသည့် တက်ဟုန်းပြည်နယ်ခွဲကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များ မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ MGallery Hotel ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ ဒေါက်တာမျိုးသန့်နှင့် ဦးမင်းမင်း၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ တာဝန်ရှိသူများ၊ တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်းပြည်နယ်ခွဲပါတီကော်မတီအတွင်းရေးမှူး မစ္စတာကျန်းစန်း၊ တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးနှင့် တက်ဟုန်းပြည်နယ်ခွဲ ကော်ဖီကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများကို တက်ဟုန်းပြည်နယ်ခွဲကော်ဖီကုမ္ပဏီများဖြစ်ကြသည့် Hou Gu ကုမ္ပဏီလီမိတက်၊ Yun Cha Wu ကုမ္ပဏီလီမိတက်၊ Hei Rou ကုမ္ပဏီလီမိတက်နှင့် Yi Nuo Chun ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများက ကုမ္ပဏီများအလိုက် ကော်ဖီများနှင့် စိုက်ပျိုးရေးထုတ်ကုန်များကို မိတ်ဆက်ပြသသည်။

ထို့နောက် တရုတ်ကွန်မြူနစ်ပါတီ တက်ဟုန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူးက တက်ဟုန်းကော်ဖီနှင့် စိုက်ပျိုးရေးထုတ်ကုန်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးနှင့်ကော်ဖီအဓိကတင်ပို့ ရောင်းချသည့် နိုင်ငံဖြစ်လာစေရန် ရည်ရွယ်၍ ကော်ဖီတန်ဖိုးကွင်းဆက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကော်ဖီဗဟိုအဖွဲ့ကို ၂၀၂၂ ခုနှစ် မေ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး၊ အဓိကပို့ကုန်တစ်ခုအဖြစ် တင်ပို့နိုင်သည့်ထိ ဆောင်ရွက်နိုင်ရေးနှင့် နိုင်ငံအတွင်းကော်ဖီတိုးချဲ့စိုက်ပျိုးရာတွင် ကော်ဖီတန်ဖိုးကွင်းဆက် လုပ်ငန်းများ ဖွံ့ဖြိုးမှုရရှိစေရေးတို့အတွက် အချိန်အဟုန်မြှင့် အထောက်အကူပြုဆောင်ရွက်နိုင်ရန် မြန်မာ့ကော်ဖီပို့ကုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအဖွဲ့ (Myanmar Coffee Export Promotion Task Force) ကို မိမိတို့ဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် Road Map နှင့် Action Plan တို့ ရေးဆွဲရန်၊ ကော်ဖီကဏ္ဍအတွက် အာဆီယံနိုင်ငံများသို့ လေ့လာရေးသွားရောက်နိုင်ရေးစီစဉ်ဆောင်ရွက်ရန်၊ ကော်ဖီဈေးကွက်ဖွံ့ဖြိုးရေးကုန်စည်ပိုင်တစ်ခုတည်ထောင်ဖွင့်လှစ်ရေး စီမံချက်ရေးဆွဲအဆိုပြုရန်နှင့် ကော်ဖီပို့ကုန်တိုးတက်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် ကော်ဖီဗဟိုအဖွဲ့ကို အထောက်အကူပြုရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တရုတ်နိုင်ငံ၏ ကော်ဖီအများဆုံးစိုက်ပျိုးထုတ်လုပ်သည့်ဒေသဖြစ်ပြီး နိုင်ငံ၏ကော်ဖီစိုက်ပျိုးမှု ၉၅ ရာခိုင်နှုန်းရှိသည်ဟုသိရပါကြောင်း၊ ယူနန်ပြည်နယ်၏ကော်ဖီထွက်သည့်ဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် တက်ဟုန်းပြည်နယ်ခွဲတွင် ယခင်က ကုန်းနိမ့်ကော်ဖီကို စိုက်ပျိုးသော်လည်း ယခုအခါကုန်းမြင့်ကော်ဖီကိုသာ အများဆုံး စိုက်ပျိုးနေသည်ဟု သိရှိရပါကြောင်း၊ ကော်ဖီထွက်သည့် ဒေသဖြစ်သောကြောင့် မြန်မာ့ကော်ဖီလုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံကော်ဖီအသင်း၊ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများနှင့် နည်းပညာမျှဝေခြင်း၊ အသိပညာပေးဝေခြင်းအစီအစဉ်များ ပူးပေါင်းဆောင်ရွက်ရန်လည်း ဖိတ်ခေါ်ပါကြောင်း။

ယနေ့ကျင်းပသည့် မိတ်ဆက်ပြပွဲတွင် တက်ဟုန်းကော်ဖီကုမ္ပဏီ ရှစ်ခုမှကော်ဖီစေ့၊ ကော်ဖီမှုန့်၊ အသင့်ဖျော်ကော်ဖီ၊ လက်ဖက်ခြောက်တို့ကို အဓိကပြသထားသည်ကို တွေ့ရှိရပါကြောင်း၊ တက်ဟုန်းပြည်နယ်အနေဖြင့် မြန်မာနိုင်ငံမှ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ယခုကဲ့သို့ကော်ဖီအပါအဝင်ပြပွဲများ လာရောက်ပြသနိုင်ရန် ဖိတ်ခေါ်ပါကြောင်း၊ မြန်မာ့ကော်ဖီလုပ်ငန်းရှင်များနှင့် ညီနောင်လုပ်ငန်းရှင်များအသင်းအနေဖြင့်လည်း တရုတ်နိုင်ငံ၏ကော်ဖီအပါအဝင် ကုန်သွယ်မှုကဏ္ဍအသီးသီး၏ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့မှုစသည့် တန်ဖိုးကွင်းဆက်ကိုလေ့လာပြီး နှစ်နိုင်ငံအကြား အလားအလာရှိသည့် ကဏ္ဍများတွင် ကုန်သွယ်မှုပိုမိုတိုးတက်အောင် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တက်ဟုန်းပြည်နယ်အနေဖြင့် ယခုကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်ပြီး ကော်ဖီမိတ်ဆက်ပွဲကျင်းပကာ တက်ဟုန်းကော်ဖီလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံကော်ဖီအသင်းတို့အကြား တွေ့ဆုံဆွေးနွေးခွင့်ရအောင် စီစဉ်ဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က မြန်မာနိုင်ငံအတွင်း မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ်နေမှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး တက်ဟုန်းပြည်နယ်ခွဲပြည်သူ့အစိုးရနှင့် တက်ဟုန်းပြည်နယ်ခွဲ ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံကိုယ်စားလှယ်ရုံးမှ တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသူများကို ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန်အချက်များ**

- အရိပ်ရ၍အေးမြသောနေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့် ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊
- နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ်ဆောင်းပါ၊
- ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

- နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
- နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှအလွန်အေးသောအခန်းနှင့်ကားအတွင်းသို့ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့်ကားအတွင်းမှပူပြင်းသောနေရောင်ထဲသို့ချက်ချင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်စားခြင်းကိုရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

- သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

(ဧပြီလ၊ ၂၀၂၄)


---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၃

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃- ၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ





**စဉ့်ကိုင် မေ ၂**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရတနာခန်းမ၌ ကျင်းပရာ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အရာထမ်း၊ အမှုထမ်းများစုစုပေါင်း ၅၁၀ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ပါမောက္ခချုပ် ဦးကျော်စိုးက ဝန်ထမ်းများကို ယခင်က ပြည်သူ့စစ်မှုထမ်းဥပဒေ၏ သမိုင်းကြောင်း နောက်ခံအခြေအနေများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များကို တိတိကျကျ သဘောပေါက်နားလည်စေရန် ပထမအကြိမ် ရှင်းလင်းပြောကြားပြီးဖြစ်ပါကြောင်း၊ ယခု ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် နောက်ဆက်တွဲပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များအား အချိန်နှင့်တစ်ပြေးညီသိရှိစေရေး ထပ်မံဖြည့်စွက် အသိပညာပေးဟောပြောရခြင်းဖြစ်ပါကြောင်း၊ အရာထမ်း၊ အမှုထမ်းများအနေဖြင့် ကိုယ်တိုင်သိရှိရုံသာမက မိမိမိသားစုနှင့် ပတ်ဝန်းကျင်ပြည်သူများကိုပါ ထပ်ဆင့်မျှဝေရှင်းလင်း၍ အသိပညာဝေငှနိုင်ရေး သေချာစွာမှတ်သားကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဥပဒေပညာဌာနမှ ပါမောက္ခ ဒေါ်ဝင်းဝင်းမာက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က သတ်မှတ်ခွင့်ပြုလိုက်သည့် နောက်ဆက်တွဲပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်၊ လျှော့ပေါ့ခွင့်နှင့် ရွှေ့ဆိုင်းခွင့်များကို ပြည်သူ့စစ်မှုထမ်းဥပဒေပါ လျှော့ပေါ့ခွင့်၊ ရွှေ့ဆိုင်းခွင့်များနှင့် ယှဉ်တွဲဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် အရာထမ်းများနှင့် အမှုထမ်းများကသိလိုသည်များ မေးမြန်းကြသည့်အပေါ် ဖြေကြားဆွေးနွေးမှုများ ပြုလုပ်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် နမ့်လန်း-ဟိုတိ-မန်ကျောင်း- ပန်ရှင်ဖောက်လုပ်ပြီးမြေလမ်း ၆ မိုင်ပေါ်တွင် ကျန် ၁ မိုင် ၄ ဖာလုံအပြီးသတ် ကျောက်ခင်းခြင်းနှင့် ၅×၅×၂၆ ပေ Box Culvert လေးစင်းတည်ဆောက်ခြင်း ရာနှုန်းပြည့်ပြီးစီး



**နေပြည်တော် မေ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၉၉ ဒသမ ၂၇၀ သန်းဖြင့် ဆောင်ရွက်ခဲ့သော ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် နမ့်လန်း-ဟိုတိ-မန်ကျောင်း-ပန်ရှင် ဖောက်လုပ်ပြီး မြေလမ်း ၆ မိုင်ပေါ်တွင် ကျန် တစ်မိုင် လေးဖာလုံအပြီးသတ် ကျောက်ခင်းခြင်းနှင့် ၅x၅x၂၆ ပေ Box Culvert လေးစင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီး အဆိုပါ လမ်းဆောင်ရွက်ပေးနိုင်မှုကြောင့် မိုင်းရယ်မြို့နှင့် ကျေးရွာ ၂၄ ရွာ၊ အိမ်ခြေ ၁၁၅၈၊ လူဦးရေ ၅၀၅၆ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေးတို့အတွက် များစွာအကျိုးပြုသည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ၄၉၈၇ ဒသမ ၄၈၃ သန်းဖြင့် မြေလမ်း ၂၈ မိုင်၊ အမာခံလမ်း ၅ မိုင်၊ ကျောက်လမ်း ၁၃ မိုင် နှစ်ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာ ၁ ဒသမ ၆ ဖာလုံ၊ ကွန်ကရစ်လမ်း ၆ ဒသမ ၇ ဖာလုံ၊ ကွန်ကရစ်တံတားတစ်စင်း၊ Box Culvert ၃၉ စင်း၊ ရေကျော် တစ်စင်း၊ ပညာရေးလုပ်ငန်း လေးခု၊ သာသနာရေးလုပ်ငန်း ငါးခု၊ သောက်သုံးရေရရှိရေးလုပ်ငန်း တစ်ခုနှင့် ဦးစီးဌာနလုပ်ငန်း ငါးခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစိုးရဓမ္မာစရိယစာမေးပွဲ ဆဋ္ဌမနေ့ ကျင်းပ

**နေပြည်တော် မေ ၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ ဆဋ္ဌမနေ့အဖြစ် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၇ ဌာနတို့တွင် စာဖြေစာရင်းသွင်း ၁၂၁၆၀ ပါး/ဦး အနက် ၉၄၈၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၉၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့များကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Smile Smile"Facebook အကောင့်နှင့် "ရတနာလေးရတနာလေး" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ရတနာမွေးအား နံနက် ၈ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Aung Zin Htun" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ၄ မိုင်ကံသာကျေးရွာနေ အောင်စိန်ထွန်းအား ညနေ ၅ နာရီ ၄၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆွစ်ဇာလန်နိုင်ငံ ဇာမတ်နယ်မြေတွင် ရေခဲတောင်ပြိုကျမှုကြောင့် လူသုံးဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ



**ဘန်း မေ ၂၂**

ဆွစ်ဇာလန်နိုင်ငံ ဇာမတ်နယ်မြေတွင်ရှိသော ရေခဲတောင်နှင်းလျှောစီး အပန်းဖြေစခန်းတွင် ရေခဲတောင်ပြိုကျမှုကြောင့် လူသုံးဦးသေဆုံးပြီး တစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆွစ်ဇာလန်နိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆီးနှင်းများထူထပ်စွာကျဆင်းကာ လေတိုက်နှုန်းပြင်းထန်ခဲ့ခြင်းကြောင့် ရေခဲတောင်ပြိုကျခဲ့ခြင်းဖြစ်ပြီး ပျောက်ဆုံးနေသူများလည်း ရှိနိုင်သေးသည့်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေကာ ရေခဲတောင်နှင်းလျှောစီးအပန်းဖြေစခန်းသို့ လာရောက်လည်ပတ်မှုများကို ယာယီပိတ်ထားကြောင်း၊ ရာသီဥတုဆိုးရွားနေခြင်းကြောင့် ကယ်ဆယ်ရေးဝန်ထမ်းများက ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲနေသော်လည်း ပြည်သူများဘေးကင်းလုံခြုံစေရေးအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း ဆွစ်ဇာလန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ရေခဲတောင်နှင်းလျှောစီးစခန်းမှာ ရေခဲတောင်ပြိုကျမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ရေခဲတောင်ပြိုကျမှုကြောင့် လူသုံးယောက်သေဆုံးခဲ့ပြီး တစ်ယောက် ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ရေခဲတောင်ပြိုကျမှုက တော်တော်လေး အန္တရာယ်များပါတယ်။ ရေခဲတောင်နှင်းလျှောစီးစခန်းကိုလဲ အန္တရာယ်ဇုန်အဖြစ်သတ်မှတ်ထားပါတယ်။ ဇာမတ်ရေခဲတောင်နှင်းလျှောစီးစခန်းဟာ ကမ္ဘာလှည့်ခရီးသည်တွေ နှစ်စဉ်လာရောက် လည်ပတ်လေ့ရှိတဲ့ အပန်းဖြေစခန်းဖြစ်ပြီး ဝါသနာရှင်နှင်းလျှောစီးသမားတွေအတွက် နေရာကောင်းတစ်ခုလဲ ဖြစ်ပါတယ်။ ရေခဲတောင်ပြိုကျမှုကြောင့် အပန်းဖြေစခန်းကို ယာယီပိတ်ထားပါတယ်"ဟု ဇာမတ်နယ်မြေရဲစခန်းမှ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

**Ref : Russia Today**

**Trs : Sai Sat**

# အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် ဆိုလာစွမ်းအင်စီမံကိန်း ဆောင်ရွက်ခွင့်ပြု

**ဝါရှင်တန် မေ ၂၂**

အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆိုလာစွမ်းအင်စီမံကိန်းများကို တည်ဆောက်သွားရန် Dominion Energy ဆိုလာစွမ်းအင်ကုမ္ပဏီက ဗာဂျီးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းသို့ အဆိုပြုတင်ပြထားရာ မေ ၁ ရက်က ဗာဂျီးနီးယားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ဆောင်ရွက်ခွင့် ပြုလိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဆိုလာစွမ်းအင်ကဏ္ဍသည် ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျှော့ချရေးစီမံချက်အတွက် အဓိကကျသည့်ကဏ္ဍတစ်ရပ်ဖြစ်ပြီး ဗာဂျီးနီးယားပြည်နယ်တွင် ဆိုလာစွမ်းအင်စီမံကိန်းလေးခုထိ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ဆိုလာစွမ်းအင်စီမံကိန်းများမှ လျှပ်စစ်စွမ်းအင်ပမာဏ ၄၃၅ မဂ္ဂါဝပ်ထိ ထုတ်ယူသုံးစွဲနိုင်အောင် စီစဉ်လျက်ရှိပြီး ထပ်မံ တည်ဆောက်မှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။



"ဗာဂျီးနီးယားပြည်နယ်မှာ ဆိုလာစွမ်းအင်စီမံကိန်း လေးခု တည်ဆောက်သွားဖို့အတွက် Do-minion Energy ဆိုလာစွမ်းအင်ကုမ္ပဏီကို ခွင့်ပြုပေးလိုက်ပြီဖြစ်ပါတယ်။ နောက်ထပ်စီမံကိန်းတွေကိုလဲ ထပ်မံဆောင်ရွက်သွားမှာပါ။ ဆိုလာစွမ်းအင်စီမံကိန်းတွေကနေ လျှပ်စစ်စွမ်းအင်ပမာဏ ၄၃၅ မဂ္ဂါဝပ်ကနေ ၄၆၀၀ မဂ္ဂါဝပ်ထိ ထုတ်ယူသုံးစွဲနိုင်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချရေးစီမံချက်အတွက် အဓိကကျလာမဲ့စီမံကိန်းတွေဖြစ်တဲ့အတွက် အရှိန်အဟုန်နဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကာဗွန်ထုတ်လွှတ်မှု သုညမှတ်သို့ ရောက်ရှိရေးအတွက် ဆောင်ရွက်နေတဲ့ကိစ္စမှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တွေက အရေးအကြီးဆုံးကဏ္ဍ ဖြစ်ပါတယ်"ဟု ဗာဂျီးနီးယားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ဗင်နီဇွဲလားနိုင်ငံရှိ အမေဇုန်သစ်တောကြိုးဝိုင်းတွင် ဇန်နဝါရီလမှ မတ်လအတွင်း တောမီးလောင်ကျွမ်းမှု အကြိမ်ရေ ၃၀၂၀၀ ထိရှိခဲ့

**ကာရာကက်စ် မေ ၂၂**

ဗင်နီဇွဲလားနိုင်ငံရှိ အမေဇုန်မိုးသစ်တောကြိုးဝိုင်းတွင် ဇန်နဝါရီလမှ မတ်လအတွင်း တောမီးလောင်ကျွမ်းမှု အကြိမ်ရေ ၃၀၂၀၀ ထိ ရှိခဲ့ကြောင်း ဗင်နီဇွဲလားနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သုံးလတာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တောမီးလောင်ကျွမ်းမှုမှာ ၁၉၉၉ ခုနှစ်နောက်ပိုင်း အကြိမ်ရေအများဆုံး လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းလည်း ဗင်နီဇွဲလားအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"၂၀၂၄ ခုနှစ် ဇန်နဝါရီလကနေ မတ်လအတွင်းမှာ ဗင်နီဇွဲလားနိုင်ငံ အမေဇုန်မိုးသစ်တော ကြိုးဝိုင်းအတွင်း တောမီးတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ တောမီးလောင်ကျွမ်းခဲ့တဲ့ အကြိမ်ရေ ၃၀၂၀၀ ထိရှိခဲ့ပါတယ်။ ရာသီဥတုပြောင်းလဲမှုကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့တာဖြစ်ပါတယ်"ဟု တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ သုတေသနပြုလုပ်ခဲ့သည့် အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသီတစ်ဦးဖြစ်သူမာချာဒိုက ပြောကြားခဲ့သည်။

ဖြစ်ပွားခဲ့သော တောမီးလောင်ကျွမ်းမှုများမှာ သဘာဝအလျောက် လောင်ကျွမ်းခဲ့သောတောမီး ရှိခဲ့သကဲ့သို့ စိုက်ပျိုးမြေများချဲ့ထွင်ရှင်းလင်းရာမှ ဖြစ်ပေါ်ခဲ့သော တောမီးလောင်ကျွမ်းမှုများလည်း ရှိခဲ့ကြောင်း၊ သို့သော်လည်း လောင်ကျွမ်းခဲ့သော တောမီးများအနက် သဘာဝအလျောက် လောင်ကျွမ်းခဲ့သော တောမီးလောင်ကျွမ်းမှုအကြိမ်ရေမြင့်မားခဲ့ပြီး ဗင်နီဇွဲလားသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သုတေသီများက ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး အစီအစဉ်များ ဆောင်ရွက်နိုင်မှု မရှိခြင်းအပေါ် အာဏာပိုင်အဖွဲ့အစည်းကို ဝေဖန်မှုပြုလုပ်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

## မီးဘေးအတွက်ကြိုတင် ပြင်ဆင်ရန်များ

၁။ မီးငြိမ်းသတ်ရန်ပစ္စည်းများ( မီးသတ်ဦးစီးဌာန၏ စံနှုန်းနှင့်ကိုက်ညီသော မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲအိတ်များ၊မီးသတ်ဆေးဘူးများ)အသင့်ထားရှိပါ။



၂။ မြို့၊ရပ်ကွက်၊ ကျေးရွာအလိုက် အပေါ့စားမီးသတ်စက်များ၊ မီးသတ်ရေကန်များ၊ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ အသင့်ရှိစေရေး အတွက် ပူးပေါင်းပါဝင်ပါ။

၃။ မီးလောင်နေစဉ်တွင် ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၄။ အရေးပေါ်အချိန်တွင် သယ်ယူမည့်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။




၅။ အိမ်နှင့်ပတ်ဝန်းကျင်တွင် မီးလောင်လွယ်သောပစ္စည်းများ၊လောင်စာဆီများ၊ အမှိုက်များကိုရှင်းလင်းထားပါ။




၆။ လျှပ်စစ်မီး၊ ဂက်စ်မီး အပါအဝင် မီးသုံးစွဲလျှင် အမြဲသတိရှိပါ။
မီးကြွင်းမီးကျန်များ
အထူးသတိပြုပါ။



၇။ ဝါယာကြိုးများနှင့် လျှပ်စစ်ပစ္စည်းများ ပေါက်ပြဲ ပျက်စီးမှုရှိ၊မရှိ အမြဲမပြတ်စစ်ဆေးပါ။



၈။ မီးပျက်လျှင် မီးခလုတ်များကိုပိတ်ပါ။အပြင်ထွက်လျှင် မိန်း(ပင်မမီးခလုတ်)ကို ပိတ်ခဲ့ပါ။




၉။ မီးလောင်လျှင်
အရေးပေါ်ဆက်သွယ်
ရမည့် ဖုန်းနံပါတ်
များ(မီးသတ်၊လျှပ်စစ်ရုံး၊
ရဲတပ်ဖွဲ့)ကိုမှတ်သား
ထားပါ။



# မေတ္တာကမှာ မခြားခဲ့ပါ

တာနောင်(ပခန်းမြေ)



(၁)

ကျောင်းဝင်းထဲတွင် နိုင်ငံတော်အလံသည်တလူလူ လွင့်လျက်ရှိ၏။ ဆရာကျောင်းသား၊ ကျောင်းသူများ၊ တက်ရောက်လာကြသည့် ကျောင်းသားမိဘများနှင့် စည်ကားလျက်ရှိသည်။ မူလတန်းကျောင်းလေး၏ ပညာရည်ချွန်ဆုပေးပွဲကြီးသည် ယခုဆိုလျှင် အောင်မြင်စွာပြီးဆုံးခဲ့လေပြီ။ ထို့ကြောင့် အခမ်းအနားမှူးအဖြစ်တာဝန်ယူခဲ့ရသော ဆရာမလေးမြဖူးငုံသည် မိမိအတန်းရှိရာ စာသင်ခန်းထဲသို့ထွက်လာခဲ့တော့သည်။

(၂)

ဆရာမလေးမြဖူးငုံသည် ဆုပေးပွဲခန်းမထဲမှ ထွက်လာပြီး မိမိအတန်းရှိရာအခန်းသို့ရောက်လျှင် ထမင်းချိုင့်ဆွဲခြင်းထဲမှ ရေဘူးကိုယူပြီးဖွင့်လိုက်၏။ ရေကိုတစ်ငုံမျှသာအာဆွတ်ရုံခန့်သောက်ပြီး ပြတင်းပေါက်မှတစ်ဆင့် ကျောင်းဝင်းထဲသို့လှမ်းကြည့်လိုက်လေ၏။

အခမ်းအနားပြီးဆုံးသွားသော်လည်း ကျောင်းဝင်းထဲတွင် အမှတ်တရဓာတ်ပုံရိုက်ကြသူများနှင့် စည်ကားနေဆဲဖြစ်၏။ ဆရာမလေးမြဖူးငုံသည် စာသင်ခန်းရှေ့ ပြတင်းပေါက်မှ မြင်ကွင်းတစ်ခုကို နှစ်သက်သဘောကျစွာ ကြည့်နေမိသည်။ တွေ့မြင်ရသောပုံရိပ်တို့သည် ဝမ်းသာခြင်းနှင့်ထပ်တူ ကြည်နူးစရာကောင်းလှပေသည်။

မိမိအတန်းမှ တတိယတန်းတွင် ပညာရည်ချွန် ပထမဆုရရှိသောကျောင်းသူလေး သက်ထားနွယ်သည် စနိုးပွိုက်အင်္ကျီအဖြူရောင်လေးကို ဝတ်ထားပြီး ခေါင်းပေါ်တွင် သရဖူလေးကို ဆင်မြန်းထားသည်က မြင်ရသူအဖို့ အလွန်ပင်ချစ်မြတ်နိုးဖွယ် ကောင်းနေ၏။ မိခင်ဖြစ်သူ ဒေါ်ခင်မမသည်လည်း သမီးဖြစ်သူနှင့်အတူ လှ၍နေ၏။ ပိတောက်ရောင်ပါတိတ်ဝမ်းဆက်နှင့် စလင်းဘက်အိတ်ကိုလက်ကဆွဲကိုင်၍ ရွှေလက်ကောက်ပြောင်ပြောင်သည် ဒေါ်ခင်မမ၏လက်မောင်းမှ တဝင်းဝင်းတလက်လက်ဖြင့်တောက်ပစွာဝင့်ထည်ပြနေ၏။ နားနှစ်ဖက်မှ စိန်နားကပ်တို့သည်လည်း လင်းခနဲလက်ခနဲ ပြိုးပြက်စွာတောက်ပ၍ ထည်ဝါနေပေ၏။

"မေမေ သမီး ဒီနေ့ အတန်းထဲမှာ ပထမဆုရတယ်ဆိုတော့ လာမဲ့ကျောင်းပိတ်ရက်ကျရင် တိရစ္ဆာန်ဥယျာဉ်နဲ့ ရေကူးကန်ကိုလိုက်ပို့ပေးပါလားမေမေ"

"လိုက်ပို့ပေးမှာပေါ့ သမီးလေးရယ်။ အဲဒီရက်ကျရင် သမီးဖေကြီးလဲ ပွဲရုံပိတ်တော့ မေမေတို့ မိသားစုလိုက်သွားကြမယ်လေ။ ပြီးတော့ သမီးလေးလိုချင်တဲ့ အရုပ်တွေလဲ မေမေဝယ်ပေးမယ်"

"ဟေး. . . ဒါမှ တို့မေမေကွ"

မိခင်ဖြစ်သူက လိုက်လည်းပို့မည်။ လိုချင်တာများလည်း ဝယ်ပေးမည်ဆို၍ သက်ထားနွယ်သည် အော်ဟစ်ခုန်ပေါက်လျက် ပျော်မြူးသွား၏။

ထိုမြင်ကွင်း ပုံရိပ်လေးကိုကြည့်၍ ဆရာမလေးမြဖူးငုံတစ်ယောက် ကြည်နူးစွာပြုံးနေမိသည်။ မိဘနှင့်သားသမီးတို့၏ ချစ်ခြင်းမေတ္တာပုံရိပ်တို့သည် မြင်ရသူအဖို့ ရင်ဝယ်အေးချမ်းလိုက်ပါဘိ။ အမှတ်တရဓာတ်ပုံများရိုက်ကြပြီး မာစီးဒီးကားလေးကိုစီး၍ ပြန်သွားကြသည့် ဒေါ်ခင်မမတို့သားအမိကိုကြည့်ပြီး ဆရာမလေးမြဖူးငုံ အတွေးများဆက်နေမိတော့၏။

(၃)

ဒေါ်ခင်မမတို့သည် မြို့၏ မျက်နှာဖုံးများဖြစ်ကြသည်။ ငရုတ်၊ ကြက်သွန်များကိုဝယ်ယူ၍ ပွဲရုံထောင်ထားသလို အထည်ဆိုင်လည်း ဖွင့်ထား၏။ ပွဲရုံပိုင်းကို ခင်ပွန်းဖြစ်သူဦးထွန်းခင်က ဦးစီးလုပ်ဆောင်ပြီး အထည်ဆိုင်ကိုတော့ ဒေါ်ခင်မမကတာဝန်ယူ၍ ရောင်းဝယ်မှုပြုသည်။ ဝန်ထမ်းများစွာနှင့်လည်ပတ်အောင်ဆောင်ရွက်နိုင်ကြ၍ စီးပွားရေးအလွန်အဆင်ပြေလျက်ရှိကြသည်။ ငွေကြေးဥစ္စာပြည့်စုံသည့်အသိုင်းအဝန်းမို့ သား၊ သမီးများ လိုချင်တာရှိလျှင်လည်း မညည်းမညူဝယ်ပေးနိုင်စွမ်းရှိကြသည်။ ကျောင်းဝင်းထဲတွင် တစ်စတစ်စလူစဲသွားလေပြီ အချို့လူများပြန်သွားကြသော်လည်း အချို့မှာ မပြန်သေးဘဲ ဟိုတစ်စု၊ သည်တစ်စု ကျန်နေကြသေးသည်။

ဆရာမလေးမြဖူးငုံသည် အခန်းအတွင်းသို့ နေရောင်ထိုးကျနေသော ပြတင်းပေါက်ကိုပိတ်ရန် တံခါးပေါက်သို့ လျှောက်လာခဲ့သည်။ သို့သော် တံခါးပေါက်ကိုဆွဲ၍ မပိတ်ဖြစ်ပေ။ စာသင်ခန်း၏ အပြင်ဘက်တစ်နေရာတွင် သူ၏အတန်းမှ ကျောင်းသားဖြစ်သူဖိုးညိုနှင့် မိခင်ဖြစ်သူဒေါ်မြသစ်ကို အမှတ်မထင်မြင်တွေ့လိုက်ရ၍ဖြစ်သည်။ ဖိုးညိုနှင့် သူ၏မိခင်တို့ပြောဆိုနေကြသော စကားသံတို့သည်လည်း ဆရာမလေးမြဖူးငုံ၏ အကြားအာရုံသို့ထိုးဖောက် ဝင်ရောက်လာကြပြန်သောအခါ စိတ်ဝင်တစားနားထောင်မိပြန်၏။

(၄)

"မေမေ သားဆုရတာပျော်လား"

"ပျော်တာပေါ့သားလေးရဲ့ သားလေးစာကြိုးစားတော့ အမေပင်ပန်းရကျိုးနပ်တယ်။ အမေ့သားလေးကို အမေကပညာတတ်ကြီးဖြစ်အောင် ကျောင်းထားပေးမယ်။ သားလေးက စာကိုကြိုးစားသင်ယူပေါ့"

ဖိုးညိုသည် မိမိ၏အတန်းမှ ပညာရည်ချွန် ဒုတိယဆုရရှိသော ကျောင်းသားလေးဖြစ်သည်။ မိခင်ဖြစ်သူ ဒေါ်မြသစ်သည် သားဖြစ်သူ၏စာကြိုးစားမှုနှင့်အတူ ပညာရည်ချွန်ဆုရသည်ထိ စာတော်ခဲ့သည်မို့ အလွန်ဝမ်းသာကြည်နူးလျက်ရှိနေသည်ကို မိခင်တစ်ယောက်၏မျက်ဝန်းတွင် ထင်ရှားစွာပေါ်လွင်နေ၏။ ဖိုးညိုသည် အဖြူအစိမ်းကျောင်းဝတ်စုံပုဆိုးနှင့်အင်္ကျီကိုဝတ်ထားပြီး သူရရှိထားသော ဆုတံဆိပ်နှင့် ဆုရကတ်ပြားလေးကိုဆုပ်ကိုင်ထားလျက် ဂုဏ်ယူဝမ်းမြောက်စွာမိခင်ဖြစ်သူနှင့်စကားပြောဆိုနေသည်။ ဖိုးညိုသည် ဖတဆိုးသားလေးဖြစ်၏။ ဖိုးညိုလသားခန့်အရွယ်ကတည်းက ဖခင်ဖြစ်သူ ကိုသန်းလှသည် ယာလုပ်ရင်းပိုးထိ၍ဆုံးပါးသွားခဲ့ရရှာသည်။ ထိုအချိန်မှစ၍ မိခင်ဖြစ်သူ ဒေါ်မြသစ်သည် မုဆိုးမအဖြစ်နှင့် ဈေးဗန်းခေါင်းရွက်ဈေးရောင်းပြီး ဖိုးညိုကိုပြုစုစောင့်ရှောက်ခဲ့ရသည်။ ယခုဆိုလျှင် တတိယတန်းကျောင်းသားအရွယ်သို့ပင် ရောက်ရှိခဲ့ပြီဖြစ်၏။

ဒေါ်မြသစ်သည် ကုန်စိမ်းများကိုဖောက်သည်ယူ၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် တစ်နေ့နှစ်ကြိမ် ရပ်ကွက်တကာသို့ လှည့်လည် ဈေးရောင်းထွက်လေ့ရှိသည်။ ယနေ့ ပညာရည်ချွန်ဆုပေးပွဲရှိ၍ ကျောင်းသားမိဘတစ်ယောက်အနေဖြင့် သားဖြစ်သူ မျက်နှာမငယ်ရအောင်ရှိတာလေးနှင့် လှအောင်ဝတ်ပြီးတက်ရောက်လာသည်ကို တွေ့မြင်ခဲ့ရပေသည်။

ဒေါ်မြသစ်သည် အဝါရောင်ဖျော့ဖျော့ပါတိတ်ဝမ်းဆက်လေးကို သပ်ရပ်စွာဝတ်ဆင်ထား၏။ သို့သော် မဝတ်တာကြာ၍ ခေါက်ရိုးကျိုးနေသော အစင်းအရာသည် အထင်းသားပေါ်လွင်လျက်ရှိ၏။ ရပ်ကွက်ထဲသို့ နေ့စဉ်လှည့်လည်ပြီး ဈေးဗန်းခေါင်းရွက်လမ်းလျှောက်ရောင်းခဲ့ရသူမို့ ခြေဖနောင့်နှစ်ဖက်တွင် အက်ကွဲကြောင်းလေးများ အထင်းသားမြင်နေရ၏။ စီးထားသောဖိနပ်သည်လည်း အမြီးပိုင်းတွင် ပါးလွှာနေပြီဖြစ်၏။ သာမန်လက်လုပ်လက်စားဘဝမို့ ဒေါ်မြသစ်ခမျာ ရှိတာလေးနှင့် လှအောင်ဝတ်ထားသည်ကို တွေ့ရ၏။ ယနေ့တော့ဖြင့် သပ်ရပ်သန့်ပြန့်စွာဝတ်ဆင်လာသော ဒေါ်မြသစ်တစ်ယောက် သားဖြစ်သူ၏ ပူတိပူဆာစကားတို့ကို မကြားစဖူး အကြားထူးနေလေ၏။

"မေမေ။ သား မေမေ့ကို တစ်ခုလောက်တောင်းဆိုလို့ရမလား"

"အင်း ပြောကြည့်လေ သားလေးရဲ့။ ထူးထူး ဆန်းဆန်းအမေ့သားလေးက ဘာတွေများပူဆာမလို့လဲ"

ထိုသို့ပြော၍ ဒေါ်မြသစ်သည် ပြုံးလိုက်မိ၏။ ဖိုးညိုမှာတော့ ထပ်၍ ပြောသင့်မပြောသင့်ချီတုံချတုံဖြစ်နေဟန်ရှိ၏။ မိခင်ဖြစ်သူက စကားလမ်းကြောင်းပြန်ဖွင့်ပေးလိုက်သည်။

"အမေ့ကို ပြောကြည့်လေ သားလေးရဲ့"

"ဟိုလေ သားကို လာမဲ့ကျောင်းပိတ်ရက်ကျရင် တိရစ္ဆာန်ဥယျာဉ်ကို တစ်ခေါက်လောက် လိုက်ပို့ပေးပါလားဟင် မေမေ"

"ဩော်. . . သားလေးရယ်။ အမေအားရင် သားလေးကို လိုက်ပို့ပေးချင်တာပေါ့။ ဒါပေမဲ့"

ဒေါ်မြသစ်စကားကို ဆက်မပြောမိ။ ဖိုးညိုက ကြားဖြတ်၍ မိခင်ကို မေးခွန်းထုတ်လိုက်သည်။

"ဘာလဲ မေမေက သားကို လိုက်ပို့မပေးချင်ဘူးလား"

ဖိုးညိုက အလိုမကျသော အနေအထားဖြင့် ထိုသို့ ပြောဆိုသည်။ မျက်နှာကလည်း မှုန်သိုးသိုးဖြစ်နေ၏။ ဖိုးညိုစကားကြောင့် ဒေါ်မြသစ်က ပျာပျာသလဲ ပြန်ပြောသည်။

"မဟုတ်ရပါဘူး သားလေးရယ်။ အမေ့သားလေးကို လိုက်ပို့ပေးချင်ပေမဲ့ အမေဈေးရောင်းရအုံးမယ်လေ"

"တစ်ရက်တလေတော့ နားပေါ့ မေမေရာ။ အခုကျ အတန်းထဲမှာ သူငယ်ချင်းတွေက တိရစ္ဆာန်ဥယျာဉ်တွေ၊ ကစားကွင်းတွေ ရောက်ဖူးကြတယ်။ သူတို့အားရပါးရပြန်ပြောပြတာကိုပဲ သားက နားထောင်နေရတယ်။ သားကကျ ဘယ်ကိုမှတစ်ခါမှမရောက်ဖူးဘူး"

ဟုတ်တော့လည်းဟုတ်သည် သားဖြစ်သူကို ဘယ်ကိုမှမပို့ဖြစ်ခဲ့။ ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်းသည်သာ ဖိုးညိုကျင်လည်ရာဖြစ်၏။ ကျောင်းပိတ်ရက်များရောက်ပြန်လည်း ရပ်ကွက်လမ်းကြားထဲ၌သာ ကလေးအချင်းချင်း ကစားခဲ့ရသူဖြစ်သည်။

ခင်ပွန်းဖြစ်သူဆုံးပါးကတည်းက နယ်မှမြို့သို့ပြန်တက်လာခဲ့ပြီး။ ဖိုးညိုနှင့်အတူ မိအိုဖအိုတို့ထံ ခိုလှုံရင်းအတူနေခဲ့ရသည်။ ဒေါ်မြသစ်၏ ဖခင်မှာ ယခင်က ဆိုက်ကားနင်းသည် မိခင်ဖြစ်သူက အိမ်မှာအချက်အပြုတ်တာဝန်ယူသည်။

ဒေါ်မြသစ်က ကုန်စိမ်းဖောက်သည်ယူ၍ ဈေးရောင်းထွက်သည်။ ထိုအချိန်က တစ်အိမ်တည်း နှစ်ယောက်စာဝင်ငွေရှိ၍ ရွှေငွေမဆင်နိုင်သော်လည်း ထမင်းကို ဟင်းကောင်းကောင်းဖြင့် စားနိုင်သလို အဝတ်အထည်လည်း ကောင်းကောင်းလေး ဝယ်ဝတ်နိုင်သေး၏။

ယခုတော့ ဖခင်ဖြစ်သူမှာ အသက်လည်းကြီးလာပြီမို့ ဒူးနာသည့် ဝေဒနာခံစားလာရသောကြောင့် ဆိုက်ကားနင်းတာကို ရပ်နားခိုင်းခဲ့ရသည်မှာကြာပြီဖြစ်၏။ ထိုအချိန်ကတည်းက ဒေါ်မြသစ်သည် ယခင်က နံနက်ပိုင်းတစ်ကြိမ်သာ ဈေးရောင်းထွက်သော်လည်း ဖခင်ဖြစ်သူပါ အလုပ်ရပ်နားလိုက်ရသောအခါ တစ်နေ့နှစ်ကြိမ် ဈေးထွက်ရောင်းရလေတော့၏။ မိအိုဖအိုတို့၏ ဆေးဖိုးနှင့် သားဖြစ်သူ၏ ကျောင်းစရိတ်အပါအဝင် နေ့စဉ်စားဝတ်နေရေးကို နေပူမရှောင် မိုးရွာမရှောင် ဒေါ်မြသစ်ရုန်းကန်ခဲ့ရရှာလေသည်။ ထိုအရာကို ဖိုးညိုမသိရှာ၍ သူဖြစ်ချင်သောဆန္ဒအရ တိရစ္ဆာန်ဥယျာဉ်သို့သာ ရောက်ဖူးချင်၍ တဖွဖွလိုက်ပို့ခိုင်းလေတော့သည်။

"မဖြစ်ပါဘူး သားလေးရယ်။ အမေ အခု အိမ်ပြန်ရောက်ရင်လဲ မနက်ကဈေးရောင်းပျက်ထားလို့ ညနေဈေးရောင်းထွက်ဖို့ ပြင်ရအုံးမယ်။ အားတဲ့ တစ်ရက်ကျအမေ လိုက်ပို့ပါ့မယ်။ အခုတော့ အိမ်ပြန်ကြစို့နော်"

"တော်ပါ မေမေရာ။ မေမေက သားကို မချစ်ပါဘူး။ ဖေဖေသာရှိရင် သိပ်ကောင်းမှာ"

ဖိုးညိုစကားကြောင့် ဒေါ်မြသစ်ရင်ထဲဆို့နင့်ခံစားလိုက်ရသည်။ ဖိုးညိုကတော့ ထိုသို့ပြောဆိုပြီး မိခင်ကို

စာမျက်နှာ ၂၅သို့ ➤

# မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၄၂၂၈၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မြောင်းမြ မေ ၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးထားသော မတ်ပဲ ၄၂၂၈၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၅၃၆၈၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ထိုသို့ စိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ဖေဖော်ဝါရီလ ပထမပတ်ကစတင် ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မတ်ပဲ ၄၂၂၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရိတ်သိမ်းပြီးဖြစ်သော မတ်ပဲ ၄၂၂၈၉ ဧကတွင် မြောင်းမြမြို့နယ်တွင် ၁၇၅၂ ဧက၊ အိမ်မဲမြို့နယ်တွင် ၂၈၄၀၁ ဧက၊ ဝါးခယ်မမြို့နယ်တွင် ၁၂၁၃၆ ဧက ဖြစ်ကြောင်း၊ မတ်ပဲတစ်ဧကလျှင် ၁၈ ဒသမ ၅၁ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြခရိုင်တစ်ခုလုံးအနေနဲ့ မတ်ပဲ ၅၃၆၈၃ ဧက စိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ သီးနှံတွေအားလုံး အခက်အခဲမရှိ စိုက်ပျိုးဖို့ လိုအပ်တဲ့ မြေယာပြုပြင်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်ပေးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ ပဲသီးနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းဖို့နဲ့ အထွက်နှုန်းကောင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ လက်ရှိ မတ်ပဲ ၄၂၂၈၉ဧကထိ ရိတ်သိမ်းပြီးပါပြီ။ ဆောင်းသီးနှံတွေကို ရာနှုန်းပြည့် ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ ဆက်လက်ပြီးကူညီပေးသွားမှာ ဖြစ်ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။ **ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၂၄ မှအဆက်

ပင်မစောင့်ဘဲ ကျောင်းအပေါက်ဆီသို့ ပြေးထွက်သွားလေသည်။ မိခင်ဖြစ်သူ ဒေါ်မြသစ်က သားကိုမီအောင် နောက်ကလိုက်သွားလေတော့၏။

ဆရာမလေး မြဖူးငုံသည် ဒေါ်မြသစ်နှင့် ဖိုးညိုအဖြစ်ကိုကြည့်ပြီး စိတ်မကောင်းစွာ ပင့်သက်လိုက်ရှည်တစ်ခုကို ဖြည်းညင်းစွာချလိုက်မိ၏။ သက်ထားနွယ်အဖြစ်နှင့် ဖိုးညိုအဖြစ်ကိုယှဉ်ကြည့်ပြီး ပြည့်စုံချမ်းသာသည့် မိဘမေတ္တာနှင့် ဆင်းရဲသည့် မိဘမေတ္တာနှစ်ခုကို မျက်ဝါးထင်ထင်မြင်ခဲ့ရလေသည်။

သို့သော် ဘဝအလွှာများမိုးနှင့်မြေလို ကွာခြားပါသော်လည်း မေတ္တာအရာမှာတော့ ကမ္ဘာမခြားတတ်လေသည့် မိဘတို့၏စစ်မှန်သော ချစ်ခြင်းမေတ္တာတရားအကြောင်းကို နောက်ရက် ဖိုးညိုကျောင်းလာလျှင် ပြောဖြစ်အောင် ပြောပြရပေဦးမည်။

(၅)

"ကျေးမွေးသုတ်သင် သက်ဆုံးပင် ချစ်ခင်ရှာပေ တို့မေမေ"

စာသင်ခန်းထဲတွင် ဆရာမလေးမြဖူးငုံသည် တို့မေမေကဗျာလေးကိုရွတ်ဆိုသင်ပြပြီး အဓိပ္ပာယ်ကို ရှင်းပြလိုက်လေသည်။

"ကျေးမွေးသုတ်သင်တယ်ဆိုတာက သားတို့သမီးတို့ကို မေမေတွေကနေပြီးတော့ ကျန်းမာရေးကောင်းအောင်၊ အာဟာရတွေရှိအောင်ထမင်းတွေ၊ ဟင်းတွေ၊ အသီးအရွက်၊ အသားငါးတွေကို ခွန်အားတွေရှိလာအောင် ညီညွတ်မျှတစွာကျွေးတာကိုပြောတာပေါ့ကွယ်။ ပြီးတော့ သားတို့၊ သမီးတို့ကို အသက်ထက်ဆုံးချစ်ခင်ပေးတတ်တာလဲ မေမေတွေပါပဲ တဲ့"

ကဗျာလည်းသင် ကဗျာ၏အဓိပ္ပာယ်ကိုလည်း ဆရာမလေး မြဖူးငုံသည် သေချာစွာရှင်းပြပေးနေ၏။ ကျောင်းသား၊ ကျောင်းသူတို့သည် ဆရာမရှင်းပြသည်ကို စိတ်ဝင်တစားနားထောင်နေကြတာ တွေ့ရ၏။ ထို့ကြောင့် ဆရာမလေးမြဖူးငုံသည် ကဗျာကိုဆက်၍ ဆိုပြလိုက်လေသည်။

"ငယ်စဉ်ကာလ စည်းကမ်းပြ ဆုံးမခဲ့ပေ တို့မေမေ"

ဆရာမက ရှေ့ကဆိုပြသည်။ ကလေးများက နောက်မှလိုက်ဆို၏။ ထို့နောက် ကဗျာအဓိပ္ပာယ်ကို ဆရာမက ဆက်၍ရှင်းပြ၏။

"သားတို့သမီးတို့ ငယ်စဉ်ကတည်းက စည်းကမ်းရှိဖို့၊ လိမ္မာတဲ့သားသမီးလေးတွေဖြစ်ဖို့ မေမေတွေက မဆုံးမဘူးလား"

"ဆုံးမပါတယ် ဆရာမ"

"ကဲ အဲဒါဆို သားတို့၊ သမီးတို့က မေမေတွေကဆုံးမတဲ့အခါ စည်းကမ်းရှိရှိ၊ စိတ်ထားကောင်းကောင်းနဲ့ လိမ္မာပြကြရမယ်နော်။ မေမေတွေအပေါ် မဆိုးရဘူး၊ မမိုက်ကြရဘူးနော် သားတို့၊ သမီးတို့"

"ဟုတ်ကဲ့ပါ ဆရာမ"

စာသင်ခန်းလေးထဲတွင် ဆရာမက ကဗျာကိုအမေးအဖြေနှင့် ရှင်းပြသည့်အခါ ကလေးများသည် သံပြိုင်ညီညာစွာ ဖြေဆိုပြနေကြပေ၏။ သံချိုကလေးကဗျာလေးပေမို့ ကလေးတို့အကြိုက်တွေ့စေပြီး အလွန်အဓိပ္ပာယ်ပြည့်ဝသော ကဗျာလေးတစ်ပုဒ်ဖြစ်ပါပေ၏။

"အရွယ်ရောက်လာ ကျောင်းအပ်ကာ ပညာပေးပေ တို့မေမေ"

"သားတို့၊ သမီးတို့စာသင်ရမဲ့အရွယ်ရောက်လာပြန်တော့ ပညာတွေတတ်အောင် ဘယ်သူကကျောင်းထားပေးလဲ၊ ဘယ်သူတွေကကျောင်းကိုလိုက်ပို့ပေးကြလဲ"

"မေမေပါ ဆရာမ"

"အေး ဟုတ်ပြီ သားတို့၊ သမီးတို့ရေ။ အဲဒါဆို အခုနက ကဗျာအပိုဒ်လေး ပြန်ဆိုပြကြပါအုံး ဆရာမကို"

"အရွယ်ရောက်လာ ကျောင်းအပ်ကာ ပညာပေးပေ တို့မေမေ"

ဆရာမလေးမြဖူးငုံ ကြည်နူးကျေနပ်နေမိသည်။ ကဗျာကို ကလေးများအားလုံး စိတ်ပါဝင်စားစွာရွတ်ဆိုသင်ယူကြသည်မို့ ကျန်သည့်အပိုဒ်ကိုပါ ရွတ်ဆိုပြလိုက်သည့်အခါ။ ကလေးများကလည်း လိုက်ပါရွတ်ဆိုကြလေသည်။

"ကျန်းမာဖို့ရေး သင့်ရာကျွေး လေးစားအပ်ပေ တို့မေမေ။ ဝတ်စားဆင်ယင် မြတ်နိုးကြင် ချစ်ခင်အပ်ပေ တို့မေမေ"

"သားတို့သမီးတို့အာဟာရမျှတဖို့၊ ကျန်းမာဖို့မေမေတွေက အစားအစာတွေကို ကောင်းမွန်စွာကျွေးမွေးကြသလို အဝတ်အထည်တွေကိုလဲ ဆင်ပေးကြတယ်မဟုတ်လား"

"ဟုတ်ပါတယ် ဆရာမ"

"ဒါဆို သားတို့၊ သမီးတို့အပေါ်မှာ ချစ်ခြင်းမေတ္တာတရားကြီးမားကြတဲ့ မေမေတွေကို သားတို့၊ သမီးတို့ကလဲ ပြန်ချစ်ကြရမယ်၊ မြတ်နိုးကြရမယ်။ မိဘတွေဆိုတာက ဘဝအလွှာမတူကြလို့ ကံတရားအရချမ်းသာတာ၊ ဆင်းရဲတာသာကွာခြားမယ်။ သားတို့၊ သမီးတို့ အပေါ်မှာထားရှိတတ်တဲ့ချစ်ခြင်းမေတ္တာတရားက တန်းတူကြီးမားကြတယ်ကွဲ့။ ဒါကြောင့် သားတို့၊ သမီးတို့ကလဲ မေမေတွေအပေါ်ကို မဆိုးရဘူး၊ မမိုက်ရဘူး လိမ္မာစွာနဲ့ နေပြကြရမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာမ"

"ဒါဆို သားတို့၊ သမီးတို့အားလုံး ကဗျာလေးကိုတစ်ခေါက်လောက် ဆရာမနဲ့အတူ လိုက်ဆိုကြည့်လိုက်ကြရအောင်နော်"

"ကျေးမွေးသုတ်သင် သက်ဆုံးပင် ချစ်ခင်ရှာပေ တို့မေမေ"

"ဂလောင် ဂလောင် ဂလောင်"

ထိုအချိန်တွင် ကျောင်းဆင်းခေါင်းလောင်းသံကို ကြားလိုက်ရသည်။ ကျောင်းသား၊ ကျောင်းသူအားလုံး ဆရာမကိုနှုတ်ဆက်၍ စာသင်ခန်းထဲမှ ညီညာစွာစီတန်းကာထွက်သွားကြလေပြီ။ တို့မေမေကဗျာလေးကို ကိုယ်စီနှုတ်တိုက်ရွတ်ဆိုသွားကြသည်ကိုလည်း ကြားရသည်။ ကလေးများကို စာကိုလည်းသင်ပြီး စိတ်ကိုပါသင်ပေး၊ ပြင်ပေးလိုက်ရသောကြောင့် ဆရာမလေးမြဖူးငုံသည် ကျေနပ်မိလျက်ရှိသည်။ အထူးသဖြင့် စာသင်ရင်း ဖိုးညိုကိုကြည့်လိုက်မိတိုင်း စိတ်ဝင်တစားသင်ယူရွတ်ဆိုနေတာ တွေ့ရသလို ကောင်းမွန်စွာနားထောင်နေသည်ကိုလည်းတွေ့ရ၏။ ယခုလည်း အိမ်သို့ပြန်ရင်း ကျောင်းပေါက်ဝဆီမှ တို့မေမေကဗျာလေးကို ဖိုးညိုအော်ဟစ်ရွတ်ဆိုလိုက်သည့်အသံလေးကို ဆရာမလေးမြဖူးငုံ တစ်ယောက် ကြားဖြစ်အောင် ကြားလိုက်မိပေသည်။

"ကျေးမွေးသုတ်သင် သက်ဆုံးပင် ချစ်ခင်ရှာပေ တို့မေမေ"

---

## နွေအပူ၌ ရေအလှူ

- နွေရာသီ ပူရှိန်ပြင်း
ရေချမ်းအေးက အဓိကပါ၊
ရေအလှူ စေတနာထား
လေးစားစရာ၊
ထန်းလက်တဲ တည်ဆောက်ကာ
ရေအိုးမှာ ရေကိုဖြည့်၊
အမောပြေ ရင်ပူပျောက်တယ်
သောက်သုံးရန်တွေ့။

- ရေအလှူ ပျော်ရွှင်မွေ့
အညာဓလေ့က ကြည်နူးဖွယ်၊
များသူငါ ရင်ကိုအေး
ကူဖေးလို့သယ်၊
သန့်ရှင်းပြီး သပ်ရပ်တယ်
ရေအိုးရယ် ကျက်သရေတင့်၊
သောက်သုံးပျော် များသာစုမို့
ကုသိုလ်များဆင့်။

- ရေလိုသော် ဖြည့်ရန်အသင့်ပါကွဲ့
စောင့်စားလင့် ရေဖြည့်သူ၊
အကျိုးဆောင် ထမ်းကာရွက်
ဆက်လက်လို့ကူ၊
ထာဝရဖြစ် ရေအလှူ
နတ်လူတွေလည်း မေတ္တာပွား၊
ရာသက်ပန် ရွှေကြာပန်းနှယ်
လန်းဆန်းစိတ်ထား။

- များပြည်သူ ဖြတ်သန်းသွားတဲ့
ရွာထိပ်နားက ရေချမ်းစင်၊
စုပေါင်းညီ ကုသိုလ်ရေးမို့
အေးမြကြည်လင်၊
ခရီးသွားတို့ စိတ်ဘဝင်
အရိပ်ထင်တဲ့ တန်ဖိုးထူး၊
သာသာယာ ထန်းလက်တဲမှာဖြင့်
အတူနွဲ့ကာ ကုသိုလ်ထပ်တယ်
အေးမေတ်ပေါင်းကူး။

**ဖြိုးထက်(ရေစကြို)**

---


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



# ပြဋ္ဌာန်းဥပဒေ၏ ဆိုလိုရင်းကို သိမြင်စေချင်

**စိန်လှိုင်ဖိုလ်**

ပြဋ္ဌာန်းထားသော ဥပဒေတစ်ရပ်ကို လိုက်နာကြရာတွင် ဆိုလိုရင်းအနှစ်သာရကို သိမြင်ကြရန် အထူးလိုအပ်လှပါသည်။ ဥပဒေ၏ အဓိပ္ပာယ်ဖော်ညွှန်းချက်အပေါ် စေ့စပ်နက်ရှိုင်းစွာ ရှုမြင်သုံးသပ်ကြရပါမည်။ သို့မဟုတ်ဘဲ သာမန်အပေါ်ယံကြောသာလျှင် ဖတ်ရှုပြီး ဆုံးဖြတ်ဆောင်ရွက်ပါလျှင် အမှားကင်းနိုင်မည် မဟုတ်ပါ။ ဥပဒေပြဋ္ဌာန်းချက်အပေါ် အဓိပ္ပာယ်ကောက်ယူမှု လွဲမှားခြင်းကြောင့် ဖြစ်ပွားခဲ့ရသော အမှုအခင်းတစ်ခုနှင့် ၎င်းအမှုသည် နိုင်ငံတော်တရားရုံးချုပ်အဆင့်ထိ ရောက်ရှိသွားပြီး စီရင်ဆုံးဖြတ်ထုံးဖွဲ့လမ်းညွှန်ခဲ့ရာ ပြည်သူအများ ဥပဒေဗဟုသုတ အလို့ငှာ ရေးသားဖော်ပြပါဦးမည်။


အမှုမှာ ၁၉၉၃ခုနှစ် စက်တင်ဘာ ၁၀ ရက် ရက်စွဲပါစာဖြင့် ဒီပဲယင်းရဲစခန်းမှ ဒုတိယရဲအုပ်စိုးမြင့်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ နများရွာနေ မောင်ကျော်ညွန့်၏အိမ်သို့ ဝင်ရောက်ရှာဖွေရာ လိုင်စင်မဲ့နွားသားရေ ၂၀ ချပ်ကို သိမ်းဆည်းရမိသဖြင့် မောင်ကျော်ညွန့်ကို အရေးယူရန် ဒီပဲယင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးကျော်စိုးက ရဲစခန်း၌ တိုင်ချက်ရေးဖွင့်ခဲ့သည်။ ဒီပဲယင်းမြို့နယ် တရားရုံး ပြစ်မှုကြီးအမှတ် -၂၅၄/၉၃တွင် မောင်ကျော်ညွန့်အပေါ် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေပုဒ်မ -၈၀ (က)အရ တရားစွဲဆိုရာ တရားရုံးက မောင်ကျော်ညွန့်ကို အမှုမှအပြီးအပြတ်လွှတ်လိုက်သဖြင့် ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ အယူခံမှု တင်သွင်းခဲ့ပါသည်။

သားသတ်လိုင်စင်ရသူ ဦးတိုက်စိုး၏ သားသတ်လုပ်ငန်းကိုလွှဲအပ်သဖြင့် ဦးတိုက်စိုး၏ ခွင့်ပြုချက်အရ သားရေများကို လက်ဝယ်ထားရှိခြင်းဖြစ်ကြောင်း မောင်ကျော်ညွန့်က ထွက်ဆိုသော်လည်း စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ -၈၀ (ခ)တွင် အကျုံးမဝင်ကြောင်း၊ သားရေလက်ဝယ်ထားရှိသူသည် တရားဝင်ခွင့်ပြုချက်ရထားကြောင်းတင်ပြရန် လိုအပ်သည်ဟု ရှေ့နေချုပ်ရုံးက တရားရုံးချုပ်သို့ တင်ပြခဲ့ပါသည်။

အယူခံတရားခံ မောင်ကျော်ညွန့်၏ ရှေ့နေက နွားသားရေ ၂၀ ချပ်မှာ လိုင်စင်ရ ဦးတိုက်စိုး၏ နွားသားရေဖြစ်သည်ဟု ဦးတိုက်စိုးက ထွက်ဆိုထားကြောင်း၊ ဦးတိုက်စိုးသည် ရွာလယ်တွင်နေထိုင်၍ မောင်ကျော်ညွန့်သည် ရွာအစွန်၌ နေထိုင်သူဖြစ်ရာ နွားသတ်သည့်လုပ်ငန်းမှာ ရွာလယ်တွင် လုပ်ကိုင်မရဘဲ ရွာအစွန်၌ လုပ်ကိုင်ရကြောင်း၊ မောင်ကျော်ညွန့်သည် ဦးတိုက်စိုး၏ တူတော်စပ်ပြီး သားသတ်လုပ်ငန်းကို တာဝန်ယူလုပ်ကိုင်ရ၍ နွားသားရေများကို မောင်ကျော်ညွန့်၏ အိမ်ဝင်းအတွင်း တွေ့ရှိခြင်းသာဖြစ်ကြောင်း၊ အဆိုပါနွားသားရေများမှာ လိုင်စင်ဖြင့် သတ်ဖြတ်သော နွားသားရေများဖြစ်၍ ခွင့်ပြုချက်မရှိဘဲ သတ်သောနွားသားရေများမဟုတ်ပါကြောင်း တင်ပြသည်။

**တရားရုံးချုပ်၏ ခိုင်ခိုင်သုံးသပ်ဆုံးဖြတ်ချက်**

ဤအမှုတွင် တရားလိုဘက်မှ တရားလိုပြသက်သေတစ်ဦးတည်းကိုသာ တင်ပြထားသည်။ ဦးကျော်စိုး (လိုပြ-၁)က ၎င်းသည် ဒီပဲယင်းရဲစခန်း၏စာအရ တရားခံ၏နေအိမ်မှ လိုင်စင်မဲ့နွားသားရေ ၂၀ ချပ်ကိုသိမ်းဆည်းရမိ၍ အရေးယူရန်တိုင်ကြားခဲ့ခြင်းဖြစ်ထိန်းသိမ်းထားခြင်းဖြစ်၍ အပြစ်မရှိကြောင်း၊ ဦးတိုက်စိုးသည် နများရွာ၌ပင် နေထိုင်၍ နွားသားရေကိုယ်စားလှယ်နှင့် သားရေအပေးအယူအလုပ်ကို တာဝန်ယူလုပ်ကိုင်ရကြောင်း၊ သက်သေခံနွားသားရေ ၂၀ ချပ်မှာ သုံးလအတွက် သိမ်းထားခြင်းဖြစ်ကြောင်း၊ နှစ်လ တစ်ကြိမ် သားရေကိုယ်စားလှယ်ထံအပ်ရကြောင်း၊ ယခုမအပ်ရသည်မှာ လမ်းပန်းဆက်သွယ်ရေးမကောင်းသဖြင့် အိမ်၌ထားရန်ပြောသဖြင့် ထားရှိခြင်းဖြစ်ကြောင်း၊ အဆိုပါသားရေများမှာ တရားဝင်ရထားသော သားရေများဖြစ်ကြောင်း ဦးတိုက်စိုး (ခံပြ-၂)ကလည်း ၎င်းသည် အသက်ကြီး၍ တူတော်



ကြောင်း၊ ဒီပဲယင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် သားသတ်လိုင်စင်ရထားသူများထံမှ သားရေများဝယ်ယူရန် သားရေကိုယ်စားလှယ်တစ်ဦး ထားရှိကြောင်း၊ လိုင်စင်ရသူသည် သားရေမည်မျှ လက်ဝယ်ထားရမည်ဟု သတ်မှတ်မထားကြောင်း၊ ဦးတိုက်စိုး ဆိုသူသည် တရားဝင်သားသတ်လိုင်စင်ရထားသူ ဖြစ်သော်လည်း တရားခံသည် ဦးတိုက်စိုး၏ အလုပ်သမား ဟုတ်၊ မဟုတ်မသိကြောင်း၊ ဦးတိုက်စိုး၏ ခွင့်ပြုချက်အရ သားရေအပ်ထားခြင်းဖြစ်သည်ဆိုလျှင် မသိကြောင်း ရုံးရှေ့ထွက်ဆိုထားသည်ကို တရားရုံးချုပ်က စိစစ်ခဲ့သည်။

မူလရုံးတွင် အယူခံတရားခံ မောင်ကျော်ညွန့်က သူသည် နများရွာကျေးရွာအုပ်စုအတွက် အမဲလိုင်စင်ရထားသော ဦးတိုက်စိုး၏ သားသတ်ရုံမှ အလုပ်သမားဖြစ်ကြောင်း၊ နွားများကိုသတ်ဖြတ်ရ၍ ဦးတိုက်စိုး၏ ခွင့်ပြုချက်အရ နွားသားရေများကို နေအိမ်တွင် စပ်သူ မောင်ကျော်ညွန့်အား ကိုယ်စား သားသတ်လုပ်ငန်းကိုလုပ်ရန် တာဝန်အားလုံးကို လွှဲပေးထားကြောင်း၊ စည်ပင်သာယာရေးဌာနသို့ နှုတ်ဖြင့်တင်ပြခဲ့ဖူးကြောင်း၊ ငွေသွင်း၊ ငွေထုတ် မောင်ကျော်ညွန့်ကပင်လုပ်ကြောင်း ထောက်ခံထွက်ဆိုထားသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

စည်ပင်သာယာရေးအဖွဲ့များဥပဒေပုဒ်မ-၈၀ (ခ) တွင် စွပ်စွဲခံရသူသည် သက်ဆိုင်ရာအာဏာပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ်တွေ့ရှိသော ကျွဲ၊ နွား၏ အသားသည် တရားဝင်ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်းတစ်ခုခုဖြင့် သေဆုံးသော ကျွဲ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန်ရှိသည်ဟု သတ်မှတ်ထားသည်။

ထိုဥပဒေပုဒ်မ - ၈၀ (က)တွင် ကျွဲ၊ နွားအသား သို့မဟုတ် **သားရေကို ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားဖြင်းသည် ပြစ်မှုကျူးလွန်ကြောင်း** ပြဋ္ဌာန်းထားသည်။ ထို့ပြင် **၎င်းဥပဒေ၏ ပုဒ်မ -၄၀ (က)တွင် ခွင့်ပြုချက်ရယူသူသာလျှင် ကျွဲ၊ နွား အသားနှင့် သားရေကို လက်ဝယ်ထားနိုင်သည်ဟု** ဆိုသည်။ ဤအမှုတွင် အယူခံတရားခံက ၎င်း၏လက်ဝယ်ရှိ နွားသားရေ ၂၀ ချပ်မှာ ခွင့်ပြုချက်လိုင်စင်ရထားသော ဦးတိုက်စိုး၏ နွားသားရေဖြစ်ကြောင်းနှင့် ဦးတိုက်စိုးကလည်း မှန်ပါသည်ဟု ထောက်ခံထားသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

သို့ဖြစ်ရာ သက်သေခံနွားသားရေ ၂၀ချပ်မှာ ခွင့်ပြုချက်ရရှိထားသော ဦးတိုက်စိုး၏ သားသတ်ရုံမှ နွားသားရေများဖြစ်ကြောင်း ပေါ်လွင်ထင်ရှားလျက်ရှိသည်။ ခွင့်ပြုချက်ရသူ **ဦးတိုက်စိုး၏ လက်ဝယ်၌ မဟုတ်ဘဲ အယူခံတရားခံ မောင်ကျော်ညွန့်၏ လက်ဝယ်၌ တွေ့ရသည်ဆိုရုံမျှဖြင့် နွားသားရေ ၂၀ ချပ်သည် လိုင်စင်မဲ့သတ်ဖြတ်သော နွားသားရေဖြစ်သည်ဟု ပြောင်းလဲယူဆရန်မသင့်ကြောင်း** တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

မည်သူ၏ လက်ဝယ်၌ရှိစေကာမူ ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော နွားသားရေဖြစ်ကြောင်း၊ လက်ဝယ်ရှိသူက ပြသနိုင်လျှင် လုံလောက်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဤအခြေအနေတွင် မူလရုံးက အမဲလိုင်စင်ရသူ ဦးတိုက်စိုး၏ သားသတ်ရုံ၌ အလုပ်လုပ်သော တူတော်စပ်သူလည်းဖြစ်သည့်အပြင် ငွေသွင်း၊ ငွေထုတ်လုပ်ငန်းများကိုပင် လွှဲအပ်ခြင်းခံရသူ မောင်ကျော်ညွန့်၏လက်ဝယ်၌ တွေ့ရသောနွားသားရေများသည် ဦးတိုက်စိုး၏ နွားသားရေများသာဖြစ်သည်ဟုဆုံးဖြတ်၍ အမှုမှအပြီးအပြတ်လွှတ်ခြင်းသည် အကြောင်းခြင်းရာအရသော်လည်းကောင်း ဥပဒေအရသော်လည်းကောင်း မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း စိစစ်သုံးသပ်၍ မူလမြို့နယ်တရားရုံးမှ မောင်ကျော်ညွန့်အား အမှုမှအပြီးအပြတ်လွှတ်သော အမိန့်ကို အတည်ပြု၍ အယူခံကို ပလပ်လိုက်ပါသည်။

ရဲစခန်းများ၊ တရားရုံးများတွင် မစည်ကားအပ်ကြောင်း အများသိပါသည်။ သို့ရာတွင် အထိုက်အလျောက်တော့ စည်ကားနေဆဲဖြစ်ပါသည်။ မစွဲဆိုသင့်၊ မစွဲဆိုထိုက်သောအမှုများ ပေါ်ပေါက်မလာလျှင် အကောင်းဆုံးဖြစ်ပါမည်။ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြဋ္ဌာန်းဥပဒေများ၏ ဆိုလိုရင်းအနှစ်သာရများကို မြင်အောင်ကြည့်၍ ငယ်သောအမှု ပပျောက်ပါစေကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်ကျော်ညွန့်၊ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ်-၃၄၉ ကို ရည်ညွှန်းကိုးကားရေးသားဖော်ပြလိုက်ရပါသည်။

# မကွေးမြို့နယ် ပေပင်စမ်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မကွေး ဧပြီ ၂**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပေပင်စမ်းကျေးရွာတွင် ကျေးရွာနေပြည်သူများ ရာသီမရွေးသောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ၂၀၂၃-၂၀၂၄ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရခွင့်ပြု ရန်ပုံငွေဖြင့် ဆိုလာစနစ်ဖြင့်သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးနှင့်တာဝန်ရှိသူများသည် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ပေပင်စမ်းကျေးရွာ၌ စက်ရေတွင်း တူးဖော်ခြင်း၊ ဆိုလာစနစ်တပ်ဆင်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ပေပင်စမ်းကျေးရွာတွင် သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အကျယ် လေးလက်မ၊ အနက်ပေ ၇၀၀ရှိ စက်ရေတွင်း တစ်တွင်းတူးဖော်ခြင်း၊ စက်ရေတွင်းအား ၅၅၀ ဝပ်ရှိ ဆိုလာ ၁၈ချပ်တပ်ဆင်ခြင်း၊ ရေမြုပ်ပန့်တပ်ဆင်ခြင်းနှင့် ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် မကွေးတိုင်းဒေသကြီးအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆၈ ဒသမ ၀၄ သန်းဖြင့် တင်ဒါအောင်မြင်သော Dears Brain ကုမ္ပဏီက ၂၀၂၃ခုနှစ် ဇွန်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ



အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၂၃၈ အိမ်၊ လူဦးရေ ၉၀၂ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိနေပြီဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်း ဒေသကြီးဦးစီးမှူး ဦးတင့်လွင်ဦးက ပြောပြ၍ သိရသည်။ **ငြိမ်းသူ(လေး)**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၆၄၉၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ထီးချိုင့် ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာ ၆၄၉၂ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာစိုက်ခင်းများ ရိတ်သိမ်းမှုကို ယခုနှစ် ဖေဖော်ဝါရီလ မှစတင်၍ ရိတ်သိမ်းခဲ့ကြရာ ယနေ့ထိ နေကြာ ၆၄၉၂ ကေထိ ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၃၇ ဒသမ ၂၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ထီးချိုင့်မြို့နယ်မှာ နေကြာ ၁၅၃၃၅ ဧက စိုက်ပျိုးထားတယ်။ လက်ရှိအချိန်မှာတော့ ၆၄၉၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နေကြာသီးနှံကို တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမျိုးတွေ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးခဲ့ကြတယ်။ နေကြာကို ဆောင်းရာသီမှာ အဓိကစိုက်ပျိုးကြတာ ဖြစ်ပါတယ်"ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၅၃၃၅ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၁၅၃၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် နေကြာစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ တောင်သူမှ တောင်သူ မျိုးစေ့များဖလှယ်ခြင်း၊ ဝန်ထမ်းများနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် အသိပညာပေးခြင်းများကို အချိန်မှီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ကြောင်ပန်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မင်းဘူး ဇွန် ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ခံကုန်းကျေးရွာအုပ်စု ကြောင်ပန်းကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကြောင်ပန်းကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ကြောင်ပန်းကုန်းကျေးရွာ၌ လမ်းအရှည် ၆၉၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၃ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက ပြောပြ၍ သိရသည်။

**ဇင်မာ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ဓနိချပ်ရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး ဇွန် ၂**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ဓနိချပ်ရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်သည် ဓနိထွက်သောဒေသဖြစ်ပြီး ထွက်ရှိလာသည့်ဓနိများကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလက ဓနိချပ်ရေ ၂၇၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လတွင် ဓနိချပ်ရေ ၄၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်က တောင်သူတွေက စပါးနဲ့ အခြားသီးနှံတွေအပြင် ဓနိကိုလဲ စိုက်ပျိုးလျက်ရှိပါတယ်။ ဓနိစိုက်ပျိုးရေးလုပ်ငန်းကတော့ ဒေသခံတွေအတွက် စီးပွားရေးလုပ်ငန်း တစ်ခုထဲမှာအပါအဝင်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မတ်လထဲမှာ ရန်ကုန်ဈေးကွက်က ဓနိဝယ်ယူမှုအားကောင်းခဲ့ပါတယ်။ ဝယ်ယူမှုအားကောင်းခဲ့တဲ့အတွက် ဒေသခံဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်တွေနဲ့ ဓနိထိုးလုပ်သားတွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိလာပါတယ်"ဟု ဘိုကလေးမြို့နယ် ဓနိရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာခြည်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ဓနိစိုက်ပျိုးရေးလုပ်ငန်းကို ကျေးရွာ ၁၄ ရွာမှ ဒေသခံများက ဓနိများကို အများစု စိုက်ပျိုးထားကြောင်း၊ အဆိုပါ ဓနိချပ်ရေ ၁၀၀ လျှင် ငွေကျပ် ၁၁၀၀၀ ထိဈေးပေါက်နေကြောင်း၊ ထိုသို့ ဓနိချပ်များ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် ဓနိစိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ ဓနိထိုးလုပ်သားများ၊ ဓနိပွဲရုံလုပ်ငန်းရှင်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# နမ့်စန်မြို့နယ် အမှတ်(၅)ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဇွန် ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများတိုးပွားလာကာ ဆင်းရဲမှုနှုန်းလျော့ကျလာစေရန်ရည်ရွယ်၍ အမှတ်(၅)ကျေးရွာတွင် သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့တွင် အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ဇော်မျိုးထွန်းက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ ဒသမ ၄၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အမှတ်(၅)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၉၁ ဦးကို ရန်ပုံငွေကျပ် ၅၄ ဒသမ ၄၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# ခန္တီးမြို့နယ် လိုက်ခေါ်ကျေးရွာ၌ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ခန္တီး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လိုက်ခေါ်ကျေးရွာအုပ်စု လိုက်ခေါ်ကျေးရွာ၌ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရန်ရည်ရွယ်၍ လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇွန် ၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းနှင့် တာဝန်ရှိသူများသည် ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ လိုက်ခေါ်ကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် လက်တူးတွင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

လိုက်ခေါ်ကျေးရွာ၌ အကျယ်လေးပေ၊ အနက်ပေ ၅၀ ရှိ လက်တူးတွင်း တူးဖော်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးမူလခွင့်ပြုရန်ပုံငွေကျပ် ၉၅ သိန်းဖြင့် ခန္တီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရှိ အင်ဂျင်နီယာများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ယခုနှစ် ဇန်နဝါရီလက စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်၍ အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူ ၁၉၅ ဦးအတွက် သန့်ရှင်းသောသောက်သုံးရေများ ဖူလုံစွာရရှိပြီဖြစ်ကြောင်း ခန္တီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်းထံမှ သိရသည်။ **မောင်ရိုင်**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# ပြည်သူများပါဝင်စေ ပြည်သူ့စစ်မှုထမ်းဥပဒေ

စိန်ငွေးလှိုင်(ဟိုပုံးမြေ)

❖ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် သတ်မှတ်ချက်နှင့်အကျုံးဝင်ပြီး ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ ပညာဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခွင့်ရရှိမည်။ လမ်းမှားရောက်နေသည့် အချို့လူငယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပါက အမြင်မှန်ရရှိစေပြီး ဘဝအာမခံချက်ကိုလည်းရရှိစေကာ စစ်ပညာရပ်များနှင့် ကာကွယ်ရေးပညာရပ်များ တတ်မြောက်ခြင်းအားဖြင့် မိမိကိုယ်ကို ယုံကြည်စိတ်၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့်စိတ်၊ ပေါင်းသင်းဆက်ဆံတတ်သည့်စိတ်တို့မှတစ်ဆင့် မိမိလူမျိုးနှင့်မိမိတိုင်းပြည်အပေါ် ချစ်ခင်မြတ်နိုးမှုများဖြစ်ပေါ်လာမည်မှာ အသေအချာပင်ဖြစ်ပေသည်။ ❖

ကဗျာဆရာကြီးဒေါင်းနွယ်ဆွေက စစ်နှင့်ပြည်သူကဗျာတွင် "စစ်ဆိုလျှင်၊ ပြည်သူရင်ဝယ်၊ ပုံတင်လှိုင်းထပ်၊ မုန်တိုင်းခတ်၍၊ ပြေးရပ်မမြင်၊ သေမင်းငင်သည်။ ဒို့လျှင်ငြိမ်းချမ်းရေးကို တောင်းသတည်း"ဟု ရေးစပ်ခဲ့သည်။ မုန်တိုင်းတိုက်ခတ်သဖြင့် လှိုင်းလုံးများကကြီးမားလှသည်။ ထိုအခါ လူတို့သည် သေရမည်ကို စိုးရွံ့သောကြောင့် ပြေးမိပြေးရာသို့ ပြေးနေရသည်။ စစ်ပွဲတစ်ခုဖြစ်ပွားလျှင် ခံစားရမည့်ပုံကို ဥပမာပေး ခိုင်းနှိုင်းထားခြင်းဖြစ်သည်။ ထို့ကြောင့်ပင်လျှင် ငြိမ်းချမ်းမှုကိုတောင်းဆိုနေရခြင်းဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ စစ်ဆိုသည်မှာ "ပြင်းထန်ကျယ်ပြန့်စွာခိုက်ရန်ဖြစ်ပွားခြင်း၊ တစ်ဖက်ရန်သူကိုမိမိလိုအင်ဆန္ဒအတိုင်း လိုက်နာစေရန် အစွမ်းကုန်ကြိုးပမ်းအားထုတ်ခြင်း" စသည်ဖြင့် အမျိုးမျိုးသတ်မှတ်ကြသည်။ မည်သို့ပင်သတ်မှတ်စေကာမူ စစ်ဆိုသည်ကား မကောင်းသည့် အနိဋ္ဌာရုံတစ်ခုပင်ဖြစ်သည်။ စစ်ကြောင့် လူအများသေဆုံးရခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးရခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးသွားခြင်း၊ လူငယ်တို့၏အနာဂတ်ရည်မှန်းချက်ဝေဝါးခြင်း၊ နိုင်ငံ့စီးပွားကိုထိခိုက်ခြင်း စသည်တို့ခံစားရပေမည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ မျက်မှောက်ကာလထိတိုင် စစ်ပွဲများဖြစ်ပွားလျက်ရှိပြီး မငြိမ်းချမ်းသောအခြေအနေများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ ယနေ့ကာလတွင် အချို့သောအဖွဲ့အစည်းများသည် အကြမ်းဖက်လုပ်ရပ်များကိုပါ ပြုမူလာကြသည်။ အကြမ်းဖက်လုပ်ရပ်ဆိုသည်မှာ သာမန်ပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိ ဥပဒေမဲ့တိုက်ခိုက်ခြင်းကိုခေါ်ဆိုသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ပြည့်နှစ်မှစတင်၍ ဒီမိုကရေစီစနစ်ကိုကျင့်သုံးခဲ့သည်။ ထိုစနစ်ကို ကျင့်သုံးရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို အချိန်များစွာယူပြီးရေးဆွဲခဲ့သည်။ ပြည်သူတို့၏သဘောတူညီချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပါအတိုင်း ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းခဲ့ကြသည်မှာ ၁၀ စုနှစ်တစ်ခုထိကြာမြင့်ခဲ့၏။ တတိယအကြိမ် အစိုးရသစ်ပေါ်ထွန်းရေးအတွက် ၂၀၂၀ ပြည့်နှစ်တွင် အထွေထွေရွေးကောက်ပွဲကြီးကိုကျင်းပခဲ့သည်။ ထိုရွေးကောက်ပွဲတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၁ သန်းကျော်တွေ့ရှိခဲ့ရ၏။ NLD အစိုးရအနေဖြင့် မသိကျိုးကျွန်ပြုကာ အများပြည်သူတို့၏ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို ဖျက်ဆီးခဲ့သည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ထိန်းသိမ်းခဲ့ရ၏။ ပြည်ပရောက်အဖွဲ့အစည်းများဖြစ်သည့် CRPH နှင့် NUG တို့သည် နိုင်ငံတော်အုပ်ချုပ်မှုယန္တရားရပ်တန့်အောင် လုပ်ဆောင်ခဲ့ကြသည်။ PDFများကိုမွေးထုတ်ကာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာကြသည်။ အများပြည်သူသွားလာသည့် ကားလမ်းမပေါ်တွင် မိုင်းထောင်ခြင်း၊ ပညာရေးဝန်ထမ်းများကိုလုပ်ကြံခြင်း၊ ဘုရားကျောင်းကန်များကိုဖျက်ဆီးခြင်းနှင့် ရဟန်းများကိုသတ်ဖြတ်ခြင်း စသည့်စက်ဆုပ်ရွံရှာဖွယ်လုပ်ရပ်များကို ပြုမူလာကြသည်။ ပြည်သူတို့မှာလည်း အေးချမ်းစွာနေထိုင်လိုကြသည်။ အကြမ်းဖက်မှုများပပျောက်ရေး၊ နိုင်ငံတော်ကာကွယ်ရေးတို့တွင် ပြည်သူတို့သည် တပ်မတော်နှင့် ပူးပေါင်းကာ ဆောင်ရွက်ရပါမည်။ ထိုသို့ဆောင်ရွက်ရာတွင် ကာကွယ်ရေးစွမ်းအားစုများ ကောင်းမွန်နေစေရန် အလွန်အရေးကြီးသည်။ ကာကွယ်ရေးစွမ်းအားစုများကို မြန်မာ့တပ်မတော်က ဦးဆောင်လျက်ရှိရာ အင်အားတောင့်တင်းနေရမည်မှာ ပကတိအမှန်တရားဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "ပြည်သူ့စစ်မှုထမ်းဥပဒေ"ကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင်စတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ပြည်သူ့စစ်ဆိုသည်မှာ လက်နက်ကိုင်တိုက်ပွဲဝင်သူများဖြစ်ကြပြီး အဖွဲ့အစည်းတစ်ခုခုကိုကိုယ်စားပြုသည်။ ပြည်သူ့စစ်များသည် အစိုးရကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တာဝန်ထမ်းရွက်ပေးကြသည်။ ၎င်းတို့သည် သူပုန်အုပ်စုများကိုတိုက်ခိုက်ပြီး ရာဇဝတ်မှုမြောက်သော လုပ်ရှားမှုများကို ဖမ်းဆီးရာတွင် လွတ်လပ်စွာလှုပ်ရှားကြသည်။ မြန်မာနိုင်ငံတွင် ပြည်သူ့စစ်နှင့်ပတ်သက်၍ အမ်အေဦးမောင်ကြီးက ရဲတပ် (ရဲရင့်သောစစ်တပ်)ကို ၁၉၃၀ ပြည့်နှစ်၌ ပထမဆုံး စတင်ဖွဲ့စည်းခဲ့သည်။ ပြည်သူ့စစ်အဖွဲ့ဝင်များသည် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကတည်းက ပြည်တွင်း၊ ပြည်ပရန်များကို ကာကွယ်ပေးခဲ့ပြီး နိုင်ငံတော်၏လုံခြုံရေးကိစ္စရပ်များတွင် ပါဝင်ထမ်းဆောင်ခဲ့ကြသည်။ ဝန်ကြီးချုပ်ဦးနု လက်ထက်တွင် ပြည်ထောင်စုရဲတပ်ဖွဲ့(အရန်)ကို ဖွဲ့စည်းခွင့်ပြုခဲ့ရာ နောက်ပိုင်းတွင် စစ်ဝန်ထမ်းတပ်ဟုခေါ်ဝေါ်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ်တွင် ချန်ကေရှိတ်၏ကူမင်တန်တပ်များ ကျူးကျော်လာမှုကို ထိန်းချုပ်ရာတွင် ပြည်သူ့စစ်အဖွဲ့များက ပါဝင်ခဲ့၏။ ၁၉၅၃ ခုနှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အစိုးရတာဝန်ရှိသူများက စေတနာ့ဝန်ထမ်းဒေသဆိုင်ရာ ပြည်သူ့စစ်အဖွဲ့များကိုဖွဲ့စည်းခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် တပ်မတော်က အမျိုးသားအစောင့်တပ်ညွှန်ကြားရေးမှူးရုံးကို ဖွဲ့စည်းခဲ့သည်။ ၁၉၆၀ ပြည့်နှစ်၌ ရှမ်းပြည်နယ်မှ တပ်မတော်တပ်မှူးများသည် သူပုန်ထမှုများကို တိုက်ဖျက်ရန်အတွက် ပြည်သူ့စစ်အဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။ ပြည်တွင်းသောင်းကျန်းမှုရန်စွယ်နှင့် ပြည်ပကျူးကျော်မှု ရန်စွယ်များကို နှိမ်နင်းရာတွင် ပြည်သူ့စစ်အဖွဲ့များ၏အခန်းကဏ္ဍမှာ အရေးပါခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် ပြည်သူ့စစ်အဖွဲ့များ၏ပါဝင်မှုသည် ကျယ်ပြန့်လာခဲ့ပြီး တရားဝင်ဖွဲ့စည်းမှုများ လုပ်ဆောင်ခဲ့ကြသည်။ တပ်မတော်တပ်မှူးများကလည်း နယ်မြေအခြေအနေနှင့် လုံခြုံရေးလိုအပ်ချက်အရ ပြည်သူ့စစ်အဖွဲ့အမျိုးမျိုးကို တာဝန်ပေးခန့်အပ်ခဲ့ကြသည်။ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ပြသထားသော စာရင်းဇယားများအရ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း တပ်မတော်နယ်မြေခံတပ်မှူးများက မြို့နယ်ပေါင်း ၂၁၂ မြို့နယ်ရှိ ကျေးရွာပေါင်း ၁၈၃၁ ရွာတွင် ပြည်သူ့စစ်အဖွဲ့များကို ဖွဲ့စည်းပေးခဲ့ရာ အဖွဲ့ဝင် ၆၇၇၁၆ ဦးရှိခဲ့ပြီး လက်နက် ၁၅၂၂၇ လက် တပ်ဆင်ပေးခဲ့ကြောင်း သိရှိရသည်။ ၁၉၇၃ ခုနှစ်တွင် တပ်မတော်က ပြည်သူ့စစ်နှင့်ပြည်သူ့ဆက်ဆံရေးဌာနကိုဖွဲ့စည်းခဲ့သည်။ ၁၉၈၀ ပြည့်နှစ်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဗကပကိုတိုက်ခိုက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ကွတ်ခိုင်မြို့နယ်၌ ကွတ်ခိုင်ရိန်းဂျားပြည်သူ့စစ်အဖွဲ့ကို တပ်မတော်တိုင်းမှူးများ၏ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခဲ့ကြောင်း လေ့လာသိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေသည် ယနေ့ခေတ်တွင် ပြဋ္ဌာန်းခဲ့သောဥပဒေအသစ်မဟုတ်ပေ။ ယခင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ဤဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂၇/ ၂၀၂၄ ဖြင့်အာဏာတည်စေခဲ့သည်။ ထို့နောက် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များကိုလည်းကောင်း အဆင့်ဆင့်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခဲ့သည်။ ထို့မှတစ်ဆင့် ခရိုင်၊ မြို့နယ်အဖွဲ့များကို ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် သက်ဆိုင်ရာဆေးစစ်ဘုတ်အဖွဲ့၏ ကျန်းမာရေးအဆင့်မမီကြောင်းထောက်ခံချက်ရရှိထားသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသူများ၊ အခြားပြုစုစောင့်ရှောက်မည့်သူများမရှိသော မိဘ၊ ဖအိုများကိုပြုစုလုပ်ကျွေးနေသူများ၊ မူးယစ်ဆေးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ၊ ထောင်ဒဏ်ကျခံနေသူများကို ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းမည်ဖြစ်သည်။ သို့သော် ၎င်းတို့သည် သတ်မှတ်ထားသော ပြည်သူ့စစ်မှုထမ်းဆောင်ရန်ကာလကို ပြည့်မီအောင်ပြန်လည်ထမ်းဆောင်ရမည်ဖြစ်သည်။ ထို့အတူ ကိုယ်လက်အင်္ဂါတစ်ခုခုအမြဲတမ်းမသန်စွမ်းသူများ၊ သာသနာ့ဝန်ထမ်းများ၊ အိမ်ထောင်သည်အမျိုးသမီးများ၊ အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူအမျိုးသမီးနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့် ပြုထားသူများသည် စစ်မှုထမ်းဆောင်ခြင်းမှကင်းလွတ်ခွင့်ပြုမည်ဖြစ်သည်။ ဆင့်ခေါ်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူအားလုံးကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ခေါ်ယူမည်မဟုတ်ဘဲ နေရာဒေသအလိုက်၊ လူဦးရေအချိုးအစားအလိုက် ခေါ်ယူသည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်သည်။

စစ်မှုထမ်းရန် အသက်အရွယ်ရောက်ရှိသည့်နိုင်ငံသားတိုင်းကို ၂၄ လထက်မပိုသည့် ကာလအပိုင်းအခြားအတွက် စစ်မှုထမ်းရန်ဆင့်ခေါ်မည်ဖြစ်သည်။ ထိုကာလသည် စစ်ပညာသင်တန်းကာလအပါအဝင်ဖြစ်သည်။ စစ်မှုထမ်းဆောင်ပြီးပါက တာဝန်ကျေလက်မှတ်ထုတ်ပေးမည်ဖြစ်ပြီး လက်ရှိကာလတွင် အမျိုးသမီးများကို စစ်မှုထမ်းရန်မခေါ်သေးပေ။ မြို့နယ်အလိုက် လူဦးရေကိုအခြေခံပြီး လစဉ်ပေးရမည့်အရေအတွက်ကိုသာ မှတ်ပုံတင်လက်မှတ်ထုတ်ပေးမည်ဖြစ်ပြီး ဆေးစစ်ပြီးအောင်မြင်သူများကိုသာ စစ်မှုထမ်းရန်ဖိတ်မှဆင့်ခေါ်စာဖြင့်ပေးပို့မည်ဖြစ်သည်။ ဗဟိုဆင့်ခေါ်စာရရှိသူများကို မြို့နယ်အလိုက်စုစည်းပြီး သက်ဆိုင်ရာလေ့ကျင့်ရေးတပ်များတွင် စစ်ပညာသင်ယူရမည်ဖြစ်သည်။ သင်တန်းတက်ရောက်ပြီးပါက စစ်မှုထမ်းကြရပါမည်။

ပြည်သူ့စစ်မှုထမ်းတစ်ဦးသည် စစ်မှုထမ်းဆောင်နေစဉ်ကာလတွင်း တပ်မတော်တွင်သတ်မှတ်ထားသော အဆင့်အလိုက် လစာနှင့်စရိတ်အတိုင်းခံစားရမည်။ သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိခြင်းများဖြစ်ပေါ်ခဲ့လျှင် တာဝန်ထမ်းခြင်းနှင့်အကျုံးဝင်ပါက တပ်မတော်တွင် သတ်မှတ်ထားသော ခံစားခွင့်ကိုရရှိစေသည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် စစ်မှုထမ်းဆောင်နေသည့်ကာလကို တာဝန်ထမ်းဆောင်ချိန်အဖြစ် သတ်မှတ်ပေးမည်။ အလုပ်သမားတစ်ဦးသည် စစ်မှုထမ်းကာလပြီးဆုံးပါက မူလလုပ်ကိုင်နေသော အလုပ်အကိုင်အတိုင်း အလုပ်ရှင်က ပြန်လည်ခန့်ထားပေးရမည်။ မိမိသဘောအလျောက် တပ်မတော်တွင် အမှုထမ်းလိုပါကသတ်မှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စစ်မှုထမ်းခွင့်ပြုမည်။ ပါရဂူဘွဲ့ရရှိသူများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာဘွဲ့ရရှိသူများနှင့် အခါအားလျော်စွာသတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများကို အရေးပေါ်ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်မည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများကြားတွင် ထင်ကြေးအမျိုးမျိုးပေးကာ ပြောဆိုဝေဖန်လျက်ရှိကြသည်။ မြန်မာ့တပ်မတော်၏ကြိုးပမ်းဆောင်ရွက်ချက်များကို အမြဲတစေဝေဖန်တိုက်ခိုက်လျက်ရှိသည့် ပြည်တွင်း၊ ပြည်ပမှအကြမ်းဖက်အားပေးမီဒီယာများကလည်း ပြည်သူများစိုးရိမ်မှုဖြစ်စေရန် ဝါဒဖြန့်ထုတ်လွှင့်ရေးသားလျက်ရှိရာ နားမယောင်ကြရန်အရေးကြီးလှသည်။ ငြိမ်းချမ်းစွာနေထိုင်လိုသူများ၊ နိုင်ငံချစ်စိတ်ရှိသူများ၊ တပ်မတော်နှင့်လက်တွဲဆောင်ရွက်ကြလိုသူများသည် ပြည်သူ့စစ်မှုထမ်းဥပဒေကို အသိအမှတ်ပြုထောက်ခံလျက်ရှိသည်မှာ အားတက်ဖွယ်ရာဖြစ်ပေသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရာတွင် သတ်မှတ်ချက်နှင့်အကျုံးဝင်ပြီး ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ ပညာဆုံးခန်းတိုင်အောင် ဆက်လက်သင်ကြားခွင့်ရရှိမည်။ လမ်းမှားရောက်နေသည့် အချို့လူငယ်များအနေဖြင့် ပြည်သူ့စစ်မှုထမ်းဆောင်ပါက အမြင်မှန်ရရှိစေပြီး ဘဝအာမခံချက်ကိုလည်းရရှိစေကာ စစ်ပညာရပ်များနှင့် ကာကွယ်ရေး ပညာရပ်များ တတ်မြောက်ခြင်းအားဖြင့် မိမိကိုယ်ကို ယုံကြည်စိတ်၊ အခက်အခဲကိုရင်ဆိုင်ကျော်လွှားနိုင်သည့် စိတ်၊ ပေါင်းသင်းဆက်ဆံတတ်သည့်စိတ်တို့မှတစ်ဆင့် မိမိလူမျိုးနှင့်မိမိတိုင်းပြည်အပေါ် ချစ်ခင်မြတ်နိုးမှုများ ဖြစ်ပေါ်လာမည်မှာ အသေအချာပင်ဖြစ်ပေသည်။

အချုပ်အားဖြင့်ဆိုရလျှင် ပြည်သူ့စစ်ဆိုသည်မှာ မြန်မာနိုင်ငံသမိုင်းတွင် တပ်မတော်နှင့်လက်တွဲကာ နိုင်ငံ့အကျိုးကိုဆောင်ရွက်ခဲ့သော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်သူ့စစ်မှုထမ်းဥပဒေသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း သတ်မှတ်လိုက်ခြင်းသည် ပြည်တွင်း၊ ပြည်ပ အန္တရာယ်ကာကွယ်ရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းမှုရရှိရေးတို့ကို အထောက်အကူပြုစေပါသည်။ ထို့ကြောင့် ပြည်သူတို့ကလည်း စစ်ပညာနှင့် ကာကွယ်ရေးအသိပညာ၊ အတတ်ပညာများကို သင်ယူလေ့လာကြပြီး နိုင်ငံတော်ကာကွယ်ရေးတွင် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ကြရန် ရေးသားတိုက်တွန်းလိုက်ရပါတော့သည်။

**ကိုးကား**

- **ချွန်ချူးစန်နန် ရေးသားသည့် မြန်မာနိုင်ငံမှ ပြည်သူ့စစ်အဖွဲ့များ၊ မူဝါဒရေးရာဆွေးနွေးချက်စာတမ်းငယ်၊ အမှတ် (၁၃)၊ ဇူလိုင်လ၊ ၂၀၁၆၊ အာရှဖောင်ဒေးရှင်းမှ ထုတ်ဝေသည်။**

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# တောင်ကိုရီးယားဆရာဝန်များ၏ ဆန္ဒထုတ်ဖော်မှုအကျပ်အတည်း

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ကို စာရေးသူ ရောက်ခဲ့ဖူးသည်။ နာမည်ကျော်ဂန်နမ်ရပ်ကွက်အနီးရှိ စိန့်မေရီဆေးရုံကြီးတွင် ကင်ဆာရောဂါများနှင့်ပတ်သက်ပြီး လေ့လာရေးအစီအစဉ်တစ်ခုတွင်ပါဝင်ခွင့်ရခဲ့သည်။ တောင်ကိုရီးယားနိုင်ငံက ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံဖြစ်နေပါပြီ။ အာရှကျားလေးကောင်စာရင်းတွင်လည်း တောင်ကိုရီးယားနိုင်ငံပါဝင်သည်။ တောင်ကိုရီးယားနိုင်ငံကိုရောက်ခိုက် အဆင့်မြင့်မားနေသည့်ကျန်းမာရေးစောင့်ရှောက်မှုများကိုလေ့လာခွင့်ရခဲ့သည်။ ဆွေးနွေးခွင့်ရခဲ့သည့် တောင်ကိုရီးယားကင်ဆာဆရာဝန်ကြီးတစ်ဦးက "ကင်ဆာပညာရပ်တွေကဘယ်တော့မှ လေ့လာမှုပြီးမလဲခင်ဗျားတို့သိလား။ဘယ်တော့မှမပြီးဘူး။ အခုအချိန်ထိ ကျွန်တော်ဟာကင်ဆာဘွဲ့လွန်ကျောင်းသားတစ်ယောက်လို့ပဲ ခံယူထားတယ်။အမြဲလေ့လာနေရတာပဲ"ဟု ပြောတာကိုမှတ်မိနေသည်။

၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် တောင်ကိုရီးယားဆရာဝန်များ ဆန္ဒထုတ်ဖော်ကြသည်ဟူသောသတင်းကိုကြားလိုက်ရတော့စိတ်ဝင်စားသွားသည်။ လုပ်ခလစာလည်းကောင်း၊ ခံစားခွင့်များလည်းကောင်းသည့်နိုင်ငံတွင် ဆရာဝန်များ ဘာများမကျေမနပ်ဖြစ်ကြလို့လဲ။ အလုပ်ချိန်တွေများလို့လား၊ လစာတွေလျော့သွားလို့လား စသည်ဖြင့်တွေးမိသည်။ ကြုံဆုံခဲ့ဖူးသည့်မိတ်ဆွေဆရာဝန်များကိုလည်း သတိရမိသည်။

လေ့လာကြည့်လိုက်သောအခါ တောင်ကိုရီးယားဆရာဝန်များ၏ ဆန္ဒထုတ်ဖော်ပွဲများကို ဆရာဝန်ငယ်များက အစပြုခဲ့ကြကြောင်းတွေ့ရသည်။ တောင်ကိုရီးယားနိုင်ငံက ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်လာသည့်အခါ ကလေးမွေးဖွားနှုန်းလျော့ကျပြီး သက်ကြီးရွယ်အိုဦးရေများလာသည်။ တောင်ကိုရီးယားနိုင်ငံသားတို့၏ သက်တမ်းကရှည်လာသည်။ သက်ကြီးရွယ်အိုနိုင်ငံသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလိုအပ်လာမည်။ လူဦးရေ ၅၁ သန်းရှိသည့်တိုင်းပြည်တွင် လူဦးရေတစ်ထောင်အတွက် ဆရာဝန် ၂ ဒသမ ၁ ဦးသာရှိသည်။ ထိုအခြေအနေက ဖွံ့ဖြိုးပြီးနိုင်ငံအနေအထားနှင့်တွက်လျှင် ဆရာဝန်ဦးရေနည်းနေသည့်သဘောဖြစ်သည်။

ထိုသို့သောအခြေအနေမှာ အစိုးရကလိုအပ်နေသည့် ဆရာဝန်အင်အားကိုဖြည့်ဆည်းနိုင်ရန်၊ ဆေးကျောင်းဝင်ခွင့်ရသည့်ဦးရေကိုတိုးမြှင့်နိုင်ရန် စီစဉ်သည်။ ၂၀၃၅ ခုနှစ်တွင် လိုအပ်နေသည့်ဆရာဝန်ဦးရေ တစ်သောင်းခွဲအင်အားပြည့်မီနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ တောင်ကိုရီးယားဆရာဝန်ငယ်များ၏ သဘောထားက ဆေးကျောင်းသားဦးရေတိုးခေါ်လိုက်ရုံနှင့် လိုအပ်နေသည့်ကျန်းမာရေးစောင့်ရှောက်မှုများ ပြည့်မီလာမည်မဟုတ်။ ဆရာဝန်အသစ်များက လစာကောင်းသည့်အလှအပပြုပြင်ရေးနှင့်အရေပြားရောဂါကုသရေးများတွင်သာ ဝင်ရောက်ဆောင်ရွက်ကြလိမ့်မည်။ လူဦးရေထူထပ်သည့် ဆိုးလ်မြို့ဝန်းကျင်တစ်ဝိုက်တွင်သာအခြေပြုကြမည်။ ထို့ကြောင့် ဆရာဝန်ဦးရေများလာရုံနှင့် ကျန်းမာရေးစောင့်ရှောက်မှုပြဿနာများပြေလည်သွားမည်မဟုတ်ဟု ထောက်ပြကြခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာ အစပျိုးခဲ့သည့် ဆရာဝန်ငယ်များ၏ဆန္ဒထုတ်ဖော်မှုရက် တာရှည်လာသည်နှင့်အမျှ တောင်ကိုရီးယားနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကမောက်ကမဖြစ်လာသည်။ အစိုးရဘက်မှရော၊ ဆရာဝန်များဘက်ကပါ အလျှော့ပေးမည့်အလားအလာမရှိ။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့မှစပြီး တောင်ကိုရီးယားဆေးရုံ ၁၀၀ ကျော်မှ ဆရာဝန်ငယ်နှင့် ဘွဲ့လွန်သင်တန်းသား ၁၂၀၀၀ ခန့်မှာ တာဝန်ကျရာနေရာသို့ မလာရောက်ကြတော့ပေ။

အကျိုးဆက်အားဖြင့် တောင်ကိုရီးယားဆေးရုံများတွင် ခွဲစိတ်မှုနှင့် အရေးပေါ်ကုသမှုများကိုရပ်ဆိုင်းထားရသည်။ လက်ရှိတောင်ကိုရီးယားသမ္မတ ရွှေရိုးစွဲကွန်ဆာဗေးတစ် "ယွန်"က လာမည့် ပါလီမန်ရွေးကောက်ပွဲများမတိုင်မီ ပြုပြင်ပြောင်းလဲမှုများပြုလုပ်ပေးမည်ဟု ပြောဆိုထားသည်။ ထိုပြုပြင်ပြောင်းလဲမှုအစီအမံများထဲတွင် လူကြိုက်နည်းသည့်ကလေးကျန်းမာရေးပညာ၊ သားဖွားမီးယပ်ပညာနှင့်အရေးပေါ်ဆေးပညာဘာသာရပ်များမှ အထူးကုဆရာဝန်များအတွက် လစာခံစားခွင့်များတိုးမြှင့်ပေးမည့်အစီအစဉ်များပါသည့်အပြင် ကျေးလက်ဒေသကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်မည့်အစီအစဉ်များလည်းပါသည်။

ဆန္ဒထုတ်ဖော်ဆရာဝန်ငယ်များ၏ ဆန္ဒထုတ်ဖော်မှုနောက်ခံအကြောင်းရင်းများထဲတွင် အလုပ်ချိန်ကြာမြင့်ခြင်းဆိုသည့် အချက်တစ်ချက်လည်းပါသည်။ ထိုအချက်ကိုလည်း ပြန်လည်သုံးသပ်စဉ်းစားပြီးဖြေလျှော့ပေးမည်ဟု သမ္မတကဆိုထားသည်။

ဆန္ဒထုတ်ဖော်ကြသည့် တောင်ကိုရီးယားဆရာဝန်ငယ်များ၏ အရေအတွက်အတိအကျမှာ ၁၁၉၉၄ ဦးဖြစ်သည်။ ထိုအင်အားက ဘွဲ့လွန်သင်တန်းတက်ရောက်နေပြီး ဆေးရုံတာဝန်ကို အောက်ခြေသိမ်းဆောင်ရွက်ပေးနေကြသည့် ဆရာဝန်အင်အားစု၏ ၉၃ ရာခိုင်နှုန်းဖြစ်သည်။ ထိုအင်အားစုကြီးက သပိတ်ကို ပြန်လှန်ရန်လက်မခံကြသေးပါ။ တောင်ကိုရီးယားနိုင်ငံမှာ တစ်နှစ်လျှင် ဆေးကျောင်းဝင်ခွင့် ၃၀၅၈ ဦးဖြစ်သည်။ အစိုးရက၂၀၂၅ ခုနှစ်မှစတင်၍ ထိုအရေအတွက်ကို ဦးရေ ၂၀၀၀ ထိ ထပ်ဆောင်းလက်ခံရန်စီစဉ်နေသည်။ ထိုအရာကို ဆရာဝန်ငယ်များက လက်မခံနိုင်ကြ။ ထိုသို့ ဆေးကျောင်းသားများများလာလျှင် အရည်အသွေးမမီခြင်းများပေါ်လာမည်၊ ဆေးပညာသင်ကြားရေးအရည်အသွေးလည်းကျဆင်းသွားမည်၊ ပြည်သူပြည်သားများအဖို့လည်း ဆေးကုသမှု ကုန်ကျစရိတ်များပိုများလာနိုင်သည်ဟု ထောက်ပြကြသည်။ အစိုးရဘက်က ညှိနှိုင်းဖြေလျှော့ပေးနေသည့်အစီအမံများကို လက်မခံနိုင်ကြသေးဘဲဖြစ်နေသည်။

အစိုးရနှင့်ဆရာဝန်ငယ်များကြား တင်းမာမှုက ၂၀၂၄ ခုနှစ် မတ်လအတွင်းမှာ ပိုမိုပြင်းထန်လာသည်။ အစိုးရကလုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရန် အကြိမ်ကြိမ်ခေါ်ယူနေသည့်တိုင်အောင် ဆရာဝန်များဘက်က ပြန်လည်ဝင်ရောက်လာခြင်းမရှိ။ ၂၀၂၄ ခုနှစ်မတ် ၄ ရက်နေ့တွင် အစိုးရက ဆန္ဒထုတ်ဖော်နေသည့်ဆရာဝန်ငယ် ၅၅၅၆ ဦးထံသို့ အလုပ်ပြန်မဝင်ပါက ဆေးကုသခွင့်လိုင်စင်ခေတ္တပိတ်သိမ်းတော့မည်ဟု သတိပေးစာများထုတ်ပြန်လိုက်သည်။ တောင်ကိုရီးယားကျန်းမာရေးဝန်ကြီး၏ ရေဒီယိုအင်တာဗျူးတစ်ခုမှပြောကြားချက်တွင် ဆေးကုသခွင့်လိုင်စင်မပိတ်သိမ်းမီ အချိန်မီပြန်လာသည့်ဆရာဝန်များကို အထူးသက်ညှာခွင့်ပေးမည်ဟုဆိုသည်။

ဆရာဝန်ငယ်များကိုစွမပြီးမီ ဆရာဝန်ကြီးများဘက်ကလည်း ထုတ်ပြန်ချက်များထွက်လာသည်။ ဆိုးလ်မြို့ အမျိုးသားတက္ကသိုလ်ဆေးရုံအပါအဝင် အထင်ကရဆေးရုံကြီးသုံးရုံမှ ဆရာဝန်ကြီးများစုစည်းပြီး ၂၀၂၄ ခုနှစ်မတ် ၁၈ ရက်နေ့မတိုင်မီ အစိုးရနှင့်ဆရာဝန်ငယ်များကြား ပြဿနာကိုမဖြေရှင်းနိုင်ပါက ၎င်းတို့ပါ အလုပ်ထွက်စာတင်တော့မည်ဟု ကြေညာလာခြင်းဖြစ်သည်။ ထို့မှမက တောင်ကိုရီးယားဆေးတက္ကသိုလ် ၁၉ ခုမှ ပါမောက္ခကြီးများပါဝင်သည့်ကော်မတီတစ်ခုကလည်း အလုပ်မှထွက်စာတင်ရန်တိုင်ပင်ဆွေးနွေးနေကြောင်း အသံထွက်လာသည်။

၎င်းအခြေအနေများအားလုံးက သမ္မတ "ယွန်"အတွက် ဖိအားများဖြစ်သည်။ ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်တွင် လွှတ်တော်ရွေးကောက်ပွဲရှိနေသည်။ "ယွန်"၏ ပြည်သူ့အင်အားပါတီက အတိုက်အခံပါတီဝင်အများစုနေရာယူထားသည့်လွှတ်တော်နေရာများကို အနိုင်ယူရန်လုံးပန်းနေကြသည်။ ဆရာဝန်များဘက်မှ တောင်းဆိုချက်များက နိုင်ငံရေးထိုးနှက်ရန်ရည်ရွယ်ခြင်းမဟုတ်။ ပါမောက္ခကြီးများစိုးရိမ်သည်က ဆန္ဒထုတ်ဖော်မှုကာလတာရှည်လာသည်နှင့်အမျှ ဘွဲ့လွန်သင်တန်းသားဆရာဝန်များ၏ အရည်အသွေးများနိမ့်ကျလာမည်၊ အမှတ်များနည်းလာမည် ဆိုသည့် အချက်များသာဖြစ်သည်။

တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီး "ချို"က ပါမောက္ခဆရာကြီးများက တပည့်ဆရာဝန်ငယ်များကိုထိန်းပေးရန်တိုက်တွန်းသည်။ ဆရာဝန်များဆက်လက်ဆန္ဒထုတ်ဖော်နေမည်ဆိုလျှင် လူနာများ၏အသက်နှင့်ဘဝအတွက် ခြိမ်းခြောက်မှုဖြစ်လာမည်ဟုသတိပေးသည်။ တောင်ကိုရီးယား ဆေးပညာပါမောက္ခများအသင်းကြီးက ဆရာဝန်ကြီးများအနေဖြင့် လစ်လပ်နေသည့်ဆရာဝန်ငယ်များ၏လုပ်အားကို ဖြည့်ဆည်းထမ်းဆောင်နေရသည်မှာ အချိန်ကာလတစ်ခုကြာမြင့်လာပြီ။ မကြာမီ အားလုံးဖရိုဖရဲဖြစ်လာနိုင်သည်ဟု ထောက်ပြသည်။

အစိုးရဘက်မှကုစားချက်များက ဆေးရုံ၊ ဆေးခန်းလူနာကြည့်ချိန်များကို တိုးမြှင့်လိုက်သည်၊ တပ်မတော်သားဆရာဝန်များနှင့် အားဖြည့်တာဝန်ထမ်းဆောင်စေသည်၊ လုပ်ငန်းခွင်သို့ပြန်လည်ဝင်ရောက်လိုကြသည့်ဆရာဝန်ငယ်များအတွက် တိတ်တဆိတ်ဆက်သွယ်နိုင်မည့်ဖုန်းနံပါတ်များ ထုတ်ပြန်ကြေညာထားသည်။ ၎င်းတို့ဆီတွင်လည်း ဆန္ဒထုတ်ဖော်မှုကိုစွန့်လွှတ်ပြီး အလုပ်ပြန်ဝင်ကြသူများကို ဝိုင်းပြီးဖိအားပေးဒဏ်ခတ်ကြခြင်းမျိုးရှိသည့်အတွက်ဖြစ်သည်။

လူနာများက လတ်တလောကာလတွင် စစ်ဆေးကုသမှုခံယူရန် အချိန်ကြာကြာစောင့်ဆိုင်းနေကြရသည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ မတ် ၁၁ ရက်အတွင်း ကုသမှုအားနည်းဖြစ်စဉ် ၄၇၂ မှု ဖြစ်ခဲ့ပြီး ၎င်းတို့အထဲတွင် အချိန်ကိုနောက်ရွှေ့ပြီး ပြောင်းလဲလိုက်ရသည့် ခွဲစိတ်ကုသမှု ၃၀၀ ကျော်ပါဝင်သည်။

ဆရာဝန် ဦးရေ ၁၄၀၀၀၀ ကျော်ဖြင့်ဖွဲ့စည်းထားသည့် တောင်ကိုရီးယားဆရာဝန်များအသင်းက ဆရာဝန်များ ဆန္ဒထုတ်ဖော်မှုကိုထောက်ခံသည်။ သို့သော် အသင်းကိုယ်စားပြု ဆန္ဒထုတ်ဖော်ဆရာဝန်များစေလွှတ်ရန်ကို မဆုံးဖြတ်ရသေးဟုဆိုသည်။ တောင်ကိုရီးယားနိုင်ငံသားများဘက်က အစိုးရ၏ဆရာဝန်များတိုးခေါ်ရေးအစီအစဉ်ကိုထောက်ခံသည်။ တစ်ဖက်ကလည်း ဆန္ဒထုတ်ဖော်မှုများကို မြန်မြန်ပြီးစေချင်သည်။ မကြာသေးမီက ပြုလုပ်သည့်စစ်တမ်းတစ်ခုတွင် ဖြေဆိုသူများ၏ ၈၄ ရာခိုင်နှုန်းက လစ်လပ်သွားသည့်ဆရာဝန်များနေရာတွင် အငှားဆရာဝန်များဖြင့် အစားထိုးပေးစေလိုပြီး ဖြေဆိုသူများ၏ ၄၃ ရာခိုင်နှုန်းက ဆန္ဒထုတ်ဖော်ဆရာဝန်များကို ထိထိမိမိအရေးယူပေးစေလိုကြသည်။

အချုပ်အားဖြင့်ဆိုရသော် တောင်ကိုရီးယားနိုင်ငံအဖို့ ငွေကြေးကြွယ်ဝလာသည်နှင့်အမျှ လူ့သက်တမ်းရှည်လာသည်။ ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရန် ဆရာဝန်လောင်းများကိုထပ်ခေါ်ရသည်။ တစ်ဖက်တွင်လည်း သားသမီးမယူကြတော့သည့်အတွက် သားဖွားမီးယပ်နှင့်ကလေးအထူးကုဆရာဝန်များပိုရှားလာသည်။ ဝင်ငွေနည်းပါးသည့်အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု ဆရာဝန်များလည်းနည်းလာသည်။ ဆူလွယ်နပ်လွယ်ဝင်ငွေရလွယ်ပြီး ပညာသင်ယူရမှုကာလတိုတောင်းသည့် အလှအပရေးရာ အထူးပြုလိုင်းများသို့ဝင်ရောက်သည့်ဆရာဝန်များ များပြားလာသည်။

အစိုးရဘက်က ဆေးကျောင်းသားဦးရေထပ်ဆောင်းခေါ်ခြင်းသည် အထက်ပါပြဿနာများကိုကျေလည်နိုင်ဖွယ်မရှိဟု ဆရာဝန်ငယ်များကထောက်ပြသည်။ လက်ရှိ ရှိနေသောပုံမှန်ဆရာဝန်များ၏ လုပ်ခလစာနှင့် အလုပ်ချိန်ကို အရင်ထိန်းညှိပေးရန်တောင်းဆိုသည်။ ဆန္ဒထုတ်ဖော်မှုတွင်ပါဝင်ခြင်းမရှိသည့်ဆရာဝန်ကြီးများကလည်း အလုပ်မဆင်းသည့်ဆရာဝန်ငယ်များနေရာသို့ ဝင်ရောက်အစားထိုးပေးနေရသဖြင့် ပင်ပန်းနေကြပြီ။ သည်ပြဿနာအမြန်ဆုံးမဖြေရှင်းနိုင်ပါက အလုပ်ထွက်ကြတော့မည်ဟု ဖိအားပေးလာကြသည်။ ကျန်းမာရေးမူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအရွေ့တစ်ခုတွင် ဖြစ်ပေါ်တတ်သည့်အာဏာပိုင်နှင့် ကျန်းမာရေးဝန်ထမ်းများကြားက ပွတ်တိုက်မှုတစ်ခုဖြစ်သည့် တောင်ကိုရီးယားဆရာဝန်ငယ်များ၏ ဆန္ဒထုတ်ဖော်မှုအခြေအနေကို ဆက်လက်စောင့်ကြည့်သွားကြရန်ဖြစ်သည်။

**ကိုးကား**

**– South Korean doctors threaten mass resignation by Justin McCurry from Lancet March 2024**

**ဒေါက်တာလှမ်းမိုးဟန်**







# ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၄၂၆၀ စိုက်ပျိုးပြီးစီး



ကျုံပျော် မေ ၂

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ဧက ၂၄၂၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၃၆၆၅ ဧကကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ဧက ၂၄၂၆၀ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ နွေစပါးများ အခက်အခဲမရှိ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ ဆက်စပ်ဌာနများနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"နွေသီးနှံ စိုက်ပျိုးရာသီမှာ ကျောင်းကုန်းမြို့နယ်အတွင်း စပါး ဧက ၂၄၂၆၀ စိုက်ပျိုးပြီးပါပြီ။ နွေစပါး စိုက်ပျိုးရာသီဖြစ်လို့ စိုက်ပျိုးရေရရှိရေး လုပ်ငန်းတွေကိုလဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ပေးခဲ့လို့လဲ လျာထားချက်တွေအတိုင်း စိုက်ပျိုးနိုင်တာဖြစ်ပါတယ်။ အထွက်နှုန်းကောင်းစေဖို့နည်းစနစ်တွေနဲ့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပြီး စပါးအမျိုးအစားကောင်းတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်" ဟု ကျုံပျော်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်က ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နွေစပါးကို ရက် ၉၀၊ သီးထပ်ရင်၊ ထိုင်းဘေးကျား၊ နှစ်လခွဲ စသည့် စပါးအမျိုးအစားများကို ရွေးချယ်စိုက်ပျိုးထားကြောင်း၊ အဆိုပါ စိုက်ပျိုးထားသည့် နွေစပါးများ အထွက်နှုန်းကောင်းစေရန်၊ ထွက်ရှိလာမည့်စပါးများ အရည်အသွေးကောင်းစေရန်၊ စပါး တစ်ဧကချင်းအလိုက် အထွက်ညီစေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန် စသည့် လုပ်ငန်းကို စိုက်ပျိုးရေးဦးစီးဌာနက ဒေသခံတောင်သူများနှင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလောမြို့နယ် လက်မောင်းကွေးကျေးရွာ၌ မြေသားရေကန်တူးဖော်ပြီးစီးမှု စစ်ဆေး

ကလော မေ ၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်နယ်(မွမ်းမံ) ခွင့်ပြုရန်ပုံငွေဖြင့် ဘောနင်းကျေးရွာအုပ်စု လက်မောင်းကွေးကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာနှင့် အင်ဂျင်နီယာဝန်ထမ်းများက သောက်သုံးရေရရှိရေးအတွက် လက်မောင်းကွေးကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးစားကြရန် ဆွေးနွေးမှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

လက်မောင်းကွေးကျေးရွာ၌ အလျား ပေ ၂၀၀ ၊အနံ ၄၅ ပေ၊ အမြင့် ရှစ်ပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ် (မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၁၁၄ သိန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် လက်မောင်းကွေးကျေးရွာရှိ ကျေးလက်နေ ပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေး ဖူလုံစွာရရှိမည်ဖြစ်ကြောင်း ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်

# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

We Protect The Family




မိသားစု ၁၀ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၇

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၇

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇



**ရွှေလင်းဦး**

**အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေး၏နေရာအသစ်**

အမှတ်(၁၀၃)၊ လမ်း(၃၀)၊ ၇၉ × ၈၀လမ်းကြား၊ မန္တလေးမြို့။
၀၂-၄၀၃၃၂၈၀၊ ၀၂-၄၀၆၄၅၇၃၊ ၀၉-၄၀၂၅၁၁၅၈၅

စာ၊ ပါဆယ်နှင့် ကုန်ပစ္စည်းများကို
ဂိတ်ပိုင် ဦးပီတာကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပါသည်။
ဥက္ကဋ္ဌ-ဦးပီတာ
ဖုန်း-09-2004223, 09-47222224


## အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ်၊ မိုင်းလီ(၁) ရပ်ကွက်နေ ဦးဟိန်းထက်ကျော်-ဒေါ်နှင်းအေးမူ တို့၏သား မောင်မြတ်ဟိန်းသော်ဇင် ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ မောင်မြတ်ဟိန်းသော်ဇေ ဖြစ်ပါကြောင်း။ **မောင်မြတ်ဟိန်းသော်ဇေ**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ပျောက်ဆုံးကြောင်း

ရမည်းသင်းမြို့နယ်၊ လက်ပံတော(ရွှေ)ကျေးရွာနေ မဒွေးဒွေးအောင် (ဘ) ဦးအောင်မြင့် (၉/ရမသ(နိုင်)၁၅၅၃၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-017643) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၆၅၁၇၀၁၂၆**

## ပျောက်ဆုံးကြောင်း

မြစ်သားမြို့နယ်နေ ဒေါ်ခင်အုန်းမြင့် (ဘ) ဦးဘိုတင်(၉/မသန(နိုင်)၀၀၃၅၄၆)၏ နိုင်ငံကူးလက်မှတ်အမှတ် (M-317890) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၈၂၃၀၉၈၈**

## ပျောက်ဆုံးကြောင်း

သာစည်မြို့နယ်နေ ဇင်ကို (ဘ) ဦးဝင်းကို (၉/သစန(နိုင်)၂၀၅၆၁၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MF-656265) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၂၅၈၂၃၀၉၈၈**

## ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်နေ ကိုမင်းဇော်ဦး(ဘ)ဦးသိန်းဝင်း(၉/ခမစ(နိုင်)၀၂၆၈၃၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-148157) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **၀၉-၄၀၂၅၃၆၂၈၄**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊လမ်းဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်ဖြစ်ပါ၍ မြန်မာနိုင်ငံသားတိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် | - | (၁၀-၄-၂၀၂၄)နေ့ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် | - | (၂-၅-၂၀၂၄)နေ့၊ နေ့လည် (၁၂:၀၀)နာရီ |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန် | - | (၂၉-၄-၂၀၂၄) မှ (၃-၅-၂၀၂၄)အထိ (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |
| တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း-၃၀၊ ၇၀×၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးအဖွဲ့**
**၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## ကတ္တရာတင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/အထူးအဖွဲ့များနှင့် ကြီးကြပ်ရေးအဖွဲ့တို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန်လိုအပ်သည့် (၆၀/၇၀) နှင့် (၈၀/၁၀၀)အမျိုးအစားကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်/အချိန် | - | (၈-၄-၂၀၂၄)နေ့ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာအရောင်းပိတ်မည့်ရက်/အချိန် | - | (၂၄-၄-၂၀၂၄)နေ့၊ နေ့လည် (၁၂:၀၀)နာရီ |
| တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်/အချိန် | - | (၂၅-၄-၂၀၂၄) (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |
| တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်း-၃၀၊ ၇၀×၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း- ၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

❖ မိမိတို့တပ်မတော်သည် တိုင်းပြည်၏နေရာဒေသအသီးသီးက တိုင်းရင်းသားပြည်သူများ စုစည်းနေထိုင်တာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မိသားစုစိတ်ဓာတ်မွေးမြူပြီး စည်းလုံးညီညွတ်မှုရှိကြရမည်ဖြစ်ပြီး စုပေါင်းအားသည် ထုကိုရရှိစေပြီး ခိုင်မာမှုကို ပိုမိုရရှိစေ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၈ ရက်တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မကျိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**
(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၄)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြား



**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၄)တွင် အမှာစကားပြောကြားစဉ်။**

**နေပြည်တော် ဧပြီ ၂**

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေး ဗဟိုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် (၃/၂၀၂၄)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ အတွင်းရေးမှူးစစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့်ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌများဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Online မှ တက်ရောက်ကြသည်။ **စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-မန်စီ-ရန်ကုန် Cargo ခရီးစဉ် စတင်ပျံသန်းပြေးဆွဲမည်

**နေပြည်တော် ဧပြီ ၂**

မြန်မာအမျိုးသားလေကြောင်းအနေဖြင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးလေကြောင်းခရီးစဉ်များ(**Cargo Flight**)ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ စတင်ပျံသန်းပြေးဆွဲလျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီ ၃ ရက်မှစ၍ **Boeing 737 - 800** လေယာဉ်ဖြင့် ရန်ကုန်-မန်စီ-ရန်ကုန် **Cargo Flight** ကို အောက်ဖော်ပြပါအချိန်ဇယားအတိုင်း တစ်ပတ်လျှင် နှစ်ရက်တိုးချဲ့ပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

| Date | From - To | Flight No. | Departure ( Local Time ) | Arrival ( Local Time ) |
|---|---|---|---|---|
| 2 Times Per Week ( Wednesday , Sunday ) | Yangon - Mangshi | UB-8101 | 10:20 | 13:40 |
| | Mangshi - Yangon | UB-8102 | 15:00 | 15:20 |



ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်

ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉၂၅၄၇၈၁၀၆၀၊ ၀၉၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ
ဥသဘိသူ Online Easy Ticket, Go - Auto Ticket

ရန်ကုန် — နေပြည်တော်
— တောင်ကြီး
— မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
— ကျောက်ပန်းတောင်း - ချောက် - ဆိပ်ဖြူ
— ပုဂံ (ညောင်ဦး) - ပခုက္ကူ
— မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
— မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
— တောင်ငူ - ဆွာ - ရေနီ
— ဥသဘိ



ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု